www.burmeseclassic.com

ဂမ္ဘီရဆန်းကြယ် ပုံးချင်းဝတ္ထု

စိမ်းမြကာန်သာ နှင့် ရွှေရိုးကူ



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
မင်းစက္ကူ- စိမ်းမြကန်သာ ရွှေချိုးကူ
ဇွန်လ ၂၀၁၅ ခုနှစ်၊ ပထမအကြိမ်

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဒေါ်ခင်ချိုချိုမြင့် (ကောင်းဆုအော့ဖ်ဆက်)
အမှတ်(၅၂/ခ)၊ ရွှေယင်းမာလမ်း၊
၁၃-ရပ်ကွက်၊ ရန်ကင်း။

အုပ်ရေ - ၅၀၀
စီစဉ်သူ - ကိုလှနိုင်(မြိတ်)၊ ၀၉-၅၀၃၁၀၃၄

ထုတ်ဝေသူ
ဦးလှနိုင်(မြိတ်စာပေ)
အမှတ်(၆၆)၊ ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
နဂါးစာပေ (မန္တလေး)
ထွန်းဦးစာပေ(မန္တလေး)

၁၉၄၀ နှစ်ဝန်းကျင်ကာလ၊ ဗြိတိသျှနယ်ချဲ့ အုပ်စိုးနေစဉ် အချိန်က ဖြစ်လေ၏။

အပြင်ဘက်တွင် နေ့လယ်ကတည်းက သဲကြီးမဲကြီး ရွာသွန်းနေသော မိုးသည် မစဲနိုင်သေးချေ။ အငြိုးဖြင့် ရွာသွန်းနေသည်လားဟုပင် ထင်ရလေ၏။ ကောင်းကင်တစ်ခွင်တစ်ပြင်လုံး မည်းမှောင်ကာ ရွာသွန်းသောမိုးဖြစ်သဖြင့် ညနေ ငါးနာရီကျော်သွားသည်နှင့် မိုးချုပ်သည့်နယ် ဖြစ်သွားသည်။ ထို့ကြောင့် ကျွန်ုပ်သည် ရေနံဆီမီးအိမ်အား ဆီထပ်ဖြည့်ကာ ထွန်းညှိထားလိုက်လေ၏။ လက်သီးခင်မောင်(ခေါ်) အိုင်အိုခင်မောင်က ပြတင်းပေါက်နားတွင်ရပ်ပြီး မိုးရွာသွန်းနေသည်ကို ကြည့်ရှုနေလေ၏။ ကျွန်ုပ်က သူ့အနီးသို့သွား၍ ရပ်ပြီး လက်သီးခင်မောင်၏ မျက်နှာကိုကြည့်ကာ . . .

www.burmeseclassic.com



"ဘယ်လိုလဲ ကိုခင်မောင်။ မိုးရွာနေတာကို အသေအချာကြည့်ပြီး စိတ်ကူးယဉ်နေတာလား။ ဒါမှမဟုတ် မြို့မှာ ကျန်ခဲ့တဲ့ ငယ်ချစ်ဦးကို သတိရပြီး လွမ်းနေတာများလား"ဟု မေးလိုက်မိလေ၏။ ကျွန်ုပ်၏စကားကြောင့် လက်သီးခင်မောင်က သူ၏ မွေးရာပါ ပါးချိုင့်လေးပေါ်အောင် ပြုံးတုံ့တုံ့ကလေး လုပ်နေရင်းမှ . . .

"ကျုပ်က ဘဝသမားပါ ကိုဘသိန်းရဲ့။ လွမ်းဆွေးစရာ ငယ်ချစ်ဦးလည်း မရှိပါဘူး။ မိုးက နွေခင်းကတည်းက သဲကြီးမဲကြီး ရွာသွန်းနေတာ မဟုတ်လား။ ဒီတော့ ကျုပ်က ပုလိပ်ပီပီ မှုခင်းရှုထောင့်ဘက်က တွေးကြည့်နေတာ။ အခု ရွာသွန်းနေတဲ့မိုးက မိုးမှောင်ကျပြီး ရွာနေတာဆိုတော့ အရပ်ထဲက အိမ်တွေမှာ တစ်အိမ်နဲ့တစ်အိမ် ခေါ်မကြား၊ အော်မကြားနိုင်တဲ့ အခြေအနေမဟုတ်လား။ ဒီအခြေအနေမျိုးမှာ ရာဇဝတ်ကောင်တွေက ကြံစည်အားထုတ်တတ်ကြတယ်"

"ဘယ်လို ကြံစည်အားထုတ်တာမျိုးလဲ ကိုခင်မောင်ရဲ့။ ကျွန်တော် နားလည်သဘောပေါက်အောင် ပြောပြစမ်းပါဦး။ ဉာဏ်မမီဘူးလို့ အပြစ်တင်ရင်လည်း ခံရတော့မှာပဲ"

"ခင်ဗျား ပုလိပ်ပါးမဝသေးတာ ဝမ်းနည်းမိတယ်ဗျာ။ ဒီလို





မိုးမှောင်ကျပြီး မိုးရွာသွန်းနေချိန်မှာ ရာဇဝတ်ကောင်တွေက ဖောက်ထွင်းမှု၊ ဓားပြမှုတွေကို ကျူးလွန်တတ်ကြတယ်။ အိမ်တစ်အိမ်မှာ ဓားပြမှုဖြစ်နေရင် အခြားအိမ်တစ်အိမ်က သိဖို့ဆိုတာ မလွယ်ဘူး။ အော်လို့မကြားနိုင်တာပဲ။ ဒီနှစ် မိုးရာသီကာလ တစ်လျှောက်လုံးမှာ ဒီနေ့ မိုးရွာပုံက ထူးခြားနေတယ်။ ဒီတော့ မနက်ဖြန်ကျရင် ဒီနယ်အတွင်းမှာ ရာဇဝတ်မှုတစ်ခုခုဖြစ်တဲ့သတင်း ကြားရမှာတော့ သေချာတယ်"

"ဟ . . . ကိုခင်မောင်က အတတ်ပြောနေပါလား။ ကျွန်တော်ကတော့ မဖြစ်ပါစေနဲ့လို့ ဆုတောင်းတယ်။ တကယ်ဖြစ်လာတယ်ဆိုရင် ကျွန်တော်တို့ပုလိပ်တွေပဲ အလုပ်ရှုပ်ကုန်တာပဲ"

"ရာဇဝတ်မှုတစ်ခုဖြစ်လာရင် ပုလိပ်တွေကပဲ စုံစမ်းထောက်လှမ်းပြီး ဖမ်းဆီးပေးရတာပဲ မဟုတ်လား။ အခု ခင်ဗျား ပုလိပ်လုပ်နေတာ စုံစမ်းထောက်လှမ်းတာကို ဝါသနာပါလို့ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် ရာဇဝတ်မှုဖြစ်ပွားတိုင်း အရေးပိုင် မစ္စတာ အေးလာစမစ်က ကျွန်တော်တို့ကို တရားခံကို အမြန်ဆုံးဖမ်းမိအောင် မကြိုးစားရကောင်းလားဆိုပြီး ဆူပူကြိမ်းမောင်းနေတာကိုမခံချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်းဟင်း . . . ဒီ အေးလာဆိုတဲ့ အာလေးလေးကောင်က အရေးပိုင်လုပ်နေပေမယ့် ဘာအသုံးကျလို့လဲ။ တရားခံကို အမြန်ဆုံး ဖော်ထုတ်နိုင်းတာက ရာဇဝတ်မှုက တရားခံကို ပုလိပ်တွေက အမြန်ဆုံး ဖော်ထုတ်ပေးတော့ သူက သူ့အထက်က အရာရှိကြီးတွေရဲ့ အရေ အကြိမ်းလွတ်ပြီး မျက်နှာရတာကိုး။ တစ်ခါတစ်ရံမှာ ရာဇဝတ်မှုရဲ့ တရားခံကိုသိပေမယ့် မဖမ်းဘဲ အချိန်အကြာကြီးဆွဲထားတာ အဲဒီ မျက်နှာဖြူအရေးပိုင်ကို အမြင်ကပ်လို့ပဲဗျ"

"တရားခံကို ဖမ်းမမိသေးဘူးလားဆိုပြီး ဆူပူကြိမ်းမောင်းတာကို ကိုခင်မောင်က နားထောင်ကောင်းနေတယ်ထင် တယ်"

"စကားဆိုတာ ပြောချင်သလို ပြောလို့ရတာပဲ။ လေနဲ့ပြောတာကို ဂရုမစိုက်ပါဘူး။ ဒီမျက်နှာဖြူကောင် ဘာမှအသုံးမကျဘူးဆိုတာ ကျုပ်က သိနေတာပဲ"

"အင်း . . . မိုးတောင် အတော်ချုပ်လာပြီ။ ထမင်းစားကြမလား ကိုခင်မောင်"

"စားကြတာပေါ့ဗျာ။ မနက်က ခင်ဗျားချက်တဲ့ ကြက်သားဟင်းက အစပ်အဟပ်တည့်သွားလို့လား မသိဘူး စားလို့ကောင်းလိုက်





တာဗျာ"

"တတ်သလောက် မှတ်သလောက်နဲ့ ချက်ထားတာ။ မနက်က ဈေးထဲကို ကြက်သားသွားဝယ်တာ၊ ကြက်သားရောင်းတဲ့မိန်းမကြီးက ကျွန်တော့်ကို ပုလိပ်မှန်းသိလို့ ပိုက်ဆံမပေးပါနဲ့ ပြောနေတာ။ ကျွန်တော်က ပုလိပ်လုပ်နေပေမယ့် ဖြတ်စားလတ်စားစိတ်ရှိသူမှ မဟုတ်တာ။ မယူချင်ဘူးဆိုပြီး ပိုက်ဆံပေးခဲ့တယ်"

"အဲဒီစိတ်ဓာတ်မျိုးပဲ မွေးရမယ် ကိုဘသိန်း။ သူများဆီက အလကားရတိုင်း ယူတတ်တဲ့ ပုလိပ်တွေထဲမှာ ကျုပ်တို့ မပါဘူး"

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် ညစာ စားသုံးကြလေ၏။ လက်သီးခင်မောင်မှာ အညာသားစစ်စစ်ဖြစ်ပြီး ကျွန်ုပ်မှာ မြည်မြို့သား ဖြစ်သော်လည်း သာယာဝတီ အရေးပိုင်ရုံးတွင် ဆုံတွေ့ကြသော အခါ ခင်မင်သွားကြပြီး အရေးပိုင်ရုံးနှင့် မလှမ်းမကမ်းရှိ အရာရှိငယ်များအတွက် ပေးထားသော နှစ်ထပ်အိမ်ကြီးတွင် အတူတကွ နေထိုင်ကြလေ၏။ ကိုခင်မောင်သည် မဟုတ်မခံစိတ်ရှိသူဖြစ်ပြီး သူ့အထက်မှ အရာရှိ အရေးပိုင် မစ္စတာအေးလာစမစ်ကိုပင် လေးလေးစားစား ဆက်ဆံတတ်သူမဟုတ်ပေ။ သို့သော် မှုခင်းဖြစ်ရပ်တစ်ခု ပေါ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



လာလျှင် စုံစမ်းထောက်လှမ်းပြီး ဖော်ထုတ်ရာတွင် အလွန်တော်သူ တစ်ယောက် ဖြစ်လေ၏။ ကျွန်ုပ်တို့ ဘယ်လိုမှ ဉာဏ်မမီသောကိစ္စများ ကိုပင် လေးနက်စွာ တွေးတောတတ်သူ ဖြစ်လေ၏။ မြန်မာ့ရိုးရာ သိုင်း ပညာကိုလည်း အဘိုးဖြစ်သူထံမှ သင်ယူတတ်မြောက်ထားသူဖြစ်၏။ တစ်ခါက ဖမ်းဆီးလာသော တရားခံတစ်ယောက်က သူ့အား မရှေမင် ပြောဆိုသဖြင့် လက်သီးဖြင့်ထိုးရာ သွားလေးချောင်း ထွက်သွားသော ဖြစ်ရပ်တစ်ခု၊ ကိုခင်မောင် စေခိုင်းထားသော တာဝန်ကို မဆောင်ရွက် ဘဲ ရှာသားများနှင့် အရက်သောက်ပြီး အချိန်ဖြုန်းနေသည့် ပုလိပ်သား တစ်ဦးကို လက်သီးဖြင့်ထိုးရာ သွားသုံးချောင်းထွက်ပြီး ပါးရွဲ့သွားသော ဖြစ်ရပ်တစ်ခုတို့ကြောင့် ပုလိပ်လောကတွင် "လက်သီးခင်မောင်" ဆို သည့် နာမည်ရသွားသည့် အိုင်အိုခင်မောင် ဖြစ်လေ၏။

အပြင်ဘက်တွင် မိုးက သည်းထန်စွာရွာသွန်းနေဆဲ ဖြစ်၏။ ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် ရေနွေးကြမ်းသောက်ရင်း စကားထိုင်ပြောနေမိကြ၏။

"မိုးရွာနေတာကို ကျုပ်က ရပ်ကြည့်နေမိတာနဲ့ ခင်ဗျား ရည်းစားကိုလွမ်းသလား ဘာလားမေးတာနဲ့ ပြောရဦးမယ်။ ဟိုးတစ်နေ့





က ကျုပ် တောင်ဘက်အရပ်ထဲက ကျုပ်မိတ်ဆွေ ကိုစိန်ဖေဆီကို စက်ဘီးနဲ့စီးသွားတာ လမ်းထဲမှာ မိန်းကလေးတစ်ယောက်ကို စက်ဘီး နဲ့တိုက်မိမလို ဖြစ်သွားတယ်။ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်၊ ရုပ်ရည်ကအစ အပြစ်ပြောစရာမရှိတဲ့ မိန်းကလေးဗျာ။ အသက်က အစိတ်သုံးဆယ်ဝန်းကျင်လောက်ပဲရှိဦးမယ် ထင်တယ်။ ကျုပ်က တောင်းပန်တာကို အဲဒီမိန်းကလေးက စက်ဘီးနဲ့တိုက်မိတာမှ မဟုတ် တာ။ ကျွန်မကိုယ်တိုင်ကလည်း ဖြိုသည်ငေးမောလာမိပါတယ်။ တောင်းပန်စရာမလိုပါဘူးလို့ ပြန်ပြောတာများ မွန်ရည်လိုက်တာဗျာ။ စိတ်ဓာတ်နိုင်မာတဲ့ ကျုပ်လိုလူရဲ့စိတ်ထဲမှာတောင် တစ်မျိုးကြီးဖြစ် သွားတယ်။ တခြား ယောက်ျားသားတစ်ယောက်ဆိုရင်တော့ ဘယ်လို ဖြစ်သွားမလဲ မသိဘူး"

"ဟ . . . ငါ့လူကြီးက ဘယ်မိန်းကလေးနဲ့ တွေ့လာတာလဲ မသိဘူး။ ကျွန်တော်တောင် မြင်ဖူးချင်လိုက်တာ"

"စကားအဖြစ် ပြောပြတာပါဗျာ။ ကျုပ်စိတ်ထဲမှာ အစွဲမထား ပါဘူး။ အညာက မိဘနှစ်ပါးရှိနေသမျှ ကာလပတ်လုံး ကျုပ်အိမ် ထောင်မပြုသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုခင်မောင်က ဘယ်တော့မှ အိမ်ထောင်ပြုမှာလဲ"

"မိဘနှစ်ပါး မရှိတော့တဲ့နောက်ပိုင်း ကျုပ်သဘောကျတဲ့ မိန်းကလေးကို တွေ့တဲ့အခါကျရင်တော့ အိမ်ထောင်ပြုဖြစ်လိမ့်မယ် ထင်တယ်"

"အဟင်းဟင်း . . . ကိုခင်မောင်လို လူမျိုးကတော့ ရှားပါတယ် ဗျာ။ တကယ်ပါပဲ"

အိမ်အပြင်ဘက်တွင် မိုးက စဲစပြုလာသည်။

"မိုးတစ်အားရွာထားလို့လား မသိပါဘူး။ အေးစိမ့်စိမ့်နဲ့နော်"

"ထမင်းစားထားတာလဲ များသွားတော့ ဗိုက်က လေးနေပြီ။ မိုးရိပ်လေရိပ်ကြောင့် အေးနေတာကြောင့် အိပ်ချင်နေပြီမဟုတ်လား ကိုဘသိန်း"

"အဟုတ်ပဲဗျို့။ ကိုခင်မောင်ရဲ့ ဗိုက်ထဲမှာ ပုဏ္ဏားလေးရှိနေပြီ ထင်တယ်"

"ဘာပုဏ္ဏားမှ မရှိပါဘူးဗျာ။ ဖြစ်တတ်တဲ့သဘောမျိုးမို့ ပြောနိုင်တာပါ။ ခင်ဗျား အိပ်ချင်အိပ်တော့လေ ကိုဘသိန်း။ မနက်အစောကြီး အိပ်ရာထရမှာတော့ သေချာတယ်ဗျာ။ ခင်မောင့်တွက်ကိန်းက





လွဲခဲ့ပါတယ်။ ကျုပ်ကတော့ ရှားလော့ဟုမ်းရဲ့ စုံထောက်ဝတ္ထုတွေကို ဖတ်ပြီး ပညာရှာလိုက်ဦးမယ်"

"မရတော့ဘူး မျက်ခွံတွေလေးလာပြီ"

"အေးပါဗျာ။ ခင်ဗျားကို ကျုပ် အိပ်ခွင့်ပေးပါတယ်"

ကျွန်ုပ်သည် အိပ်ရာထဲသို့ ဝင်လာခဲ့လေ၏။ လက်သီးခင်မောင်သည် အအိပ်အနေလည်း အလွန်နည်းပါးသူ ဖြစ်လေ၏။ ညဘက်အချိန်များတွင် စာဖတ်သောအလေ့အကျင့်ရှိလေ၏။ တစ်ခါတစ်ရံတွင် တရားခံ မဖော်ထုတ်နိုင်သေးသောအမှုများကို ထိုင်၍ စဉ်းစားနေတတ်လေ၏။ တစ်ညလုံး မအိပ်ဘဲလည်း နေနိုင်သူဖြစ်လေ၏။ ကျွန်ုပ်သည် သစ်ပင်ပေါ်မှတစ်ဆင့် ခေါင်မိုးပေါ်သို့ တစ်စက်ချင်း ကျနေသော မိုးပေါက်သံများကို နားထောင်ရင်း အိပ်ပျော်သွားလေ၏။

"အိုင်အိုခင်မောင် အိုင်အို"

အိမ်ရှေ့မှ ခေါ်နေသည့်အသံကြောင့် ကျွန်ုပ်သည် အိပ်ပျော်နေရာမှ လန့်နိုးသွားရလေ၏။ အိမ်အပြင်ဘက်တွင် မှောင်မည်းနေဆဲရှိသည်ကို မှန်ပြတင်းပေါက်များကို လှမ်းကြည့်ပြီး သိလိုက်ရသည်။

"ဟေ့ . . . ပုလိပ်သား ဘာလဲကွ။ မိုးတောင်မလင်းသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိုင်အိုကို အရေးပိုင်မင်းက အခေါ်ဆင့်လိုက်ပါတယ်။ သူ့ရုံးခန်းကို ချက်ချင်းလာဖို့ ခေါ်ခိုင်းလိုက်တာပါ"

"ငါက သူ့ဆီကို ချက်ချင်းလာရအောင် ဘာကိစ္စတွေ အရေးကြီးနေလို့လဲ"

"မနေ့ညနေက ရွှေဆယ်မြို့အရှေ့ဘက် ပန်းဆွဲရွာမှာ ဓားပြမှုဖြစ်ပြီး မိန်းကလေးတစ်ယောက် အသတ်ခံရတယ်"

"အေး . . . ငါသိချင်တာ အဲဒါပဲ။ မင်းသွားလို့ရပြီ ပုလိပ်သား"

ကျွန်ုပ်သည် အိပ်ရာထဲမှ အိပ်ချင်မူးတူးနှင့် ထွက်လာခဲ့လေ၏။

"ကျုပ်မပြောဘူးလား ကိုဘသိန်း။ မနေ့ညနေက ပန်းဆွဲရွာမှာ ရာဇဝတ်မှုဖြစ်သွားလို့ အရေးပိုင်က ကျုပ်ကို ခေါ်ခိုင်းလိုက်တာ။ အရေးပိုင်ရုံးမှာ ကျုပ်တို့နဲ့ ရာထူးတူတဲ့အိုင်အိုတွေ အများကြီးရှိတာပဲ။ ကဲ . . . မျက်နှာသစ်ပြီးတာနဲ့ သွားကြရအောင်"

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် အိမ်တံခါးကို သော့ခတ်ပြီး အရေးပိုင်ရုံးသို့ လာခဲ့ကြလေ၏။ ကျွန်ုပ်က အရေးပိုင်ရုံးခန်းထဲသို့ ဝင်မိသည်နှင့် အရေးပိုင်ကို အရိုအသေပေးကာ ရပ်နေ၏။ လက်





သီးခင်မောင်က အရေးပိုင်ကို မည်သို့မျှ ဂရုမစိုက်သည့်အသွင်ဖြင့် နေလေ၏။ အရေးပိုင်၏ရုံးခန်းထဲတွင် အိုင်ပီမြင့်သောင်း၊ အိုင်ပီဆွေဝင်း၊ အိုင်အိုကျော်တင့်၊ အိုင်အိုဌေးဝင်း၊ အိုင်အိုစိုးခင်တို့လည်း ရောက်နှင့်နေကြပြီ ဖြစ်လေ၏။

"မောင်းမင်းတို့ မနေ့ညနေက ပန်းဆွဲရွာမှာ ဓားပြမှုတစ်ခု ဖြစ်သွားတယ်။ ဓားပြတွေက ပစ္စည်းတွေကို ယူသွားရုံတင်မကဘူး။ မိန်းကလေးတစ်ယောက်ကို သတ်သွားတယ်လို့ အဲဒီရွာက လူတွေက ကျွန်ုပ်ကို လာတိုင်တယ်။ အဲဒါ မောင်မင်းတို့ သွားရောက်စစ်ဆေးပြီး တရားခံကို အမြန်ဆုံးပေါ်ပေါက်အောင် ဖော်ထုတ်ကြပါ။ ကျုပ်ပိုင်ဆိုင်တဲ့ နယ်မြေအတွင်းမှာ ဒီလိုရာဇဝတ်မှုဖြစ်တာဟာ ကျုပ်ကို မခန့်လေးစားပြုရာရောက်တယ်"

"မှန်ပါသခင်။ တရားခံကို အမြန်ဆုံးပေါ်ပေါက်အောင် ကျွန်တော်မျိုး ကြိုးစားဆောင်ရွက်ပါ့မယ် စိတ်ချပါ"

အိုင်ပီဆွေဝင်းက ကိုယ်ကို ရှေ့သို့ကိုင်းညွှတ်ကာ ပြောလေ၏။ လက်သီးခင်မောင်၏ မျက်နှာကပြုံးနေလေ၏။

"အရေးပိုင် ဓားပြတွေကို အိုင်ပီဆွေဝင်းက ကြိုးစား ဖော်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဖမ်းဆီးပေးမယ်ဆိုတော့ ကျုပ် လိုက်စရာမလိုဘူးပေါ့"

"အိုး . . . နီး . . . နီး အခင်းဖြစ်ရပ်ကို လူကလေးခင်မောင် လိုက်သွားပါ။ သင်တို့ ပုလိပ်အားလုံးဟာ ကျွန်ုပ်တို့ အစိုးရရဲ့ပုလိပ်အဖွဲ့မှာ တာဝန်ထမ်းနေကြတာဆိုတော့ အားလုံးမှာ တာဝန်ရှိပါတယ်"

"မဟုတ်သေးဘူးလေ အရေးပိုင်ရဲ့။ အိုင်ပီဆွေဝင်းက တာဝန်ယူဆောင်ရွက်ပါ့မယ်လို့ ပြောထားတာပဲ။ ကျုပ်တို့က ဘာလုပ်စရာရှိသလဲ။ လူပိုတွေဖြစ်နေတာပေါ့။ မဟုတ်ဘူးလား။ အသေအချာစဉ်းစားပါဦး"

"ကျွန်ုပ်က အားလုံးကိုတာဝန်ပေးတာ။ သင်စကားတတ်တိုင်း ပြောမနေပါနဲ့ လူကလေးခင်မောင်။ ဓားပြတွေက ဟိုးအဝေးကြီးကို ပြေးသွားလို့ ဖမ်းမမိဘဲဖြစ်နေပါ့မယ်။ အချိန်ကို ဆွဲမထားပါနဲ့။ အခု ချက်ချင်းသွားပါ"

လက်သီးခင်မောင်သည် အရေးပိုင်၏အခန်းထဲမှ အလျင်ဦးဆုံး ထွက်သွားလေသည်။ ကျွန်ုပ်အပါအဝင် ကျန်သည့် အိုပီ၊အိုင်အိုများက အရေးပိုင်အား အရိုအသေပေးပြီးမှ အခန်းထဲမှ ထွက်ခဲ့ကြလေ၏။ အရေးပိုင်၏ရုံးရှေ့တွင် ဘောက်ဆက်ဝွန် ကားနှစ်စီးကို ရပ်တန့်





ထားလေ၏။ အိုင်ပီဆွေဝင်းက ရှေ့ဆုံးမှ ကားတွင်ဝင်ထိုင်ပြီး ကားကို စက်နှိုးလေ၏။ သူမောင်းသည့်ကားပေါ်သို့ အိုင်ပီမြင့်သောင်း၊ အိုင်အိုကျော်တင့်၊ အိုင်အိုစိုးခင်တို့က ဝင်၍ထိုင်ကြ၏။ လက်သီးခင်မောင်က နောက်မှ ကားထဲသို့ဝင်ထိုင်ပြီး စက်နှိုးလေ၏။ ကျွန်ုပ်က လက်သီးခင်မောင်၏ဘေးတွင် ဝင်၍ထိုင်၏။ အိုင်အိုဒွေးဝင်းက နောက်ခန်းထဲတွင် ဝင်၍ထိုင်ဇလေ၏။ အိုင်ပီဆွေဝင်းက ကားကို ရှေ့ဆုံးမှ မောင်းထွက်သွားလေ၏။

"အိုင်ပီဆွေဝင်းဆိုတဲ့ လူဗျာ။ ဘာမှလည်း အသုံးမကျဘဲနဲ့။ အရေးပိုင်ကို မျက်နှာလိုမျက်နှာရနဲ့ တရားခံတွေကို သူကိုယ်တိုင်ဖမ်းဆီးဖော်ထုတ်ပေးမယ်လေးဘာလေး ပြောသွားတယ်။ မနေ့က တစ်ညလုံး မိုးတွေမည်းမှောင်ပြီး ရွာသွန်းနေတဲ့အချိန်မှာ ရာဇဝတ်မှုကဖြစ်သွားတာ။ တောရွာဆိုတော့ တစ်အိမ်နဲ့တစ်အိမ်က အတော်လှမ်းတယ်။ မိုးမှောင်ကျပြီး ရွာသွန်းတာဆိုတော့ တစ်နေရာနဲ့တစ်နေရာ ခေါ်မကြား၊ အော်မကြားနဲ့။ ရာဇဝတ်မှုဖြစ်သွားတာကို မိုးချုပ်မှ ရွာထဲက လူတွေသိကြတာလို့ ဆိုတယ်။ အဲဒီရွာက လူတွေက အရေးပိုင်ကို လာတိုင်တော့ ကျွန်တော်က အခန်းအပြင်မှ ရှိနေလို့ကြားရတာ ကို



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်"

အိုင်အိုဒွေးဝင်းက အိုင်ပီဆွေဝင်းကို မကျေနပ်ဖြင့် ပြောသည်။

"သူ့ပုံစံကတော့ တကယ့်လူစွမ်းကောင်းကြီးပဲ။ အခုလည်း ပန်းဆွဲရွာကို သူတို့အုပ်စု အမြန်ရောက်အောင် ကားကို အမြန်နှုန်းတင်ပြီး မောင်းသွားတာကြည့်ပါလား။ ဟိုရောက်ရင် သူပဲသိသည်၊ သူပဲ တတ်သလို ပုံစံမျိုးနဲ့ ရွာသားတွေကို မေးလာစမ်းလားလုပ်မယ်။ သူ မသင်္ကာတဲ့ ရွာသားတွေကို ဖမ်းဆီးလာပြီး ရိုက်နှက်နှိပ်စက်ပြီး စစ်ဆေးဦးမယ်"

"သူက ကိုလိုနီခေတ် ပုလိပ်ပီသအောင်လုပ်နေတဲ့ သူပဲဗျာ။ မပြည့်တဲ့အိုး ဘောင်ဘင်ခတ်ဆိုသလို ယောက်ယက်ခတ်တာ မဆန်းပါဘူး။ သူက ရှေ့ကပြေးနေလည်း နောက်မှာကျန်ခဲ့မယ့်သူဆိုတော့ သူ့ကို ကျုပ်မပြည့်တဲ့သူလို့သာ သဘောထားလိုက်စမ်းပါဗျာ။ ဒီလူ ပန်းဆွဲရွာကို ဘယ်နှစ်ခါ ရောက်ဖူးလို့လဲ။ ပန်းဆွဲရွာသွားတဲ့လမ်းဟာ မိုးတွင်းဆိုရင် နွားလှည်းတွေကြောင့် လမ်းချိုင့်ကြီးတွေဖြစ်နေတာ သူမှ မသိဘဲ။ ကားကို တောင်ပန်းဆွဲရွာအထိ မောင်းလို့ရချင်မှရမယ်၊





တောင်ပန်းဆွဲရွာရောက်ရင်တော့ ကံကောင်းတာပေါ့ဗျာ။ လမ်းမှာ ဗွက်အိုင်ကြီးတွေရှိနေရင်တော့ ကားကိုရပ်ထားခဲ့ပြီး ခြေလျင်ခရီးနှင်ရမှာနော်"

လက်သီးခင်မောင်သည် ကားကို မှန်မှန်ကလေး မောင်းနှင်နေလေ၏။ ရွှေဆယ် ဈေးထဲသို့ရောက်လျှင် ကားကို လမ်းဘေးတွင် ရပ်တန့်လိုက်လေ၏။

"ဘာလုပ်ဦးမလို့လဲ ကိုခင်မောင်"

"ဒီမနက် ကျုပ်တို့သုံးယောက် မနက်စာ မစားရသေးဘူး မဟုတ်လား။ ဈေးထဲက "ဦးဖိုးသူမုန့်ဟင်းခါး"စားပြီး ဈေးလမ်းက "ရွှေဇမာလက်ဖက်ရည်"ဆိုင်မှာ လက်ဖက်ရည်ကို ဖိမ်ခံသောက်ပြီးမှ အခင်းဖြစ်တဲ့နေရာကို သွားကြတာပေါ့"

လက်သီးခင်မောင်က ကားတံခါးကိုဖွင့်၍ အပြင်သို့ထွက်ရင်း ပြောလေ၏။ ကျွန်ုပ်နှင့် အိုင်အိုဒွေးဝင်းက ကားထဲမှ မထွက်မိသေး။

"ဖြစ်ပါ့မလား ကိုခင်မောင်ရယ်၊ တော်ကြာ အိုင်ပီဆွေဝင်းက ကျွန်တော်တို့သုံးယောက် အခင်းဖြစ်အရပ်ကို တစ်ခါတည်း လိုက်မလာပါဘူးဆိုပြီး အရေးပိုင်ကို ချောက်တွန်းနေပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ ရှောက်တွန်းတာကို အရေးစိုက်စရာလား ကိုဘသိန်း ရယ်။ အခု ရိုဖဝတ်မှုက တရားခံတွေကို ချက်ချင်းဖော်ထုတ်လို့ရတဲ့ အမှုမျိုးမှ မဟုတ်တာ။ အတော်ကလေး စဉ်းစားပြီးမှ စုံစမ်းဖော်ထုတ် လို့ရမယ့် အမှုမျိုးဗျ။ လာပါဗျာ။ စားပြီးသောက်ပြီးမှ သွားကြတာပေါ့"

ကျွန်ုပ်နှင့် အိုင်အိုဒွေးဝင်းတို့သည် ကားထဲမှထွက်ကာ လက် သီးခင်မောင်နောက်မှ လိုက်လာခဲ့ကြလေ၏။ ဈေးဝင်းထဲတွင် မုန့်ဟင်း ခါးမှာစားကြလေ၏။ လက်သီးခင်မောင်သည် မုန့်ဟင်းခါးကို အရသာ ခံကာ စားနေလေ၏။

"ကျုပ်ကဲ ဒီမုန့်ဟင်းခါးကို သိပ်ကြိုက်တာ။ ပဲမှုန့်စစ်စစ်၊ ငါးရှ အသားနဲ့ ချက်တာဆိုတော့ အရသာတွေ့တယ်ဗျ။ သာယာဝတီမှာ ဒီလိုကောင်းတဲ့ မုန့်ဟင်းခါးဆိုင်မရှိဘူး။ သာယာဝတီက မုန့်ဟင်းခါး ဆိုင်တိုင်းမှာ ကျုပ်စားဖူးတယ်၊ သူတို့က ပဲမှုန့်သက်သာအောင် ဆန် မှုန့်ကိုရောချက်တော့ အရည်ကကျဲတယ်၊ ပြီးတော့ အရသာက လျှာ ပေါ်မှာ ရှတတနဲ့ မစွဲဘူး။ ပြီးတော့ သာယာဝတီက မုန့်ဟင်းခါးဆိုင် တွေက မုန့်ဟင်းခါးထဲမှာ ငရုတ်ကောင်းထည့်ချက်တယ်။ ငရုတ် ကောင်းကို ညက်နေအောင်မထောင်းတော့ အရည်ကို သောက်တဲ့





အခါ ငရုတ်ကောင်းကို ဝါးမိပြီး စပ်တာပေါ့။ ရွှေဆယ်မြို့က ဦးဖိုးသူ၊ ဦးတက်တူတို့ ညီအစ်ကိုက ဟင်းချက်နည်းစနစ်ကအတူတူမို့ အရသာ ချင်းအတူတူပဲ။ ဘယ်သူ့ဆိုင်မှာစားစား ဒီအရသာပဲ။ သူတို့ယောက်ဖ ဦးချစ်ထွန်းဆိုတာက သူတို့ညီအစ်ကိုချက်တဲ့ မုန့်ဟင်းခါးနဲ့ အရသာ ချင်း တူသယောင်တော့ရှိတယ်။ ဒါပေမယ့် အသေအချာစားကြည့်ရင် မတူတာကို တွေ့ရတယ်။ ဟိုးတောင်ဘက် မုန့်ဆိုင်သုံးဆိုင်ထဲက အလယ်ကဆိုင်ဟာ ဦးချစ်ထွန်းဆိုင်ပဲ။ ဦးချစ်ထွန်းက အရင်က သူ ကိုယ်တိုင် မုန့်ဟင်းခါးချက်တယ်။ တစ်ညမှာ သားအရင်း အငယ်ဆုံး ကို ညအမှောင်မှာ လူမှားပြီး သတ်မိရာမှ စိတ်မကောင်းဖြစ်ပြီး သား အကြီးဆုံး ကိုကျော်မြင့်ဆိုတဲ့သူကို မုန့်ဟင်းခါးချက်ခိုင်းတယ်။ ကို ကျော်မြင့်က အရက်သိပ်ကြိုက်တတ်တဲ့သူ။ မနက် မုန့်ဟင်းခါးချက် ဖို့ အိပ်ရာထဲက ထတာနဲ့ အရက်သောက်ရင်း အလုပ်လုပ်တာ။ အရက် ရှိန်ကလေးတက်လာတော့ မုန့်ဟင်းခါးဟင်းရည်ထဲကို ဟိုဟာထည့်ဖို့ မေ့ကျန်၊ ဒီဟာထည့်ဖို့မေ့ကျန်နဲ့မို့ ဟင်းရည်အရသာက ကောင်းမလို လိုနဲ့ မကောင်းတော့ဘူးပေါ့။ ဒါကလည်း အသေအချာ စဉ်းစားကြည့်မှ သိနိုင်တာနော်"



www.burmeseclassic.com

www.burmeseclassic.com



လက်သီးခင်မောင်သည် မုန့်ဟင်းခါးနှစ်ပွဲ မှာစားလေ၏။ လက်သီးခင်မောင် ပြောနေသည့်စကားကို ငြိမ်၍ နားထောင်နေသော မုန့်ဟင်းခါးဆိုင်ရှင် အဘိုးကြီးသည် မျက်နှာပြုံးရွှင်စွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်နေလေ၏။

"မုန့်ဟင်းခါးဦးချစ်ထွန်းက သူ့သားငယ်ကို ဘယ်လိုလူမှားသတ်မိတာလဲ ကိုခင်မောင်"

"ပန်းဆွဲရွာကိုသွားတဲ့အခါ ကားမောင်းရင်း ပြောပြပါ့မယ်ဗျာ။ ဒီဖြစ်စဉ်က ကျုပ်တို့၊ ကိုဘသိန်းတို့ အရေးပိုင်ရုံးကို ရောက်မလာခင်မှာ ဖြစ်ပျက်ခဲ့တာ။ ကျုပ်က မုန့်ဟင်းခါးလာစားရင်း ဦးချစ်ထွန်းနဲ့ ခင်မင်တယ်ပြောပြီး ဦးဖိုးသူဆိုင်မှာ လာစားတယ်"

"ခင်မင်တာက ခင်မင်တာပဲလေ။ အရသာရှိတဲ့ မုန့်ဟင်းခါးစားမှာပေါ့။ ဦးချစ်ထွန်း မုန့်ဟင်းခါးအကြောင်းကို စောစောက ပြောပြထားပြီးပြီလေ"

"ကိုခင်မောင်ကတော့ တကယ့်လူပဲ။ စုံစမ်းထောက်လှမ်းတဲ့ ပညာမှာတော့ ဘယ်လိုမှ လိုက်မမီဘူးဗျာ။ မုန့်ဟင်းခါးချက်တာကအစ ဆိုင်ရှင်တွေရဲ့ ဘဝဇာတ်ကြောင်းကိုပါသိနေတယ်"





လက်သီးခင်မောင်က ဦးဖိုးသူအား မုန့်ဟင်းခါးဖိုး လေးပြား ထုတ်ပေးလိုက်၏။ ထို့နောက် ဈေးလမ်းထဲမှ ရွှေဝမာလက်ဖက်ရည်ဆိုင်သို့ ဦးတည်လျှောက်သွားလေ၏။ ကျွန်ုပ်သည် ရွှေဝမာလက်ဖက်ရည်ဆိုင်သို့ လက်သီးခင်မောင်နှင့်အတူ တစ်ခါ လာသောက်ဖူးလေ၏။

"ဒီဆိုင်ရှင်အဘိုးကြီးက အမျိုးသားကျောင်းဆရာဗျ။ သူ့ဇနီးက လက်ဖက်ရည်ဆိုင် ဖွင့်ထားတာ။ လက်ဖက်ရည်ဖျော်တဲ့ အမှုန့်ကို အိုးနဲ့ သေချာနှပ်ထားပြီးမှ ဖျော်တာဆိုတော့ သောက်ရတာ အရသာရှိတယ်။ မနက်ပိုင်းဆိုရင် ဒီဆိုင်မှာ နံပြားယိုသုတ်ရတယ်။ ကိုဘသိန်းနဲ့ ကိုဌေးဝင်းတို့ မှာစားကြပါလား။ ခံတွင်းတွေ့သွားအောင် ကျုပ်ကတော့ မုန့်ဟင်းခါး နှစ်ပွဲစားထားလို့ မစားနိုင်တော့ဘူး"

"မစားတော့ပါဘူး ကိုခင်မောင်ရယ်။ အိုင်ဝီဆွေဝင်းက အရေးပိုင်ကို မျက်နှာလို၊ မျက်နှာရ သွေးတိုးစကားပြောမှာကိုပဲ စိုးရိမ်နေမိတယ်"

"ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဌေးဝင်းရယ်။ ကျုပ်လက်သီးအကြောင်းကို ဒီလူသိပါတယ်။ ကျုပ် ဒေါသဖြစ်အောင် မလုပ်ရဲပါဘူး။ မိန်းမလို၊ မိန်းမရ စကားမျိုးပြောတာကို ကျုပ်တာ အချဲ့



www.burmeseclassic.com

www.burmeseclassic.com



မုန်းဆုံးပဲ"

လက်သီးခင်မောင်သည် လက်ဖက်ရည်ကို တစ်ငုံချင်း သောက်နေလေ၏။ ထိုအချိန်တွင် မျက်နှာပြင်တစ်ခုလုံးတွင် ကျောက်ပေါက်မာများပြည့်နေသော လူတစ်ယောက်သည် လက်ဖက်ရည်ဆိုင်၏ နောက်ခန်းထဲသို့ ဝင်သွားလေ၏။ ထိုလူသည် အရပ်ပုကွကွနှင့် ဖြစ်သော်လည်း ကျွဲပေါက်တစ်ကောင်ကဲ့သို့ ခန္ဓာကိုယ်ထွားကျိုင်းလေ၏။ အသားမည်းလေ၏။ ထိုလူသည် လက်သီးခင်မောင်နှင့် မျက်နှာချင်းဆိုင်မှ စားပွဲသို့ လက်ထဲတွင် လက်ဖက်ရည်ပန်းကန်ကို ကိုင်လာပြီး ထိုင်နေ၏။ လက်သီးခင်မောင်က ထိုသူ၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေလေ၏၊ ထိုလူ၏မျက်နှာက ခက်ထန်မာကြောနေသယောင်ထင်ရလေ၏။

"ကိုဘသိန်းနှင့် ကိုဌေးဝင်း။ ကျုပ်နဲ့မျက်နှာချင်းဆိုင်က မျက်နှာမှာ ကျောက်ပေါက်မာနဲ့လူကို သတိထားမိတယ် မဟုတ်လား။ အဲဒီလူဟာ မဟုတ်မခံတဲ့စိတ်ရှိတယ်။ သတ္တိရှိတယ်။ လုပ်ရဲရင် ခံရဲတယ်ဆိုတဲ့စိတ်မျိုးရှိတယ်၊ သူ့လက်မအနေအထားအရ ဒီလူဟာ တစ်ချိန်ချိန်မှာ လူသတ်မှုကို မလွဲမသွေ ကျူးလွန်မှာတော့ အမှန်ပဲ



ဗျ"

လက်သီးခင်မောင်က ကိုကျောက်ဖြူနန်း၏မျက်နှာကို သေချာစွာအကဲခတ်ပြီး ပြောနေလေ၏။ ကိုကျောက်ဖြူနန်းက ဘယ်သူ့ကိုမှ ဂရုမစိုက်သည့် မျက်နှာအနေအထားဖြင့် ထိုင်ကာ လက်ဖက်ရည်သောက်နေလေ၏။

"ဟေ့ . . . သံမဏိမောင်ထွေး။ ညက မင်း ဈေးလမ်းက ဦးခင်အေးက ဖဲဝိုင်းမှာ အတော်နိုင်လာတယ်လို့ သတင်းကြားတယ်။ ငါတို့ကို လက်ဖက်ရည်တိုက်ဦး"

လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာသူနှစ်ဦးက ကိုကျောက်ဖြူနန်း၏ စားပွဲမှထိုင်ခုံတွင် ဝင်ထိုင်ကြရင်း ပြောလေ၏။

"ကုလားအုပ်စုတွေရိုက်တဲ့ ဖဲဝိုင်းကွ။ ဘေးက ဝင်ထိုးပြီး နိုင်တာကွ၊ ငါက ဒီကောင်တွေကို ဦးလေးသိန်း သင်ပေးထားတဲ့ ဖဲလိမ်ရိုက်နည်းနဲ့ အနိုင်ယူဖို့သွားတာလေ။ ဖဲအိမ်က ပြည့်နေတော့ ဝင်ထိုင်လို့ မရတော့ဘူး။ အဲဒါကြောင့် ကိုခင်အေးအိမ်ဘက်က ဝင်ထိုးတာ ညက ကိုခင်အေး အတော်နိုင်သွားတယ်"

"ဒီကုလားတွေဆီက ပိုက်ဆံရဖို့ဆိုတာ လွယ်တာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဒီညလည်း ချမ်းဝိုင်းရှိတယ်ကွ။ ငါသွားဦးမှာ။ တစ်အိမ်ဝင် ကစားနိုင်ဖို့အတွက် ချောင်းနေတာ။ ငါဝင်ကစားလို့ရပြီဆိုရင်တော့ ကုလားတွေဆီက ငွေတွေအားလုံး ငါ သိမ်းကျုံးနိုင်ပြီထာမှတ်"

လက်သီးခင်မောင်က ကိုကျောက်ဖြုန်း(ခ)သံမဏိမောင် ထွေးပြောသော စကားများကို နားထောင်ပြီး ခေါင်းတဆတ်ဆတ် ညိတ်နေလေ၏။ ထို့နောက် လက်သီးခင်မောင်သည် ကောင်တာသို့ လက်ဖက်ရည်ဖိုးကို သွားရောက်ရှင်းပေးပြီး . . .

"ကဲ . . . ကိုဘသိန်းနဲ့ ကိုဒွေးဝင်း ကျုပ်တို့ ပန်းဆွဲရှာကို သွားရအောင်"

လက်သီးခင်မောင်သည် ကျွန်ုပ်နှင့် အိုင်အိုဒွေးဝင်းကို ခေါ်ကာ ကားရပ်ထားသည့်နေရာသို့ လာခဲ့လေ၏။ လက်သီးခင်မောင်က ဒရိုင်ဘာနေရာတွင် ဝင်ထိုင်ကာ စက်နှိုးသည်။ ကျွန်ုပ်နှင့် အိုင်အိုဒွေးဝင်းတို့ ကားထဲကို ဝင်ထိုင်မိလျှင် ကားလေးကို ပန်းဆွဲရှာရှိရာသို့ ဦးတည်မောင်းနှင်လာလေ၏။ ပန်းဆွဲရှာသို့ မရောက်မီတွင် လမ်းခရီး တစ်နေရာ၌ ကားဘီး ဗွက်အိုင်ထဲတွင်နစ်နေသဖြင့် စိတ်ပျက်လက်





ပျက်ဖြင့် ဟိုသည်ကို လက်ကို နောက်ပစ်လျက် ခေါက်တုံ့ခေါက်ပြန် သွားနေသော အိုင်ပီဆွေဝင်းတို့အဖွဲ့ကို တွေ့လိုက်ရလေ၏။ လက်သီးခင်မောင်က နွံနစ်နေသော ကားဘေးမှ တစ်ကားစာလွတ်သာရုံ လမ်းကလေးကို ဖြတ်မောင်းသည်။ နွံနစ်နေသောကားရှေ့မှ လမ်းပေါ်သို့ ရောက်သွားသည်။ လက်သီးခင်မောင်သည် ကားထဲမှ ခေါင်းကိုထုတ်ပြီး . . .

"အိုင်ပီတို့အဖွဲ့ ကားကို နွံထဲကလွတ်အောင် တွန်းတင်ပြီး မောင်းခဲ့ကြပေါ့။ ကျွန်တော်တို့ သွားနှင့်မယ်"

ဟု အိုင်ပီဆွေဝင်းကို သရော်သောအပြုံးဖြင့်ပြောပြီး ကားလေးကို မောင်းနှင်လာခဲ့လေ၏။ အိုင်ပီဆွေဝင်းမှာ မကျေမနပ်ဖြစ်နေသောမျက်နှာကြီးဖြင့် ကျန်ခဲ့လေ၏။

"ဒီလူက အခင်းဖြစ်အရပ်ကို အမြန်ဆုံး ရောက်ချင်ဇောနဲ့ မောင်းလာတာ။ ဗွက်အိုင်ရဲ့အတိမ်အနက်ကို မခန့်မှန်းဘဲ အတင်းဖြတ်မောင်းတော့ ကားဘီးက နွံနစ်သွားတာပေါ့။ ကောင်းပါတယ်လေ၊ ဒီမှ ကျုပ်တို့က ဓားပြလူသတ်မှုကို အသေအချာလေ့လာလို့ အချိန်ရသွားတာပေါ့"

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

## အဆိုးကြမ္မာဝင်ရှုလာသော်

"အင့် . . . ကိုဘသိန်း။ ဒီကဗျာလေး ဖတ်ကြည့်စမ်း"

လက်သီးခင်မောင်က ကျွန်ုပ် နေ့စဉ်မှတ်တမ်းရေးနေစဉ် စားပွဲပေါ်သို့ သူ၏ ဒိုင်ယာရီစာအုပ်ကလေးကို ချထားပေးရင်း ပြောလေ၏။ ဒိုင်ယာရီစာအုပ်ကလေးထဲတွင် ကဗျာလေးတစ်ပုဒ်ကို အောက်ပါအတိုင်း ရေးသားထားလေ၏။

"ရွှေငွေရတနာ၊ ပေါ်များပါလည်း
ချိန်ခါမဟုတ်၊ အနေစုတ်က
ဖော်ထုတ်ပြုပြင်၊ မဆင်ယင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မော်ချင်ကြွားချင်၊ မာန်လုပ်ချင်၍

ဆင်ယင်ဝတ်စား၊ ပြုမိမှားက

ဆုံးပါးညစ္စာ၊ ကုန်ခန်းရာ၏။

ဆုံးပါးအသက်၊ သေကြေပျက်၏။"

"ဟ . . . ရေးထားတဲ့ကဗျာလေးက တယ်ကောင်းပါလား။ ကိုခင်မောင်က ကဗျာဆရာ ပုလိပ်အရာရှိတစ်ဦးဆိုတဲ့ ကလောင်နာမည်နဲ့ ကဗျာတွေရေးတော့မလို့လား"

"ကျုပ်က ကဗျာရေးတာ ဝါသနာပါတယ်ဗျ။ ဘုန်းကြီးကျောင်းမှာ နေလာဖူးတဲ့သူဆိုတော့ ဆရာဘုန်းကြီးက သင်ပေးထားလို့ ကဗျာစပ်တတ်တယ်။ ကျုပ်ရေးထားတဲ့ကဗျာတွေ အများကြီးရှိတယ်။ ဒီကဗျာလေးကို အခု ထိုင်နေရင်းရေးမိတာက အကြောင်းရှိတယ်လေဗျာ။ ကျုပ်ရင်ထဲမှာ သက်ဆိုင်သူတွေ နည်းတူခံစားရလို့ရေးမိတာပဲ။ ဟိုးတစ်နေ့က ကျုပ်တို့ သွားရောက်စစ်ဆေးရတဲ့ ပန်းဆွဲရွာက လူသတ်၊ ဓားပြမှုမှာ ကာယကံရှင်တွေ ဘယ်လောက်ခံစားနေရမယ်ဆိုတာ ကျုပ် ကိုယ်ချင်းစာမိတယ်။ အဲဒီကာယကံရှင်တွေ ခံစားနေရတဲ့မျက်နှာတွေကိုလည်း ကျုပ် ပြန်လည်မြင်ယောင်နေမိလို့"





ဒီ စိန်ရွှေရတနာတွေကြောင့် မိသားစုတစ်စု ဓားပြတိုက်ခံရတယ်။ အိမ်ထောင်ရှင် မိန်းမငယ်တစ်ဦး အသတ်ခံရတယ်။ သူတို့ရဲ့ သာယာချမ်းမြေ့နေတဲ့ဘဝကလေး ပျက်သုဉ်းခဲ့ရတယ်။ ကြားရတဲ့သတင်းက မယုံကြည်နိုင်စရာ။ မြင်ရတဲ့မြင်ကွင်းက စိတ်မချမ်းမြေ့စရာပဲ။ အကောင်းအဆိုး၊ ထိုနှစ်မျိုးတွင်၊ အဆိုးကြမ္မာ၊ ဝင်၍လာသော်၊ ဆက်ကာမလပ်၊ အမြဲကပ်သို့၊ နောက်ထပ်မစဲ၊ တသဲသဲနှင့်ဆိုတာလို သူတို့မိသားစုရဲ့ကံကြမ္မာက ဆိုးဝါးလိုက်တာ၊ အခု အဲဒီဓားပြမှု၊ လူသတ်မှုနဲ့ပတ်သက်ပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ ရေးနေရင်း ကျုပ် စိတ်မကောင်းဖြစ်နေမိတာ။ အဲဒီနေ့က အခင်းဖြစ်ရပ်ကို သွားရောက်စစ်ဆေးတုန်းက မြင်တွေ့ကြားသိခဲ့ရတာတွေကို ခင်ဗျား သတိရနေဦးမှာပေါ့"

လက်သီးခင်မောင်က ပြောရင်း သက်ပြင်းချလေ၏။ ကျွန်ုပ်သည် အခင်းဖြစ်ရပ်သို့ လက်သီးခင်မောင်၊ အိုင်အိုဒွေးဝင်းတို့နှင့်အတူ သွားရောက်စစ်ဆေးသောနေ့ကအကြောင်းကို ပြန်လည်သတိရနေမိလေ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က လက်သီးခင်မောင်သည် ကားလေးကို ပန်းဆွဲရွာသို့ မောင်းနှင်လာခဲ့လေ၏။ ရွာထဲသို့ ပုလိပ်ကားမောင်းဝင်လာသည်ကို မြင်လျှင် ရွာသူရွာသားများသည် အိမ်ထဲမှ ထွက်လာကာ ကြည့်ကြလေ၏။ လက်သီးခင်မောင်က ကားလေးကို တစ်နေရာတွင်ထိုး၍ ရပ်လိုက်လေ၏။ ရွာလမ်းအတိုင်း လျှောက်လာသော ရွာသားတစ်ဦးကို လက်ယပ်ခေါ်ပြီး . . .

"ဗျို့ . . . ရွာသား။ မနေ့ညက ဓားပြမှု၊ လူသတ်မှုဖြစ်သွားတာ ဘယ်နေရာမှာလဲဗျ"ဟု မေးလေ၏။ ရွာသားသည် ကားပေါ်၌ ပုလိပ်အရာရှိသုံးဦး ပါလာသည်ကိုမြင်လျှင် ကိုယ်ကိုကိုင်းညွှတ်ကာ . . .

"ရွာမြောက်ပိုင်း၊ ချောင်းကမ်းပါးဘေးမှ အိမ်မှာပါ။ ကျွန်တော် လိုက်ပြပေးပါ့မယ်"

ဟု ပြောလေ၏။ လက်သီးခင်မောင်နှင့် ကျွန်ုပ်တို့နှစ်ယောက်သည် ကားပေါ်မှ ဆင်းလာခဲ့ကြ၏။ ရွာသားက ရှေ့မှ ဦးဆောင်၍သွားလေ၏။ လက်သီးခင်မောင်က ပန်းဆွဲရွာထဲမှ အိမ်များကို ဟိုသည်ကြည့်ရင်း အကဲခတ်လာသည်။ ရွာသားများက ကျွန်ုပ်တို့၏နောက်မှ မယောင်မလည်လိုက်လာကြသည်ကို ကျွန်ုပ်သတိထားမိ





လေ၏။

"မနေ့ညနေက မိုးတွေက သည်းထန်စွာရွာနေတော့ ခင်ဗျားတို့ ရွာထဲကလူတွေ ဓားပြတိုက်နေတာကို မသိလိုက်ဘူးထင်တယ်"

လက်သီးခင်မာင်က ရွာသားကို သွေးတိုးစမ်းသည့်သဘောဖြင့် ပြောလိုက်မှန်း ကျွန်ုပ်နားလည်လိုက်၏။

"ဘယ်လိုလုပ်သိမှာလဲ ဆရာရယ်။ မိုးက ဝုန်းဒိုင်းကြဲအောင် ရွာချနေတာ အိမ်ထဲမှာပဲနေရတာပေါ့။ မိုးသံလေသံနဲ့ဆိုတော့ ဓားပြတိုက်ခံနေရတာကို အော်ဟစ်အကူအညီတောင်းရင်တောင် ကြားဖို့ မလွယ်ပါဘူး။ ဓားပြတိုက်တာကလည်း မိုးမှောင်ကျနေတဲ့ အချိန်ဆိုတော့။ ဟင်း . . . ဓားပြတွေက အခွင့်သာသွားတာပေါ့။ ဓားပြတိုက်ခံရပြီး လူသတ်ခံရတယ်လို့ သတင်းကြားတော့ မိုးအတော်ချုပ်နေပြီ။ ကျွန်တော်တို့ရွာက ဦးအေးကြွယ်နဲ့ ဦးအေးလွင်က အရေးပိုင်ကို သွားတိုင်တာ။ ညချင်းတွင်းဆိုပါတော့ ဆရာရယ်။ မျက်နှာကိုအဝတ်စည်းထားတဲ့ ဓားပြငါးဦးက ဓားပြလာတိုက်တာတဲ့။ အိမ်ရှင် မောင်သန်းမြင့်က ပြန်လည်ခုခံလို့ ဓားပြတွေက သူ့မိန်းမ မအေးဝင်းကို သေနတ်နဲ့ ပစ်သွားတာတဲ့။ မောင်သန်းမြင့်က လက်မောင်းကို ဓားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ခုတ်မိသွား တယ်"

"မားပြတွေနောက်ကို ဘာပစ္စည်းတွေ ပါသွားတယ်လို့ သတင်းကြားသလဲ"

"အဲဒါတော့ မောင်သန်းမြင့်ကို မေးကြည့်မှ အတိအကျသိမယ်။ မောင်သန်းမြင့်က သူ့မိန်းမကို သိပ်ချစ်တာဗျ။ သူ့မိန်းမရဲ့ အလောင်းဘေးနားမှာပဲ ထိုင်ငိုနေတယ်။ သိပ်သနားဖို့ကောင်းတာပဲ ဆရာရယ်။ သူ့မျက်စိရှေ့မှာ သူ့မိန်းမကို မားပြတွေက သေနတ်နဲ့ပစ် သတ်သွားတာဆိုတော့ ပိုပြီး ယူကျုံးမရဖြစ်ရှာမှာပေါ့"

"အင်း . . . ဟုတ်တာပေါ့လေ"

လက်သီးခင်မောင်က ခေါင်းတဆတ်ဆတ်ညိတ်နေလေ၏။

"ကောင်လေးက ဗြိတိသျှအစိုးရရဲ့ လျှပ်စစ်ရုံးမှာ ဝန်ထမ်းဆိုပေမယ့် သူ့ပညာနဲ့သူ ဆေးမှာအလုပ်လုပ်တော့ အပိုဝင်ငွေရတယ်။ ကောင်မလေးမိဘတွေကလည်း လယ်ပိုင်ယာပိုင်တွေဆိုတော့ သူတို့ သမီးကို ရွှေငွေလက်ဝတ်လက်စားတွေ ပေးကမ်းထားတာရှိတယ်။ ကောင်မလေးက သူတို့မိသားစုရဲ့ တစ်ဦးတည်းသောသမီး။ အခု ကိစ္စဖြစ်တာကို သူ့မိဘကို သွားပြောတော့ တစ်ရွာလုံးကလူတွေ လိုက်လာ





ကြတယ်။ သူ့မိဘတွေနေတာက မြောက်ပန်းဆွဲရွာလို့ ခေါ်တယ်။ ကျွန်တော်တို့ရွာက တောင်ပန်းဆွဲရွာလို့ခေါ်တယ်။ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းနေကြတာ။ တစ်ဖက်နဲ့တစ်ဖက် ကမ်းကို ငါးဖောင်ကြိုးနဲ့ ကူးရတယ်။ တစ်ချောင်းလုံးဟာ အော်ဟစ်သံတွေနဲ့ ဆူညံသွားတာပဲ။ ငိုလိုက်ကြတာလည်း မပြောပါနဲ့တော့။ မြင်ရတာ ရင်ထဲမှာတောင် ဆို့သွားတယ်။ မားပြတွေက အချိန်အခါကို စောင့်ပြီး ရက်ရက်စက်စက် လုပ်သွားတာ။ မိုးကတစ်အားရွာနေတော့ ဘယ်သူမှ မသိလိုက်ကြဘူးလေ။ ဟင်း . . . သိလို့ကတော့ ကျွန်တော်တို့ရွာက လူညီတယ်ဆရာရဲ့။ သူ့သေကိုယ်သေ ပြန်လည်ခုခံမှာပဲ။ မားပြငါးဦးကို ပြန်လည်ခုခံခဲ့တဲ့ မောင်သန်းမြင့်ရဲ့သတ္တိကို တစ်ရွာလုံးက လူတွေက အံ့သြနေကြတယ်။ သူ့မိန်းမ အသတ်ခံရတာကိုလည်း စိတ်မကောင်းဖြစ်နေကြတာပါ"

ရွာသားက မားပြတိုက်ခံရသောအိမ်ကို လက်ညှိုးထိုးပြလေ၏။ အိမ်ရှေ့တွင် ရွာသူရွာသားများ ရပ်နေသည်ကို ကျွန်ုပ်တို့ မြင်တွေ့လိုက်ရလေ၏။

"မြို့က ပုလိပ်အရာရှိတွေရောက်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် ရှာသားတစ်ဦး၏ အော်ပြောသံကို ကြားလိုက်ရလေ၏။ အိမ်မှာ သုံးပင်နှစ်ခန်း ပျဉ်ထောင်အိမ်ကလေးဖြစ်လေ၏။ သပ်သပ်ရပ်ရပ်နှင့် နေချင့်စဖွယ်ကောင်းလှပေ၏။ အခင်းဖြစ်သည့်နေအိမ်ပေါ်တွင် ရွာသူရွာသားများ ထိုင်၍စကားပြောနေကြလေ၏။ လက်သီးခင်မောင်က မည်သူ့ကိုမှ အရေးမစိုက်သည့်ပုံစံဖြင့် အိမ်ကလေးပေါ်သို့ တက်သွားလေ၏။ အိမ်၏ ဖိနပ်ချွတ်အဆင့်တွင် ရှူးဖိနပ်ကို ချွတ်ထားခဲ့လေ၏။ အိမ်ပေါ်တွင်ထိုင်နေသော ရွာသူရွာသားများကို အိမ်အောက်သို့ဆင်းနေရန် ဖမတ္တာရပ်ခံ၏။ အိမ်ရှေ့တွင် ဝိုင်းကြည့်နေကြသော ရွာသူရွာသားများနှင့် ပြည့်ကျပ်သွားလေ၏။ သေဆုံးသူမိန်းမ၏ ဆွေမျိုးသားချင်းဟု ယူဆရသော ရွာသူရွာသားများသည် မကျေနပ်သော အမူအရာဖြင့် အိမ်ပေါ်မှ ဆင်းသွားကြလေ၏။

"ခါးပြတိုက်ခံရတယ်၊ လူသတ်ခံရတယ်။ ဒီအမှုကို ကျူးလွန်တဲ့တရားခံတွေကို သူတို့က ချက်ချင်း ဖမ်းပေးနိုင်တာကျနေတာပဲ"

ရွာသားတစ်ဦးက ကျွန်ုပ်တို့ကို မလေးမစားဖြင့် ပြောဆိုနေသံကို ကြားရသော လက်သီးခင်မောင်၏မျက်နှာသည် ပြုံးနေလေ၏။ ကျွန်ုပ်မှာ မခံချင်စိတ်ကြောင့် ဒေါသထွက်နေမိ၏။ ထိုသို့ မလေးမစား





ပြောသူကို ကြည့်လိုက်သောအခါ အရက်အလွန်အကျွံမူးနေမှန်း သိလိုက်ရလေ၏။

"ဒါက သေသူမိန်းကလေးရဲ့ယောက်ျား မောင်သန်းမြင့်ပါ ဆရာ"

ဦးအေးကြွယ်က လက်မောင်းတွင် ဒဏ်ရာရထားသည့်လူငယ်ကိုပြပြီး ဖြေလေ၏။ မောင်သန်းမြင့်က လက်မောင်းမှဒဏ်ရာကို ကျန်လက်တစ်ဖက်ဖြင့် ကိုင်ကာ ညည်းညူလေ၏။ အလွန်ငိုရှိုက်ထားသဖြင့် သူ၏မျက်လုံးများက မို့အက်နေ၏။ မျက်လုံးထဲတွင် မျက်ရည်တွေဝဲနေ၏။

"ဓားဒဏ်ရာက သိပ်များသလား ညီလေး။ သွေးထွက်များရင် မကောင်းဘူးနော်။ မင်းလက်မောင်းဒဏ်ရာကိုလည်း အလေးထားဦး။ သေသွားတဲ့သူလည်း ပြန်ရှင်လာတော့မှာ မဟုတ်ဘူး။ ကိုယ်ချင်းမစာလို့ ဒီစကားပြောတာ မဟုတ်ဘူးနော်။ မင်းရင်ထဲမှာ ခံစားနေရတာကို သက်သာစေချင်လို့ပါ။ အခုလိုဖြစ်ရတာ ကံစီမံရာအတိုင်းလို့ သဘောထားပြီး မင်းရဲ့စိတ်ကို ဖြေသိမ့်စေချင်တယ်"

လက်သီးခင်မောင်က သေနတ်ဒဏ်ရာနှင့် သေဆုံးနေသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏အခံလောင်းကို သေချာစွာစစ်ဆေးပြီးမှ မှတ်စုစာအုပ်ထဲတွင် ရေးမှတ်နေလေ၏။ မိန်းကလေး၏ ဘယ်ဘက်ရင်အုံ (သားမြတ်) အောက်တွင် သေနတ်ဒဏ်ရာကိုတွေ့ရပြီး ထိုအပေါက်မှ သွေးများစိမ့်ထွက်နေလေ၏။ အသတ်ခံရသည့် မိန်းကလေးမှာ အသက် နှစ်ဆယ်ဝန်းကျင်သာ ရှိဦးမည်ဟု ခန့်မှန်းရပြီး သားတစ်ယောက်၏မိခင်ဟု သိရလေ၏။ ကျွန်ုပ်တို့အတွက် စိတ်မကောင်းစရာဖြစ်သွားရသည်မှာ အသတ်ခံရသည့်မိန်းကလေးသည် လောလောဆယ်တွင်လည်း သူမဝမ်းထဲ၌ သန္ဓေသားလွယ်ထားကြောင်း သိလိုက်ရသောကြောင့် ဖြစ်လေ၏။

"ကျွန်တော်က ဓားပြတွေကို သူသေကိုယ်သေဆိုပြီး ပြန်လည်ခုခံတာ။ အဲဒါကြောင့် သူတို့က မအေးဝင်းကို သတ်ပြီး ထွက်ပြေးသွားကြတာ"

လက်သီးခင်မောင်က မောင်သန်းမြင့်၏ ဘေးမှကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်လေ၏။ မောင်သန်းမြင့်က ညိုးငယ်သောမျက်နှာဖြင့် လက်သီးခင်မောင်၏မျက်နှာကို မရဲတရဲကြည့်လေ၏။ သုံးနှစ်အရွယ်ကလေးငယ်က မောင်သန်းမြင့်၏ ပေါင်ပေါ်တွင် လာ၍ထိုင်၏။ ကလေး





ငယ်က မောင်သန်းမြင့်၏မျက်နှာကို မော့ကြည့်နေလေ၏။ ဘာမှမသိရှာသေးသည့် ကလေးငယ်၏ဘဝက သနားစရာပါလားဟု ကျွန်ုပ်တွေးလိုက်မိလေ၏။ ကလေးငယ်ကိုကြည့်ပြီး ရွာသူတိုင်း မျက်ရည်ဝဲနေကြလေ၏။ အသတ်ခံရသည့် မိန်းကလေး၏ဖခင်ဟုယူဆရသော သူသည် ကလေးငယ်ကို ပွေ့ချီကာ ကြေကွဲနေပုံရလေ၏။

"ညီလေးတို့အိမ်ကို ဓားပြတွေက ဘယ်ပုံဘယ်နည်းနဲ့ ရောက်လာပြီး ဓားပြတိုက်သွားတယ်ဆိုတာ အစ်ကိုတို့သိအောင် ပြောပြပါဦး"

လက်သီးခင်မောင်က မောင်သန်းမြင့်၏ပခုံးကို ဖက်ထားရင်း မေး၏။ မောင်သန်းမြင့်က ပါးပြင်ပေါ်မှ မျက်ရည်များကို လက်ဖမိုးဖြင့် သုတ်နေ၏။

"ဒီနေ့ညနေ ကျွန်တော်တို့မိသားစု ညစာချက်ပြုတ်ပြီးလို့ ထိုင်နေတုန်း မိုးက သဲကြီးမဲကြီးရွာနေတယ်။ သားက မိုးချုန်းသံကို ကြောက်တတ်လို့ ကျွန်တော့်ရင်ခွင်ထဲကို အတင်းတိုးဝပ်နေတယ်။ သူ့အမေက သူ့သားဖြစ်နေပုံကို သဘောကျပြီး ရယ်မောနေတယ်။ မိုးက ပိုပြီး သည်းထန်လာတယ်။ အဲဒီအချိန်မှာ ကျွန်တော့်အိမ်ပေါ်ကို မျက်နှာ

www.burmeseclassic.com



ကို အဝတ်စည်းထားတဲ့ လှေငါးယောက် တက်လာတယ်။ ရုတ်တရက်ဆိုတော့ ကျွန်တော်တို့ အံ့သြသွားတာပေါ့။ တစ်ဦးက လက်ထဲမှာ ခြောက်လုံးပြူးသေနတ်တစ်လက်ကို ကိုင်ထားတယ်။ ကျန်တဲ့လူတွေက ဓားရှည်တွေ၊ ဓားမြှောင်တွေကိုကိုင်ထားတယ်။

ကျွန်တော့်သားက သူတို့ကိုမြင်တော့ ငိုတယ်။ ကျွန်တော့်ကို ကုတ်ဖက်တက်တော့တယ်။ ဓားပြခေါင်းဆောင်လို့ ထင်ရတဲ့လူက ကျွန်တော်တို့ကို သေနတ်နဲ့ချိန်ပြီး ရွှေငွေလက်ဝတ်လက်စားတွေကို တောင်းတယ်။ ကျွန်တော်က မရှိပါဘူးဖြေလို့ ဓားပြတွေက ကျွန်တော့်ကို လက်သီးနဲ့ဝိုင်းထိုးကြတယ်။ ကျွန်တော်က သူတို့ကို ပြန်လည်ခုခံတယ်။ အဲဒီမှာတင် ကျွန်တော် အနိုင်စက်ခံနေရတာကိုမြင်တော့ ဓားပြတွေကို လိုက်ဆွဲတယ်။ တွန်းကန်ထုတ်ပစ်တယ်။ ကျွန်တော်လည်း အသက်သေရင် သေပါစေတော့ဆိုပြီး ဓားပြတွေကို ဝင်လုံးတော့တာပဲ။ ဓားပြခေါင်းဆောင်က ကျွန်တော့်မိန်းမကို သေနတ်နဲ့ပစ်သတ်လိုက်တယ်။ ကျွန်တော့်စိတ်ထဲမှာ သွေးရူးသွေးတန်းဖြစ်သွားပြီး ဓားပြတွေကို ပြန်ချတယ်။ ကျွန်တော့်မိန်းမ သေနတ်မှန်ပြီး လဲကျသွားတာကို ဓားပြခေါင်းဆောင်က ရယ်နေတော့ ကျွန်တော်က သေနတ်ကို





အတင်းဝင်လုတယ်။ ဓားပြတစ်ယောက်က ကျွန်တော့်ကို ဓားရှည်နဲ့ လှမ်းခုတ်တယ်။ ကျွန်တော့်လက်မောင်းကို ဓားရှပ်ထိသွားတယ်။ ကျွန်တော်လဲနေတုန်း ဓားပြတွေက ဗီရိုထဲက ရွှေငွေလက်ဝတ်လက်စားတွေကို ယူသွားကြတယ်"

"ဓားပြတွေနောက်ပါသွားတဲ့ လက်ဝတ်လက်စားတွေကို ပြောပြပါဦး"

"ကျွန်တော် တစ်ခုချင်း စဉ်းစားပြီး ပြောပြပါ့မယ်။ ကျွန်တော့်ယောက္ခမတွေက သူ့သမီးကိုဆင်လိုက်တဲ့ ရွှေဆွဲကြိုးတစ်ကုံး၊ လက်ကောက်သုံးရံ၊ လက်စွပ်နှစ်ကွင်း။ ကျွန်တော်နဲ့လက်ထပ်ပြီးမှ နောက်ထပ်လုပ်တဲ့ပစ္စည်းက ငါးမူးသား ရွှေဆွဲကြိုးတစ်ကုံး၊ လက်ကောက်တစ်ရံ၊ နားကပ်တစ်ရံ၊ လက်စွပ်နှစ်ကွင်း။ အင်း . . . အဲဒါတွေပဲ။ ငွေကတော့ နွားဝယ်ဖို့စုဆောင်းထားတဲ့ ငွေခြောက်ထောင်ကျော်"

"ရွှေအလေးချိန်အားလုံးကို ခန့်မှန်းပေးပါလား"

မောင်သန်းမြင့်က ခေါင်းကိုမော့ကာ စဉ်းစားနေလေ၏။ ပြီးမှ

"လေးကျပ်သား၊ ငါးကျပ်သားခန့်ပဲ အစ်ကို။ အတိအကျကတော့ ကျွန်တော့်မိန်းမပဲ သိလိမ့်မယ် . . . ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



မောင်သန်းမြင့်က သက်ပြင်းချပြီး ခေါင်းကို ဘယ်ညာခါရမ်းနေလေ၏။ မောင်သန်းမြင့်ပြောပြသမျှကို လက်သီးခင်မောင်က သူ၏မှတ်စုစာအုပ်ထဲတွင် လိုက်လံရေးမှတ်နေလေ၏။

"ဓားပြတွေက ညီလေးရဲ့အိမ်မှာ ဓားပြတိုက်ပြီးတော့ ဘယ်ဘက်ကို ထွက်သွားကြတာတွေ့မိသလဲ"

"သူတို့လည်း အိမ်ပေါ်က ပြေးဆင်းသွားတော့ ကျွန်တော်လည်း ဓားပြတွေဗျို့ . . . လာကြပါဦးလို့ အော်မိတယ်။ ဒါပေမယ့် မိုးက တစ်အားရွာနေတော့ ဘယ်သူမှ မကြားနိုင်မှန်းသိသွားတယ်။ ဒီကောင်တွေ ချောင်းထဲဘက်ကို ပြေးသွားတယ်လို့ထင်တယ်။ ကျွန်တော်လည်း လက်မောင်းကဒဏ်ရာကိုကိုင်ပြီး အနီးနားက အိမ်တွေကို မိုးရွာထဲမှာ လိုက်ပြောရတာပေါ့။ ရွာကလူတွေစုပြီး ချောင်းရိုးတစ်လျှောက် လိုက်ကြတယ်။ ချောင်းဆိပ်မှာ လှေချည်ခဲ့တဲ့ကြိုးကို ဓားနဲ့ ဖြတ်သွားတယ်လို့ ရွာသားတွေက ကျွန်တော့်ကိုပြောပြတယ်။ ဓားပြတွေ လှေနဲ့ အောက်ဘက်ကို ချောင်းရိုးအတိုင်း စုန်ဆင်းသွားတယ်လို့ ဟိုဘက်ကမ်းက ချောင်းထဲမှာ ငါးဖောင်စောင့်တဲ့လူက ပြောတယ်"

"ဒီကောင်တွေ လှေဆိုက်ခဲ့တဲ့နေရာကို သွားကြည့်ချင်





တယ်"

ကျေးရွာရှိ လူငယ်များက လက်သီးခင်မောင်၊ ကျွန်ုပ်နှင့် အိုင်အိုဒွေးဝင်းတို့ကို ရွာမြောက်ဘက်ရှိ ချောင်းကမ်းပါးရှိရာသို့ ခေါ်သွားလေ၏။ မောင်သန်းမြင့်အိမ်နှင့် ချောင်းက ဘာမှမဝေးလှချေ။ ခြံဝင်းကျယ်သောကြောင့် ချောင်းနှင့်ဝေးသယောင် ထင်ရလေ၏။ ချောင်းကမ်းပါးဘေးမှ သစ်ပင်တွင် ချည်နှောင်ထားသော ကြိုးအတိုလေးကို တွေ့ရလေ၏။ ဓားပြများသည် ချောင်းကမ်းပါးဘေးမှ သစ်ပင်တွင် လှေချည်သည့်ကြိုးကို ချည်နှောင်ထားခဲ့သည်မှာ သေချာသွားပြီဖြစ်လေ၏။ ချောင်းကမ်းပါးပေါ်သို့ တက်လာသည့်ခြေရာ၊ ပြန်ဆင်းသွားသည့်ခြေရာများစွာကိုလည်း တွေ့ရလေ၏။ ချောင်းရေသည် ကမ်းပါးတစ်ဝက်ခန့်သာ ရှိလေ၏။

"မောင်သန်းမြင့်ပြောတဲ့ ငါးဖောင်စောင့်တဲ့လူက ဘယ်မှာလဲကွ"

လက်သီးခင်မောင်က ရွာသားတစ်ဦးကို မေးလေ၏။

"ဟိုဘက်ကမ်းပါးက လှမ်းမြင်နေရတဲ့ တဲကလေးမှာပါ အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



ရွာသားလူငယ်က ဝါးဖောင်စောင့်တဲကို လက်ညှိုးထိုးပြလေ၏။ လက်သီးခင်မောင်က ခေါင်းညိတ်၏။ ဝါးဖောင်စောင့်တဲနှင့်တည့်တည့် ကမ်းပါးသို့သွားကြလေ၏။ ချောင်းထဲတွင် ဝါးဖောင်များစွာ ချည်နှောင်ထားသည်ကို တွေ့ရလေ၏။ မနေ့က တစ်ညလုံးရွာသွန်းထားသောမိုးကြောင့် တောင်ကျရေများ စီးဆင်းနေလေ၏။ ချောင်းရေများသည် ရွှံ့ရေအရောင်များဖြစ်လေ၏။

"ဗျို့ . . . ကိုတာပေ။ ခင်ဗျား ဒီဘက်ကမ်းကို ကူးလာခဲ့ပါဦး။ အရေးပိုင်ရုံးက ပုလိပ်အရာရှိတွေက ခင်ဗျားနဲ့တွေ့ချင်လို့တဲ့"

ရွာသားလူငယ်က လှမ်းအော်၍ ပြောလေ၏။ တဲအတွင်းမှ လူတစ်ယောက် ထွက်လာပြီး ကျွန်ုပ်တို့ရှိနေသော ချောင်းကမ်းပါးဘက်သို့ လှမ်းကြည့်လေ၏။

"ဩော် . . . အေးဟေ့။ လာခဲ့မယ်။ ခဏလေး"

ဝါးဖောင်စောင့်ကိုတာပေသည် ကူးတို့ဖောင်ဆိပ်ဘက်သို့ လျှောက်သွားလေ၏။ ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းမှ သစ်ပင်များ၏ ပင်စည်တွင် ငါးမူးလုံး သံမဏိကြိုးဖြင့်ချည်နှောင်ထားသော ကူးတို့ ဖောင်ဖြင့် ဟိုဘက်ကမ်းမှ သည်ဘက်ကမ်းသို့ ကူးလာလေ၏။





ကိုတာပေဆိုသူမှာ အသက် လေးဆယ်ဝန်းကျင်သာ ရှိဦးမည်ဟု ခန့်မှန်းရလေ၏။

"လာ . . . ဆရာ။ ကိုတာပေ လိုက်လာလိမ့်မယ်"

ရွာသားလူငယ်က ပြောလေ၏။ ကျွန်ုပ်တို့သည် မောင်သန်းမြင့်၏အိမ်သို့ ပြန်လာခဲ့ကြလေ၏။ ရွာသားများက မောင်သန်းမြင့်၏ အိမ်ရှေ့တွင် အသုဘမဏ္ဍပ်ဆောက်ရန် ပြင်ဆင်နေကြလေ၏။

"အသုဘမဏ္ဍပ်ကို မဆောက်ပါနဲ့ဦး။ အရေးပိုင်ရုံးက ပုလိပ်အရာရှိတွေ ရောက်လာလိမ့်ဦးမယ်။ ဒီအခင်းဖြစ်နေရာကို ရုံးက ကားနှစ်စီးနဲ့ ပုလိပ်အရာရှိတွေ လာခဲ့ကြတာ။ အိုင်ပီဆွေဝင်း မောင်းတဲ့ကားက ကျပ်ချောင်းရွာနားက လမ်းပေါ်မှာ ရွှံ့ဗွက်နစ်နေလို့ ကျန်ခဲ့တယ်။ အဲဒီ အိုင်ပီက ကတ်သီးကတ်သတ် မေးခွန်းတွေမေးပြီး စစ်ဆေးဦးမှာဗျ။ မဏ္ဍပ်ဆောက်ထားရင် အဲဒီ အိုင်ပီက ခင်ဗျားတို့ကို ဆူကြိမ်းနေမှာစိုးလို့ ပြောပြထားရတာ"

လက်သီးခင်မောင်က ရွာသားများကို ပြောပြလေ၏။

"ဆရာ့နာမည်ကတော့ ဘယ်သူလဲ မသိဘူး"

ရွာသားလူငယ်တစ်ဦးက မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အိုင်အိုစင်မောင်"

"ဗျာ . . . ဆ . . . ဆရာက လက်သီးခင်မောင်ဆိုပြီး နာမည်ကြီးနေတဲ့ ဆရာမဟုတ်လား။ အခုမှ မြင်ဖူးတယ်"

ရွာသားလူငယ်က စိုးရွံ့သွားသည့်အမူအရာဖြင့် ပြောလေ၏။

"ဟာ . . . ကျုပ်က အဲဒီလောက်တောင် နာမည်ကြီးနေသလား။ ကျုပ်က မဟုတ်ရင်မခံစိတ်ရှိတာလွဲရင် ဘယ်သူ့အပေါ်မှာမှ မတရားမလုပ်ပါဘူး"

"ဆရာ့လက်သီးချက်က သွားလေးချောင်းတောင် ကျိုးတယ်လို့ ရွာထဲက လူကြီးတွေပြောဆိုနေကြတာ ကြားမိပြီး သိနေတာပါ"

လက်သီးခင်မောင်သည် ပြုံးနေလေ၏။ ရွာမှ လူများက ကျွန်ုပ်တို့ကို လက်ဖက်သုပ်၊ ရေနွေးကြမ်းတို့ဖြင့် ဧည့်ခံလေ၏။ လက်သီးခင်မောင်သည် အိမ်ပေါ်သို့တက်၍ ထိုင်နေလေ၏။ ငါးဖောင်စောင့်တဲမှ ကိုတာပေ ရောက်လာလေ၏။ လက်သီးခင်မောင်က ကိုတာပေကို သူ့အနားတွင် လာ၍ထိုင်စေ၏။

"လာ . . . ကိုတာပေ။ ဓားပြတွေ လှေစီးပြီး ချောင်းရိုးအတိုင်း အနောက်ဘက်ကို စုန်ဆင်းသွားတာ ခင်ဗျားက တွေ့မြင်လိုက်တယ်





ဆို။ ကျုပ်တို့ကို ဘာမှ ကြောက်စရာမလိုဘူး။ သိတဲ့အတိုင်း၊ မြင်တဲ့အတိုင်း ရဲရဲတင်းတင်းသာ ပြောဗျာ"

"ဟုတ်ပါတယ် ဆရာ။ လျှပ်စီးအလက်မှာ တွေ့လိုက်ရတာ။ လှေကို မနားတမ်း လှော်ခတ်သွားကြတာ။ မိုးကလည်း ရွာလိုက်တာ ဆရာရယ်။ ကြောက်စရာတောင်ကောင်းတယ်။ ပထမတော့ ကျွန်တော်က သစ်ပုံးကလူတွေလို့ ထင်တာ။ ရွာကလူတွေ ချောင်းကမ်းပါးမှာ ဆူဆူညံညံအသံတွေကြားမှ ဓားပြတိုက်ပြီး လူသတ်သွားတယ်ဆိုတာသိရတာ"

"အနောက်ဘက်ကို စုန်ဆင်းသွားတဲ့လှေမှာ လူဘယ်နှစ်ယောက် ပါသွားတယ်လို့ ထင်သလဲ"

"လူ လေးငါးယောက်ပဲဆရာ"

"ကျေးဇူးတင်ပါတယ် ကိုတာပေ။ ခင်ဗျား ဒီကောင်တွေကို လျှပ်စီးလက်တဲ့အရောင်နဲ့ မြင်တွေ့လိုက်တာဟာ . . . ကျုပ်တို့ ပုလိပ်အဖွဲ့အတွက်တော့ တရားခံတွေကို လမ်းစရှာတွေ့တာပဲ။ သူကြီးဦးတင်ဦးက အသတ်ခံရတဲ့ မိန်းကလေးအလောင်းကို နွားလှည်းနဲ့ သာယာဝတီဆေးရုံကိုပို့ဖို့ စီစဉ်ထားပါ။ မောင်သန်းမြင့်ဖက်ရာကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆေးထည့်ဖို့ ဆေးရုံကို ခေါ်သွားပါ"

အိုင်ပီဆွေဝင်းနှင့်အဖွဲ့ အခင်းဖြစ်သည့်နေရာသို့ လိုက်လာသည်ကို ကျွန်ုပ်တို့ လှမ်းမြင်လိုက်ရလေ၏။

"ကျုပ်တို့ကား ရွှံ့ဗွက်နစ်နေတာမြင်ရက်သားနဲ့ ကားကို ဝိုင်းကူတွန်းပေးဖို့ မစဉ်းစားဘဲ အခင်းဖြစ်ရပ်ကို အမြန်ရောက်အောင်လာတာကို ကျုပ်တော့ လုံးဝမကျေနပ်ဘူး အိုင်အိုခင်မောင်"

အိုင်ပီဆွေဝင်းက မောင်သန်းမြင့်၏ အိမ်ပေါ်သို့ ဘွတ်ဖိနပ်သံပြင်းပြင်းဖြင့် တက်လာရင်း လက်သီးခင်မောင်ကို မကျေမနပ်သောအမူအရာဖြင့် ပြောလေ၏။

"ဟေ့လူ . . . ကိုဆွေဝင်း။ ရုံးက ထွက်လာကြတော့ ခင်ဗျားက အခင်းဖြစ်ရပ်ကို ဦးစွာရောက်အောင် ကားကို အမြန်နှုန်းနဲ့ မောင်းထွက်သွားတာမဟုတ်လား။ ခင်ဗျားဘာသာ အသုံးမကျလို့ ကားဘီးရွှံ့ဗွက်နစ်နေတာကို ကျုပ်တို့က ဘာကြောင့်ကူညီတွန်းပေးရဦးမှာလဲ"

"ဒီကိစ္စကို အရေးပိုင်မင်းကို ပြောပြရမယ်။ လုပ်ဖော်ကိုင်ဖက်အချင်းချင်း ကူညီရိုင်းပင်းချင်စိတ်မရှိဘူး"

"ဒီမှာ ကိုဆွေဝင်း။ ခင်ဗျားရဲ့ မျက်နှာဖြူအရေးပိုင်ကို ကျုပ်





က ဂရုစိုက်တဲ့ကောင် မဟုတ်ဘူး။ ခင်ဗျားဘာသာ ပြောချင်ပြော၊ တိုင်ချင်တိုင်၊ လုံးဝအရေးမစိုက်ဘူး။ ဓားပြမှု၊ လူသတ်မှုကို ကျူးလွန်သွားတဲ့တရားခံတွေကို အမြန်ဆုံးဖမ်းဆီးမိအောင် ကြိုးစားဖမ်းဆီးဖို့ပဲ စိတ်ကူးရှိတယ်"

အိုင်ပီဆွေဝင်းက မျက်နှာကို တစ်ဖက်သို့ လှည့်ကာ ရှုံ့မဲ့နေလေ၏။

"အသတ်ခံရတဲ့မိန်းကလေးက  အသက်နှစ်ဆယ်အရွယ်လောက် ရှိသေးတာကိုး . . . ကျွတ် . . . ကျွတ်"

အိုင်ပီဆွေဝင်းက သေနတ်ဒဏ်ရာကို အကြိုလှန်လှော၍ကြည့်နေ၏။ လက်သီးခင်မောင်က ဘဝင်မကျသော မျက်လုံးများဖြင့် အိုင်ပီဆွေဝင်းကို ကြည့်နေလေ၏။ အိုင်ပီဆွေဝင်းသည် အလောင်းကို လှည့်ပတ်ကြည့်ရှုနေလေ၏။

"အိုင်အိုဗွေးဝင်း မိန်းကလေးရင်ညွန့်ကို အကျီနှင့်ပြန်ဖုံးပေးထားလိုက်ပါ"

လက်သီးခင်မောင်က ပြောလေ၏။

"ဟေ့ . . . ကိုခင်မောင်။ ဒီမှာ ကျုပ်အလောင်းကို စစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



နေတယ်လေဗျာ"

"မိန်းကလေးဟာ သေနတ်နဲ့ပစ်သတ်ခံရတယ်ဆိုတာ ဒဏ်ရာကို မြင်ရုံနဲ့သိနိုင်ပါတယ်။ ဒဏ်ရာက မမြင်အပ်တဲ့အရာအောက်မှာရှိနေတယ်လေ။ သေသူဆိုပေမယ့် သူ့သိက္ခာကို ထည့်စဉ်းစားရမယ်ဗျ"

"သေနတ်ဒဏ်ရာကို အသေအချာစစ်ဆေးကြည့်မှ ဓားပြတွေဟာ မိန်းကလေးကို ဘယ်လိုသေနတ်မျိုးနဲ့ ပစ်သွားတယ်ဆိုတာ စဉ်းစားလို့ရမှာပေါ့"

လက်သီးခင်မောင်က အသံထွက်အောင်ပင် ရယ်မောနေလေ၏။ ရပ်ကြည့်နေကြသည့် ရွာသူရွာသားများပင် အံ့ဩသွားကြလေ၏။

"အဟင်းဟင်း . . . ကိုဆွေဝင်းက လူတွေကို အထင်ကြီးအောင်ပြောနေပြန်ပါပြီ။ ကျုပ်က ခင်ဗျားအရည်အချင်းကို သိနေသူဆိုတော့ အထင်မကြီးနိုင်ဘူးဗျာ။ ကျုပ်တို့ မြန်မာတစ်မျိုးသားလုံး လူမျိုးခြားလက်အောက် ကျွန်ဘဝရောက်နေတဲ့အချိန်မှာ ဘယ်ဓားပြက ပစ္စတိုသေနတ်၊ နှစ်လုံးပြူးသေနတ် ကိုင်နိုင်မှာလဲဗျာ။ လုပ်



သေနတ်နှစ်လုံးပြူးပဲ ကိုင်နိုင်မှာပေါ့။ ကျည်ဆန်က သားမြတ်အောက်ရင်ညွန့်နားကဝင်ပြီး ကျောကုန်းက ဖောက်ထွက်သွားတာဗျ။ သေသူရဲ့ကျောကုန်းကို လှန်ကြည့်ချင်ကြည့်လိုက်ဦး"

ရွာသားအချို့၏ ကြိတ်၍ ရယ်မောသံကို ကျွန်ုပ်ကြားလိုက်ရလေ၏။

"ဓားပြတွေကို ပြန်လည်ခုခံတဲ့ သေသူမိန်းကလေးရဲ့ယောက်ျားဆိုတာ မင်းလား"

အိုင်စီဆွေဝင်းက မောင်သန်းမြင့်ကို မေးလေ၏။

"ဟုတ်ပါတယ်ဆရာ"

"အဟားဟား . . . မင်းလို ပိန်ပိန်ပါးပါး လူ့ဗလံလေးက ဓားပြငါးယောက်ကို ပြန်လည်ခုခံဝံ့တာ အံ့ဩတယ်ကွာ။ ဓားပြတွေက မင်းကိုလည်း သတ်မသွားတာ ကံကောင်းတယ်မှတ်"

အိုင်စီဆွေဝင်းသည် လှောင်ပြောင်ရယ်မောပြီး ပြောလေ၏။

"ဟာ . . . ဟော . . . ကိုဆွေဝင်း။ ခင်ဗျား ဘယ်လိုစကားမျိုးပြောလိုက်ရတာလဲ။ ဓားပြတွေကို ပြန်လည်ခုခံရဲတဲ့ သူ့သတ္တိကို ချီးကျူးရမှာဗျ။ ခင်ဗျားလို ကြောက်စိတ်ရှိတဲ့သူက ကိုယ့်ဓိဘ်နဲ့နှိုင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



မပြောစမ်းပါနဲ့ဗျာ"

အိုင်ပီဆွေဝင်းသည် မောင်သန်းမြင့်အား မေးမြန်းပြီး အိုင်အို ကျော်တင့်အား စာအုပ်ကလေးထဲတွင် ရေးမှတ်နိုင်းလေ၏။ ဝါးဖောင်စောင့် ကိုတာပေကိုလည်း စစ်ဆေးမေးမြန်းလေ၏။

"မိုးတွေ သည်းထန်စွာရွာသွန်းနေတဲ့အချိန်မှာ ဓားပြတွေ လှေစီးပြီး အနောက်ဘက်ကို လှော်ခတ်သွားတာကို လျှပ်စီးလက်တဲ့ အရောင်နဲ့ မြင်လိုက်ရတယ်ဆိုတော့ ခင်ဗျားက ချောင်းထဲကို ဘယ် အတွက်ကြောင့် ကြည့်နေရတာလဲ။ ဒီကောင်လေးအိမ်ကို ဓားပြတိုက် မယ်ဆိုတာ ခင်ဗျားက ကြိုတင်သိနေလို့လား"

အိုင်ပီဆွေဝင်းက ဝါးဖောင်စောင့်ကိုတာပေကို မသင်္ကာ သောမျက်လုံးများဖြင့် ကြည့်ရင်း မေးမြန်းလေ၏။ သူ၏ ခါးကြားမှ လက်ထိပ်ကိုလည်း လက်ဖြင့်ဆွဲယူလိုက်၏။ ကိုတာပေမှာ မျက်လုံး အဝိုင်းသား ဖြစ်သွားလေ၏။

"ဟာ . . . မသိပါဘူး ဆရာရယ်။ ကျွန်တော်က ဝါးဖောင်စောင့် ဆိုတော့ ချောင်းထဲကို မိုးရွာတာနဲ့ အမြဲကြည့်နေရတယ်။ တောင်ကျ ရေဆင်းလာရင် တောင်ကျရေနဲ့အတူ မျောပါလာတဲ့ ကျွန်းတုံးတွေက





ဝါးဖောင်တွေကို ဝင်ဆောင့်ပြီး ဝါးဖောင်တွေပြတ်ပြီး မျောမှာစိုးရိမ်လို့ ပါဆရာ။ ဝါးဖောင်တွေပြတ်မျောသွားရင် ဝါးဖောင်ပိုင်ရှင်က ကျွန်တော့် လစာထဲက ဝါးဖောင်ဖိုးတွေဖြတ်ယူမှာ ဆရာရဲ့"

"ခင်ဗျား အဖြေကို ကျုပ်သဘောမကျဘူး"

"ဟာ . . . ကိုဆွေဝင်း။ ကိုတာပေပြောတာ သဘာဝကျတယ်။ ခင်ဗျားသာ ဝါးဖောင်စောင့်ဆိုရင်လည်း ခင်ဗျားစောင့်ရှောက်ရတဲ့ ဝါးဖောင်တွေကို သူ့လိုပဲ ဂရုစိုက်မှာပဲ မဟုတ်ဘူးလား"

လက်သီးခင်မောင်စကားကြောင့် အိုင်ပီဆွေဝင်း ငြိမ်ကျသွား လေ၏။

"ခင်ဗျားတို့ရွာသားတွေက သေနတ်သံ မကြားမိဘူးလား"

"မိုးက ဝုန်းဒိုင်းကြဲအောင်ရွာသွန်းနေတာ ဘယ်သူက သေနတ်သံကြားနိုင်မှာလဲ ဆရာရယ်။ မိုးရွာထဲမှာ မောင်သန်းမြင့်က အိမ်တွေကို လိုက်ပြောမှ ဓားပြတိုက်ခံရပြီး လူသတ်ခံရတာကို သိရ တာပါ"

"ဒီကိစ္စမျိုးဆိုတာ ရွာခံမပါဘဲ လုပ်လို့မရဘူး။ ခင်ဗျားတို့ရွာ သားထဲကတစ်ယောက်ဟာ ဓားပြမှု၊ လူသတ်မှုမှာ ပါဝင်နေတာ ကျိန်း



www.burmeseclassic.com

www.burmeseclassic.com



သေနေပြီ။ ဒီတော့ ခင်ဗျားတို့ရွာသားထဲက မသက်သေရာလူကို ဖမ်းဆီးသွားပြီး စစ်ဆေးလိုက်ရင် တရားခံတွေအားလုံးကို သိလာမှာပဲ"

"ဓားပြမှုမှာ ရွာခံတစ်ဦးဦး ပါဝင်နေမယ်လို့ ခင်ဗျားယူဆတာကို ကျွန်တော် သဘောကျတယ်။ ဒါပေမယ့် ခင်ဗျား မသင်္ကာမယ့်သူက ဘယ်လိုလူလဲ။ ဘာမှအပြစ်မရှိတဲ့ ရွာသားတစ်ယောက်ကို ဖမ်းဆီးခေါ်သွားပြီး နည်းအမျိုးမျိုးနဲ့ ညှဉ်းပန်းနှိပ်စက်ပြီး စစ်ဆေးတာမျိုးတော့ မဖြစ်စေချင်ဘူး"

"ဒီကောင်လေးအိမ်ရဲ့ အနီးအပါးမှာနေတဲ့လူတွေက အသတ်ခံရတဲ့ မိန်းကလေးဝတ်စားတာကို မနာလိုမုန်းထားဖြစ်ပြီး လက်ထောက်ချတာကော မဖြစ်နိုင်ဘူးလား"

"ဆရာကိုခင်မောင်ရယ် . . . ကြည့်လုပ်ပါဦးဗျာ။ ကျွန်တော်တို့ တစ်ရွာလုံးကလူတွေဟာ မိသားစုတွေလို ချစ်ချစ်ခင်ခင်နေကြတာပါ။ တစ်ဦးရဲ့အလုပ်ကို တစ်ဦးက ကူညီလုပ်ကိုင်ပေးကြတယ်။ ရွာဦးကျောင်းဆရာတော်ဘုရားကြီး ဦးဝိသာရရဲ့ ဩဝါဒကိုခံယူပြီး နေထိုင်ကြတာပါ။ တစ်ဦးနဲ့တစ်ဦး မလိုမုန်းထားစိတ်တွေ မရှိကြပါဘူး"

သူကြီးဦးတင်ဦးက ဝင်ပြောလေ၏။





"သူကြီးစကားကို ကျွန်တော် ယုံကြည်ပါတယ်။ ကဲ . . . ကျန်တဲ့ပုလိပ်အရာရှိတွေက ဘယ်လိုစဉ်းစားမိသလဲ။ ကိုဆွေဝင်းပြောတဲ့နည်းကတော့ လုံးဝမဖြစ်နိုင်ပါဘူး။ တရားခံအစစ်မဟုတ်တဲ့ ရွာသားကို စစ်ဆေးမိရင် အဲဒီရွာသားအနေနဲ့ အလွန်နစ်နာပါတယ်"

အိုင်ပီဆွေဝင်းက လက်သီးခင်မာင်ပြောသောစကားကို မကျေနပ်သောမျက်နှာအနေအထားဖြင့် ဘဝင်မကျဖြစ်နေလေ၏။ ရွာသူရွာသားများက သူ့ကို ဘာမှအထင်မကြီးသော မျက်လုံးများဖြင့် ဝိုင်းကြည့်နေကြသည်ကိုသိသော အိုင်ပီဆွေဝင်းသည် အိမ်ပေါ်မှ ဆင်းသွားလေ၏။

"ကဲ . . . သူကြီးတို့လည်း အသုဘကိစ္စတွေ ဆောင်ရွက်ရဦးမှာမဟုတ်လား။ ဒီတော့ အလောင်းကို ဆေးရုံကိုသယ်သွားကြပြီး ပန်ချာပီဆရာဝန်ကြီးဆီကို အပ်လိုက်ပါ။ သူက အလောင်းကဒဏ်ရာကို စစ်ဆေးလိမ့်မယ်။ ကျုပ်တို့ကတော့ စစ်ဆေးပြီးပြီမို့ ပြန်တော့မယ်"

လက်သီးခင်မောင်က ပြောသည်။

"ဒီက ညီလေးကလည်း ကိုယ့်စိတ်ကို ကိုယ်ဖြေပါကွာ။ မင်းမိန်းမကိုသတ်ပြီး ဓားပြတိုက်သွားတဲ့သူတွေကို အစ်ကို မုချစမ်းဖော်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပေးပါ့မယ်။ ရာဇဝင်ဓါးဆိုတာ ပြေးလို့မလွှတ်ပါဘူး။ အစ်ကိုတို့ ပြန်ဦးမယ်နော်။ မင်းလည်း ဆေးရုံကိုလိုက်သွားပြီး ဒဏ်ရာကို ဆေးထည့်ပါ။ ပန်ချာပီဆရာဝန်ကြီးက မင်းရဲ့ဒဏ်ရာကို စစ်ဆေးပြီး ဆေးစစ်ချက် ယူထားလိမ့်မယ်"

"ဟုတ်ကဲ့ပါ အစ်ကို။ ကျေးဇူးတင်ပါတယ်"

"ဆရာတို့အဖွဲ့ ကျွန်တော့်အိမ်မှာ ထမင်းစားသောက်ပြီးမှ ပြန်ကြပါလား"

သူကြီးဦးတင်ဦးက ပြောလေ၏။

"အင်း . . . ကောင်းသားပဲ။ ကြက်သားဟင်း ကောင်းကောင်း ချက်ဗျာ"

အိမ်ရှေ့တွင်ရပ်နေသော အိုင်ပီဆွေဝင်းက ပြော၏။

"ဟာ . . . ကိုဆွေဝင်း။ ခင်ဗျားက အမှုကိုစစ်ဆေးဖို့လာတာလား၊ ထမင်းစားဖို့လာတာလား။ ပြန်ပြီးစဉ်းစားဦး"

"သူကြီးက ကျွန်တော်တို့ကို ထမင်းမကျွေးလိုက်ရရင် စိတ်မကောင်းဖြစ်နေမှာစိုးလို့ပါဗျာ။ ထမင်းစားချိန်လည်း ရောက်နေလို့ပါ အဟင်းဟင်း"





"ခင်ဗျားက အရာရှိဆိုတဲ့သိက္ခာကိုတောင်မထောက် ပြောပေမယ့် ကျုပ်တို့က အားနာတယ်ဗျ။ ခင်ဗျားတို့လေးယောက် ထမင်းစားပြီးမှ ပြန်ချင်ပြန်ခဲ့ကြပေါ့။ ကျုပ်တို့သုံးယောက်ကတော့ ပြန်နှင့်မယ်"

အိုင်ပီဆွေဝင်း၏မျက်နှာမှာ ရှုံ့မဲ့သွားလေ၏။

"ကဲ . . . သူကြီး။ ကျုပ်တို့ ထမင်းမစားဖြစ်တော့ဘူး။ စားစေချင်ရင်တော့ ကြက်သုံးကောင်လောက်ဖမ်းပြီး ကားနောက်ခန်းထဲ ထည့်ပေးလိုက်"

"ဟင်း . . . ကျုတ် ဒီလူကွာ။ သူများပစ္စည်းဆိုရင် မရရအောင် ယူချင်တယ်။ လာ . . . ကိုဘသိန်းနဲ့ကိုဒွေးဝင်း။ ကျုပ်တို့သွားကြမယ်"

လက်သီးခင်မောင်က ရှေ့မှ ဦးဆောင်ထွက်သွားလေ၏။ ကျွန်ုပ်တို့သုံးယောက်သည် အရေးပိုင်ရုံးသို့ ပြန်လာခဲ့ကြလေ၏။ လက်သီးခင်မောင်က အခင်းဖြစ်ရပ်သို့ သွားရောက်စစ်ဆေးစဉ်က မြင်တွေ့ကြားသိခဲ့ရသမျှ အရေးပိုင် မစ္စတာဒေးလာစမ်အား တင်ပြနေလေ၏။

"တရားခံတွေဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ မောင်

www.burmeseclassic.com



မင်းသိလာခဲ့ပြီလား"

အရေးပိုင်၏စကားကြောင့် လက်သီးခင်မောင်၏မျက်နှာသည် တင်းမာသွားလေ၏။

"ကျုပ် မမြင်မတွေ့လိုက်ရတဲ့နေရာမှာဖြစ်ပွားတဲ့မှုခင်းတစ်ခုကို ဘယ်သူတွေ ကျူးလွန်တယ်ဆိုတာ ချက်ချင်းပြောနိုင်ရလောက်အောင် ကျုပ်မှာ နတ်မျက်စိ မရှိဘူး။ အကြားအမြင်ရ ပုဂ္ဂိုလ်လည်း မဟုတ်ဘူး"

"What နတ်မျက်စိ"

"ချက်ချင်းမြင်တွေ့နိုင်တဲ့မျက်စိကိုပြောတာ။ မနေ့က မိုးသည်းထန်စွာရွာသွန်းနေတဲ့အချိန်မှာ ဖြစ်ပွားသွားတာကြောင့် ရွာကလူတွေတောင် တစ်ယောက်မှ မသိလိုက်ကြဘူး။ ဓားပြတွေဟာ ချောင်းရိုးအတိုင်း လှေနဲ့ အနောက်ဘက်ကို စုန်ဆင်းသွားတယ်ဆိုတာ မြင်တွေ့လိုက်တဲ့ မျက်မြင်သက်သေတစ်ဦးပဲ ရှိပါတယ်"

"ဒါဆိုရင် တရားခံတွေဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ မောင်မင်းတို့ ဘယ်လိုဖော်ထုတ်မလဲ။ ကျွန်ုပ်ကို ပုလိပ်မင်းကြီးက ထုချေလွှာတောင်းမှာတော့ သေချာနေပြီ"





"ဒီသာယာဝတီနယ်ကို ကျုပ်ရောက်လာကတည်းက တရားခံမပေါ်သေးတဲ့အမှုတွေကို ကျုပ်ဖော်ထုတ်ပေးခဲ့တာ ဘယ်လောက်များနေပြီလဲ။ တရားခံတွေကိုစုံစမ်းဖို့ အချိန်အနည်းငယ်တော့ပေးရလိမ့်မယ်။ ဒီအမှုက တရားခံတွေကို အမြန်ဆုံးဖမ်းဆီးပေးဖို့ ကျုပ်တာဝန်ယူတယ်"

"အာမခံရဲလုချည်လား အိုင်အိုခင်မောင်"

"ကျုပ်က ကျုပ်ကိုယ်ကျုပ် ယုံကြည်မှုအပြည့်ရှိတယ်"

"အိုင်အိုဆွေဝင်းနဲ့အဖွဲ့က ဘာလို့မရောက်လာသေးတာလဲ"

"သူကြီးပေးတဲ့ကြက်ကို စောင့်ပြီးယူနေလို့ နောက်မှာကျန်ခဲ့တာပါ အရေးပိုင်မင်း"

ကျွန်ုပ်က ဝင်၍ပြောမိလေ၏။

"အိုး . . . တော်တော်ဆိုးတဲ့လူပါလား။ ကျွန်ုပ်က အမှုကိုသွားရောက်စစ်ဆေးခိုင်းတာ။ ကြက်ယူဖို့လွှတ်လိုက်တာမှ မဟုတ်တာဘဲ"

"ကျွန်တော်မျိုးတို့ ပြန်ရောက်လာပါပြီ အရေးပိုင်မင်း"

အိုင်ပီဆွေဝင်းနှင့်အဖွဲ့သည် ကြက်လေးကောင်ကို ကိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



အရေးပိုင်ရုံးခန်းထဲသို့ ဒရောသောပါး ဝင်လာကြလေ၏။ အရေးပိုင်မှာ မျက်စိမျက်နှာပျက်နေလေ၏။ အိုင်ပီဆွေဝင်းသည် အခင်းဖြစ်ပွားသည့် ပန်းဆွဲရွာသို့သွားရာ လမ်းတွင် ကားဘီးနှံ့နစ်နေသည်မှစ၍ အခင်းဖြစ်ရပ်တွင် သူ မည်သို့စစ်ဆေးခဲ့သည်ကို ဝါကြွားသောစကားလုံးများဖြင့် အရေးပိုင်မစ္စတာ ဖေးလာစမစ်ကို တင်ပြနေလေ၏။

"ကျွန်တော်မျိုးက မသက်သာတဲ့ရွာသားကို ဖမ်းဆီးလာပြီး စစ်ဆေးချင်တာ။ အိုင်အိုခင်မောင်က ကန့်ကွက်လို့"

"ဟ . . . ဒီမှာ ကိုဆွေဝင်း။ ဒီအမှုက ခင်ဗျားစိတ်ထင်တိုင်း ဆောင်ရွက်လို့ရမယ့် အမှုမျိုးမဟုတ်ဘူးဗျ။ ညနေ နေဝင်ခါနီး မိုးတွေ သဲကြီးမဲကြီးရွာသွန်းနေတဲ့အချိန်မှာ ဖြစ်ပွားခဲ့တာဗျ။ အဲဒီရွာကလူတွေကို အကဲခတ်ကြည့်တော့လည်း အဲဒီလို ယုတ်မာရက်စက်တဲ့စိတ်မျိုး မရှိကြဘူးဆိုတာ ခန့်မှန်းလို့ရတယ်။ ဒါကြောင့် ရွာခံစစ်စစ်ထဲက လူဟာ ဒီဓားပြ၊ လူသတ်မှုမှာ မပါဘူးဆိုတာ တွက်ဆလို့ရတယ်"

"ကဲ . . . ကဲ . . . မောင်မင်းတို့ စကားများမနေကြပါနဲ့။ ဓားပြလူသတ်မှုက တရားခံတွေကို အမြန်ဆုံးဖမ်းဆီးမိအောင်သာကြိုးစားပါ။ မောင်မင်းတို့ သွားနိုင်ပါပြီ။ အိုင်အိုခင်မောင် သင်ကျွန်ုပ်ကိုပေးထား





တဲ့ကတိကို"

"ကျွန်ုပ်တို့ မြန်မာလူမျိုးတွေဟာ ကတိကို ဘယ်တော့မှ မဖောက်ဖျက်တတ်ဘူး။ မင်းမှာသစ္စာ လူမှာကတိဆိုရိုးရှိတယ်။ မကြာခင်သိရစေမယ်"

လက်သီးခင်မောင်သည် ဆင်နားရွက်တံခါးကို တွန်းကာ အရေးပိုင်၏ ရုံးခန်းထဲမှ ရင်ကိုကော့ပြီး ထွက်သွားလေ၏။

× × ×

"ကျွန်ုပ်တို့ပုလိပ်အဖွဲ့မှာ အိုင်ပီဆွေဝင်းလို လူမျိုးတွေရှိနေတာ ပုလိပ်အဖွဲ့ သိက္ခာကျတယ်။ တိုင်းတစ်ပါးသားရဲ့အုပ်ချုပ်မှုအောက်မှာ တာဝန်ထမ်းဆောင်နေရတာမဟုတ်လား။ ကျွန်ုပ်တို့ မြန်မာအချင်းချင်း စာနာစိတ်ထားသင့်တယ်။ အိုင်ပီဆွေဝင်းကတော့ အမှုအခင်းဖြစ်လာရင် တရားလိုဘက်ကိုလည်း လာဘ်စားတယ်။ တရားခံဘက်ကိုလည်း လာဘ်စားတယ်။ တရားခံကိုစစ်ဆေးတော့လည်း ညှာမတာနှိပ်စက်တယ်။ အခုအချိန်အထိ သူဖော်ထုတ်နိုင်ခဲ့တဲ့အမှု ဘယ်နှစ်မှုရှိခဲ့သလဲ"



www.burmeseclassic.com

www.burmeseclassic.com



လက်သီးခင်မောင်က နေ့စဉ်မှတ်တမ်းစာအုပ်ကို ဖိတ်ရင်း ပြော၏။

"ဟုတ်ပါ့ဗျာ . . . အခင်းဖြစ်တဲ့ရွာတွေကိုရောက်ရင် သူလိုချင်တာတွေ တောင်းတော့တာပဲ။ တကယ်သိက္ခာမရှိတဲ့သူဗျာ။ အခုဆိုရင် ပန်းဆွဲရွာမှာ မားပြတိုက်ပြီး လူသတ်သွားတဲ့သတင်းကို တစ်နယ်လုံးက လူတွေက စိတ်ဝင်စားနေကြတယ်။ ဟိုနေရာမှာလည်း ဒီသတင်း ဒီနေရာမှာလည်း ဒီသတင်းပြောဆိုနေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ မောင်သန်းမြင့်ကို ရွှေဆယ်နဲ့ သာယာဝတီမြို့ပေါ်က လူတွေအားလုံးက သိနေကြတာကိုး။ မအေးဝင်း အသုဘကိုချတဲ့နေ့က မြို့ကလူတွေ သွားကြတယ်။ မောင်သန်းမြင့်နဲ့ သူ့သားလေးကတော့ တကယ်သနားစရာကောင်းတယ်။ အသတ်ခံရတဲ့ မအေးဝင်းအတွက် စိတ်မကောင်းဖြစ်ကြတယ်။ ကောင်မလေးမိဘတွေရဲ့ဆန္ဒအရ အသုဘကို ငါးရက်ထားတယ်ဆိုပဲ"

"ကောင်မလေး အသုဘချတဲ့နေ့က ကိုဘသိန်းက အရေးပိုင်နိုင်းလို့ ခေတ္တရွာက ပုလိပ်ဝန်ထောက်ဆီကို စာသွားပို့နေရတယ် မဟုတ်လား။ ကျုပ်နဲ့ ကိုဌေးဝင်းတို့ အသုဘကိုသွားတယ်။ မောင်သန်း



မြင့်က ကျုပ်တို့နှစ်ယောက်ကို ထမင်းအတင်းကျွေးတယ်။ ကျုပ်တို့ ငြင်းမရတာကြောင့် သူစိတ်ချမ်းသာအောင် ထမင်းစားလိုက်ရတယ်။ မောင်သန်းမြင့်ဟာ မထင်မှတ်ဘဲ ကျုပ်တို့ထမင်းရှင်ဖြစ်သွားတယ်။ ထမင်းရှင်ရဲ့ကျေးဇူးကို အပြည့်အဝဆပ်ပြန်ဖို့ ကျုပ် စိတ်ကူးထားတယ်"

"ကိုခင်မောင်ကတော့ ကြံဖန်ပြီး ကျေးဇူးတင်နေပြန်ပါပြီ"

"ကျုပ်စိတ်ရင်းအတိုင်းပြောပြတာ ကိုဘသိန်း။ အဲဒီအသုဘချမီ ကျုပ်တို့က သူကြီးအိမ်မှာသွားနေတယ်။ ရွာထဲကလူတွေရဲ့ အခြေအနေကို အကဲခတ်ပေးဖို့ သူကြီးဦးတင်ဦးကို တီးတိုးမှာကြားရတယ်။ ဒီလိုအမှုမျိုးဆိုတာ ရွာခံတစ်ယောက် သို့မဟုတ် နှစ်ယောက် ပါဝင်တတ်တာမျိုးဆိုတော့ . . . ဒီရွာသားတွေပုံစံက ရိုးသားပါတယ်။ မားပြမှုထဲမှာ မပါနိုင်ပါဘူးလို့ တထစ်ချဆုံးဖြတ်ထားလို့လည်း မဖြစ်ပြန်ဘူး။ ထူးခြားရင် ကျုပ်တို့ဆီကို လူလွှတ်ပြီး လာပြောပေးဖို့ မောင်သန်းမြင့်ကိုလည်း မှာခဲ့ရတယ်။ သူ့မိန်းမအသုဘချတော့ မောင်သန်းမြင့် ငိုလိုက်တာဗျာ။ ဒေါသတွေလည်းထွက်နေလို့ ရွာသားတွေက အတင်းချုပ်ထားရတယ်"

"ဟင် . . . ကိုခင်မောင်တို့က အသုဘကိုသွားသေးတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီရက်တွေမှာ ကျုပ်က ပန်းဆွဲရွာကနေ အနောက်ဘက် ချောင်းရိုးတစ်လျှောက် ရွာစဉ်အဆက်ဆက် အခင်းဖြစ်တဲ့နေ့က လှေ တစ်စင်းစုန်ဆင်းပြီး လာမလာကို စုံစမ်းခဲ့တယ်။ ပန်းဆွဲရွာက ဖိုးခေါင် ရွာအထိ ဆိုပါတော့။ ရွှေဆယ်ချောင်းရိုးက ဖိုးခေါင်ရွာရဲ့ တောင်ဘက် မှာဆုံးတာလေ။ အဲဒီချောင်းရိုးက ဖိုးခေါင်ရွာတောင်ဘက်ရောက်တော့ တောင်မြောက်သွယ်တန်းစီးဆင်းနေတဲ့ မြစ်မခမြစ်ထဲကို စီးဝင်တယ်။ ခါးဖြတ်ပြီးစီးဝင်တယ်လို့ ပြောရမှာပေါ့။ ဖိုးခေါင်ရဲ့တစ်ဖက်ကမ်းမှာ ဒွယ်ရွေးရွာဆိုတာ ရှိတယ်။ ရွှေဆယ်ချောင်းနဲ့ မြစ်မခမြစ်ဆုံတဲ့နေရာ မှာ ဗြိတိသျှအစိုးရက ပဲခူးရိုးမက မျှောချတဲ့သစ်လုံးတွေကို ကြိုးနဲ့တား ထားတဲ့ သစ်ပုံးရှိတယ်။ အဲဒီသစ်ပုံးကို မြင်တာနဲ့ ကျုပ် အတော်အား တက်သွားမိတယ်။ သစ်ပုံးမှာ အစောင့်ရှိတယ်။ ချောင်းထဲကလှေက မြစ်ထဲသွားချင်ရင် သစ်ပုံးစောင့်တဲ့လူက သစ်လုံးတားတဲ့ သံမဏိကြိုး ကို အပေါ်သို့ မြှောက်တင်ပေးထားမှ လှေက ကြိုးအောက်ကဖြတ်သွား လို့ရမယ်။ အခုလို တော်သလင်းလဆိုရင် ချောင်းရေနဲ့ မြစ်ရေဟာ တစ်သားတည်းဖြစ်နေတယ်။ ကျုပ်က ဓားပြမှု၊ လူသတ်မှုဖြစ်တဲ့ညတုန်း သစ်ပုံးစောင့်တဲ့သူကို မေးတယ်။ ဒီလောက် မိုးတွေ သဲကြီးမဲကြီးရွာ





နေတဲ့နေ့က ဘယ်သူ သတိမရနိုင်ဘဲရှိမှာလဲ။ သစ်ပုံးစောင့်တဲ့သူက ချက်ချင်းသတိရသွားပြီး . . .

ဆရာပြောတဲ့ညဆိုရင် လွန်ခဲ့တဲ့ ငါးရက်လောက်ကပဲ။ အဲဒီ နေ့က မိုးတွေရွာလိုက်တာတစ်အားပဲ။ အဲဒီညက လှေစီးလာတဲ့သူ ငါးဦးက ဟိုးမှာလှမ်းမြင်နေရတဲ့ လှေ၊ မော်တော်သွားတဲ့လမ်းပေါက်ကို ဖွင့်နိုင်းတယ်။ ညကျရင် ချောင်းရေနဲ့အတူ မျှောပါလာတတ်တဲ့သစ်လုံး တွေ မြစ်ထဲမျောပါသွားမှာစိုးလို့ သစ်လုံးတားတဲ့ ကြိုးကို အမြဲပိတ် ထားတယ်။ ကျွန်တော်က တဲပေါ်က ဘယ်သူတွေလဲဟေ့လို့ အော်မေး တော့ လှေပေါ်ကလူတွေက အရေးတကြီးလူနာရှိလို့ မြို့က ဆရာဝန် ကိုသွားပင့်လာတာလို့ ပြောတယ်။ ကျွန်တော်က မိုးချုပ်လှချည်လား လို့မေးတော့ ကျွန်တော်တို့က ညနေကတည်းက မြို့ကိုတက်သွားတာ။ အခုမှ ဆရာဝန်ခေါ်လို့ရလို့တဲ့။ ကျွန်တော်က သူတို့လှေဘက်ကို လက် နှိပ်ဓာတ်မီးနဲ့ လှမ်းထိုးကြည့်လိုက်သေးတယ်။ အနောက်ဘက်က ရွာ သားတွေနေမှာပဲ။ လူနာအတွက် ဆရာဝန်သွားပင့်လာတာဆိုတော့ သစ်လုံးတားတဲ့ကြိုးတန်းကို မပြီးဖွင့်ပေးလိုက်တယ်လို့ပြောတယ်။

"ကျုပ်က အဲဒီလူတွေရဲ့မျက်နှာကို ခင်ဗျား မမှတ်မိဘူးလား



www.burmeseclassic.com

www.burmeseclassic.com



မေးတော့ ကျွန်တော်က ချောင်းကမ်းပါးဘေးက တဲပေါ်က သူတို့က ချောင်းရဲ့အလယ်မှာဆိုတော့ မျက်နှာတွေက ပိုးတဝါးပဲ။ ဒါပေမယ့် ငါး ယောက်ထဲမှာ တစ်ယောက်က သျှောင်မြီးရှည်နဲ့ဗျ။ အသက်သိပ်မကြီး သေးဘူး။ မိုးကရွာနေတော့ ရေနစ်တဲ့ကြွက်ကလေးတွေကျနေတာပဲ လို့ ပြောတယ်။ ကျုပ်အတွက် ဒုတိယသဲလွန်စရသွားပြီလေ။ ဒီဓားပြ လူသတ်မှုအတွက် တရားခံတွေကိုဖမ်းဆီးဖို့က လက်တစ်ကမ်းပဲရှိပါ တော့တယ်"

"အခုလို သဲလွန်စရတဲ့အကြောင်း အရေးပိုင်ကို တင်ပြပြီးပြီ လား"

လက်သီးခင်မောင်က ခေါင်းခါ၍ပြလေ၏။

"ဘယ်တင်ပြလို့ဖြစ်ဦးမှာလဲ ကိုဘသိန်းရယ်။ အရေးပိုင်ကို ပြောပြလိုက်ရင် အရေးပိုင်ရဲ့အိမ်ကို မျက်နှာလို မျက်နှာရ အမြဲသွား နေတဲ့ အိုင်ဝီဆွေဝင်းကသိပြီး အနောက်ဘက်က ကမ်းနားရွာတွေမှာ ဟိုးလေးတကျော်ဖြစ်အောင် စုံစမ်းတော့မယ်။ အဲဒီအခါကျရင် တရားခံ တွေက သိသွားပြီး အဖမ်းခံရမှာစိုးလို့ အဝေးကို ထွက်ပြေးတိမ်းရှောင် သွားတော့မှာပေါ့"





"အင်း...အဲဒါလည်း ဟုတ်တာပဲ။ အိုင်ဝီဆွေဝင်းက ကိုယ်ပိုင် အရည်အချင်း ဘာမှမရှိဘဲ လူတွင်လုပ်မယ်လို့ ကိုဘသိန်း တွေးထား တာ မှန်တယ်။ ဒီတော့ ကိုဘသိန်းက ဘယ်လိုစုံစမ်းမယ်လို့ စိတ်ကူး ထားသလဲ"

"ကျုပ်က သာယာဝတီနဲ့ ရွှေဆယ်က လက်ဖက်ရည်ဆိုင် တွေမှာ လျှောက်ထိုင်ရင်း ဇွယ်ရွှေး၊ အသရော်၊ ဇီးပွဲ၊ အိပ်လဟာ၊ အင်းပုညာ၊ မြစ်ကျိုး၊ အသနော် ရွာသားတွေနဲ့ သိကျွမ်းထားတယ်။ အဲဒီ ရွာတွေကို အလည်အပတ်သွားသလိုနဲ့ စုံစမ်းမယ်။ ဒီည အိပ်ရာစော စောဝင်ကြမယ်။ မနက်ကျရင် ခင်ဗျားနဲ့ကျုပ် ဇွယ်ရွှေးနဲ့ အသရော်ရွာ ကို သွားကြမယ်"

"အဲဒီရွာတွေကို သွားမယ့်အကြောင်း အရေးပိုင်ကို တင်ပြဦး မလား"

"ဒီအရေးပိုင်ကို ဘယ်အကြောင်းအရာမှ မပြောပြထားလို့ မဖြစ်သေးဘူး"

"အင်း . . . ကျွန်တော်သဘောပေါက်ပြီ ကိုခင်မောင်"

"အဲသလို အကင်းပါးမှပေါ့ ကိုယ့်လူရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ဦးသည် သဘောကျကာ ရယ်မောမိကြလေ၏။ ထို့နောက် အိပ်ရာထဲသို့ ဝင်လာခဲ့ကြလေ၏။

"အိုင်ဗီဆွေဝင်းက တရားခံတွေကို သိပ်ဖမ်းချင်နေတာ။ ဘယ်လိုစုံစမ်းပြီး ဖော်ထုတ်ရမှန်းမသိတော့ အခက်ကြုံနေရပုံပဲ။ အဆံမရှိတဲ့စပါးပင်လို လူမျိုးဆိုတော့ ထောင်ထောင်လုပ်နေတာက အမြင်ကပ်ဖို့ကောင်းတယ်ဗျာ"

"ဟုတ်တယ် . . . ကိုခင်မောင်ရယ်။ ခင်ဗျားသာ စားပြ၊ လူသတ်မှုက တရားခံတွေကိုဖမ်းမိသွားရင် ဒီလူ ဘယ်လောက် မနာလိုဖြစ်လိမ့်မလဲ"

"အားနွဲ့တဲ့ သားသည်မိခင်တစ်ယောက်ကို ရက်ရက်စက်စက်သတ်ပြီး ပစ္စည်းတွေယူသွားတဲ့ တရားခံတွေကို လူမှုရေးအရရော ဥပဒေအရရော အလွတ်ပေးလို့ ဘယ်ဖြစ်မှာလဲ။ ရွှေဆယ်မြို့ လမ်းမတော်လမ်းမှာနေတဲ့ ချိန်စံမီ (ခေါ်) လုထွန်းဆိုတဲ့ လူမျိုးခြားကောင်က သူ့အိမ်မှာခိုင်းထားတဲ့ အရွယ်မရောက်သေးတဲ့ ကောင်မလေးကို မုဒိမ်းကျင့်တဲ့အမှုတုန်းက အမှုမှန်ပေါ်ပေါက်အောင် ကျုပ်လုပ်ခဲ့သလဲဆိုတာ ကိုဘသိန်းအသိပဲ။ အဲဒီလူမှာ သမီးသုံးယောက်တောင်ရှိတာ။





သားသမီးချင်း မစာမနာယုတ်မာတော့ ပြတ်ပြတ်သားသား ဖော်ထုတ်ပြီး ထောင်ချပစ်လိုက်တယ်။ မုဒိမ်းကျင့်ခံရတဲ့ ကောင်မလေးဘက်က လိုက်ပါဆောင်ရွက်ပေးတဲ့ ရွှေဆယ်မြို့ ဈေးလမ်းမှာနေတဲ့ ဝတ်လုံတော်ရ ရှေ့နေကြီးဦးဘရှိန်းက လုထွန်းကို မေးမြန်းပြီး ဥပဒေသံမဏိကြိုးနဲ့ တစ်ပတ်ချင်းချည်နှောင်သွားတာက သိပ်ပညာသားပါတာပဲ။ ဒါမှ မျိုးချစ်စိတ်ရှိတဲ့ ဝတ်လုံတော်ရရှေ့နေလို့ခေါ်တာ။ ကျုပ်ကတော့ ဝတ်လုံတော်ရ ရှေ့နေကြီးဦးဘရှိန်းကို အလွန်လေးစားမိတယ်။ အခုအမှုကိုလည်း ဝတ်လုံတော်ရ ရှေ့နေကြီးဦးဘရှိန်းကို တရားလိုဘက်က လိုက်ပါဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံရမယ်။ ဒီလိုတရားခံမျိုးတွေကို ငွေများလို့ တရားနိုင်သွားတာမျိုး လုံးဝမဖြစ်စေရဘူး။ ကဲ . . . အိပ်တော့ . . . အိပ်တော့"

လက်သီးခင်မောင်၏ ဘုရားရှိခိုးသံကို ကြားရလေ၏။ သဘောမနောကောင်းသော မျိုးချစ်စိတ်အပြည့်ရှိသော လက်သီးခင်မောင်ကို ကျွန်ုပ်သည် လေးစားပြီးရင်း လေးစားနေမိတော့၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက်မိုးလင်းသည်နှင့် ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် သာယာဝတီ လမ်းမတော်လမ်းဘေးမှ မွန်ဆာမိ၏ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်နှင့် နံပြားကို နံနက်စာအဖြစ် သုံးပြီးသည်နှင့် ရွှေဆယ်ဘက်သို့ လန်ချားစီးကာ လာခဲ့လေ၏။ ရွှေဆယ်နှင့်သာယာဝတီ မြို့နှစ်မြို့ကြားမှ တာဆုံသို့ ရောက်လျှင် လန်ချားကို ရပ်နိုင်းလိုက်လေ၏။ ထိုအလယ်ကုန်းတာဆုံမှ ဖိုးခေါင်ရွာသို့ ရောက်ရန် မြင်းလှည်းစီးရလေ၏။ မြစ်ကမ်းနားရွာများမှ ငါးများကို မြင်းလှည်းနှင့်တင်ပြီး မြို့မှငါးဒိုင်သို့ နေ့စဉ်ပို့နေကြသည်။ ဖိုးခေါင်ရွာသည် ဆိပ်ကမ်းရွာလေးတစ်ရွာ ဖြစ်လေ၏။ မြင်းလှည်းထောင်ထားသည့် သူများစွာ ရှိလေ၏။ မကြာမီ ရွှေဆယ်မြို့ဘက်မှ မြင်းလှည်းတစ်စီး မောင်းလာသည်ကို လှမ်း၍ မြင်ရလေ၏။ မြင်းလှည်းပေါ်တွင် ရွာသူရွာသားများ စီးနင်းလိုက်ပါလာရင်း ရယ်ကာမောကာ စကားပြောလာကြသည်ကို မြင်တွေ့ရလေ၏။ လက်သီးခင်မောင်က မြင်းလှည်းကို လက်ဖြင့် လိုက်မည်ဟု အထာပြလိုက်ရာ မြင်းလှည်းသည် ကျွန်ုပ်တို့အနီးတွင် တုံ့ခနဲ ရပ်တန့်သွားလေ၏။

"လှည်းပေါ်မှာတော့ ခရီးသည်အပြည့်ပဲ ဆရာ။ လိုက်ချင်ရင်





တော့ ရှေ့မှာ အဆင်ပြေသလို စီးကြပေတော့။ ကျွန်တော်က တံပိုးတန်းပေါ်မှာထိုင်ပြီးမောင်းမယ်"

"လိုက်လို့ရရင်ပြီးတာပါပဲ"

လက်သီးခင်မောင်နှင့် ကျွန်ုပ်တို့သည် မြင်းလှည်း၏ ရှေ့ခုံတွင် တင်ပါးတင်ထားရုံသာထိုင်ပြီး လိုက်ပါလာခဲ့ကြလေ၏။

"ဟဲ့ . . . ချက်ဖောင်းရဲ့ မင်းပြောနေတဲ့စကားကို ဆက်စမ်းပါဦး။ ဒီကသူငယ်တွေ မြင်းလှည်းလှမ်းတားတာနဲ့ စကားစပြတ်သွားတယ်"

မြင်းလှည်းပေါ်မှ အဘိုးအိုသည် သူ့သွားကြားထွင်ညှပ်နေသော ကွမ်းဝါးဖတ်များကို လက်ညှိုးဖြင့် ထိုးကော်ထုတ်ရင်း ပြောလေ၏။

"အဲသလို မိုးတွေ သဲကြီးမဲကြီးရွာနေတုန်း ဓားပြတွေက ကောင်မလေးကို သေနတ်နဲ့ပစ်သတ်၊ သူ့ယောကျ်ားကို ဓားနဲ့ခုတ်ပြီး ရွှေငွေလက်ဝတ်လက်စားတွေကိုယူသွားတာလို့ ပြောနေကြတာပဲ"

ချက်ဖောင်းဆိုသူက ပြောသည်။

"ဟဲ့ . . . ချက်ဖောင်း။ နင်ပြောတာ တစ်ခုမှားနေတယ်ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



အသားမည်းမည်း၊ ရုပ်ဆိုးဆိုးနှင့် မိန်းမကြီးက ပြောလေ၏။

"ဘာများတာလဲ မကြီးအေးကြည်မရဲ့"

"ကောင်လေးရော၊ သူ့မယားပါ ဓားပြခေါင်းဆောင်က သေနတ်နဲ့ပစ်သတ်လိုက်တော့ ဒေါသဖြစ်ပြီး ဓားပြတွေကို ဝင်လုံးသတ်ပုတ်ရင်း လက်မောင်းမှာ ဓားရှပ်ထိသွားတာလို့ ငါ ဈေးဝယ်ရင်းကြားရတယ်ဟ"

လက်သီးခင်မောင်သည် မြင်းလှည်း၏ ဝင်းထဲတွင် ထိုင်နေသူများကို ကျောပေးထိုင်နေလေရာ စကားပြောသံများကို ငြိမ်၍နားထောင်နေလေ၏။ ကျွန်ုပ်က ခန္ဓာကိုယ်ကို ဘေးစောင်းအနေအထားဖြင့်ထိုင်နေရာ စကားပြောနေသူများကို မြင်တွေ့နေရလေ၏။

"ဒါဆိုရင် ဓားပြတွေက လူသတ်ပြီး ပစ္စည်းယူသွားတာကိုး။ မိုးရွာနေတဲ့အချိန်ဆိုတော့ ခေါ်မကြား၊ အော်မကြား ဖြစ်နေမှာပေါ့။ ဒီအမှုမျိုးဆိုတာ တရားခံပေါ်ဖို့ မလွယ်ပါဘူး။ ပုလိပ်ဆိုတဲ့ကောင်တွေကလည်း တရားခံပေါ်အောင်ဖော်ထုတ်ဖို့ထက် ဘယ်သူ့ဆီက ဘယ်လိုလာဘ်စားရပါ့မလဲဆိုပြီးတွေးနေတာ။ ပုလိပ်ဆိုရင် အသံကြားတာနဲ့ ရွံတယ်ကွာ"





အဘိုးအိုက သူ့စိတ်ထဲတွင်ရှိသည့်အတိုင်း ပြောနေလေ၏။ ကျွန်ုပ်တို့နှစ်ယောက်ကို ပုလိပ်အရာရှိများဟု မသိ၍လည်း ပြောနေခြင်းဖြစ်၏။ ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် အဘိုးအိုကို စိတ်မဆိုးသည့်အပြင် ပြုံးလို့သာနေလိုက်မိလေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ပုလိပ်အဖွဲ့တွင် အဘိုးအိုပြောသော လာဘ်စားသည့်ပုလိပ်များစွာရှိနေသောကြောင့် ဖြစ်လေ၏။

"ဓားပြတွေကလည်း ရက်စက်လိုက်ကြတာနော်။ မြန်မာတစ်မျိုးသား သူ့ကျွန်ဘဝရောက်နေရတဲ့အချိန်ကာလမှာ လောဘဇောတွေတက်ပြီး မြန်မာအချင်းချင်းဆီက ပစ္စည်းဥစ္စာကို သတ်ဖြတ်လုယူကြတာတော့ မကောင်းပါဘူး။ လူမျိုးခြားတွေဆီက တိုက်ခိုက်ယူသွားတယ်ဆို ဟုတ်သေးရဲ့"

"ဟာ . . . အစ်မကြီးအေးကြည်မကလည်း ဘယ်သူ့ပစ္စည်းဥစ္စာပဲဖြစ်ဖြစ် မတရားတဲ့နည်းနဲ့ယူတာ မကောင်းပါဘူး။ အခု အမှုကျူးလွန်တဲ့ကောင်တွေကို ပုလိပ်အဖွဲ့က အမြန်ဆုံးဖမ်းမိပါစေလို့ပဲ ဆုတောင်းနေမိတယ်"

"ငါတော့ မထင်ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းသည် ဖိုးခေါင်ရွာထဲသို့ ဝင်လာလေ၏။ မြင်းလှည်းဂိတ်တွင် မြင်းလှည်းမောင်းသူက မြင်း၏ဇက်ကြိုးကိုဆွဲထားလိုက်၏။ မြင်းလှည်းပေါ်မှ ဆင်းသွားကြသည်။ လက်သီးခင်မောင်က မြင်းလှည်းမောင်းသူအား မြင်းလှည်းစီးခကို ထုတ်ပေးပြီး မြစ်ဆိပ်ဘက်သို့ လျှောက်သွားလေ၏။ ကျွန်ုပ်က သူ၏နောက်မှ လိုက်လာခဲ့မိလေ၏။ ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် လှေကူးတို့ဖြင့် ဖွယ်ရွေးရွာက ကမ်းဘက်သို့ ကူးလာခဲ့ကြလေ၏။ မြစ်ရေအတက်အကျကြောင့် မြစ်ကမ်းပါးပေါ်တွင် နုန်း၊ နစ်များ လွှမ်းနေလေ၏။ ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် ဖိနပ်ကိုချွတ်ကာ ရွာထဲသို့လာခဲ့ကြ၏။ လက်သီးခင်မောင်က ရွာလယ်လမ်းတွင်တွေ့သော ရွာသားတစ်ဦးအား . . .

"နောင်ကြီး . . . ခင်ဗျားတို့ရွာမှာနေတဲ့ အသားမည်းခင်ဝင်း အိမ်ကို လမ်းညွှန်ပေးပါဗျာ။ သူ့အိမ်ကိုသွားချင်လို့"

ရွာသားက လက်သီးခင်မောင်၏မျက်နှာကို အကဲခတ်ပြီးမှ

"ဒီရွာလယ်လမ်းအတိုင်း လျှောက်သွားပါ။ ဒီကနေ ဆယ်လေးငါးအိမ်မြောက်လောက်ကျရင် အိမ်ရှေ့မှာ ရေအိုးစင်လေးရှိတဲ့ အိမ်ဟာ အသားမည်းခင်ဝင်းရဲ့ အိမ်ပါပဲဗျာ"





"ကျေးဇူးတင်ပါတယ်နော် နောင်ကြီး"

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် ရွာလယ်လမ်းအတိုင်း လျှောက်လာခဲ့ကြလေ၏။ အိမ်ရှေ့၌ ရေအိုးစင်ကလေးရှိသော အိမ်ရှေ့သို့အရောက်တွင် . . .

"ဗျို့ . . . ကိုခင်ဝင်း . . . ကိုခင်ဝင်း"

လက်သီးခင်မောင်က အိမ်ရှေ့မှ လှမ်း၍ ခေါ်လေ၏။

"ဟာ . . . ကိုခင်မောင်တို့ပါလား။ လာ . . . လာ . . . အိမ်ထဲကို ကြွပါဗျာ။ ခင်ဗျားက မိုးတွင်းကြီးကျမှ ရွာကိုလာလည်တယ်"

အသားမည်းခင်ဝင်းသည် နာမည်နှင့်လိုက်အောင်ပင် သူ၏ အသားရေများက မည်းနက်နေလေ၏။ အိမ်ထဲမှ ပြေးထွက်လာပြီး ကိုခင်မောင်၏လက်ကို ဆွဲကာ ခေါ်လေ၏။

"ခင်ဗျားက ကျုပ်ကို ရွာကိုလာလည်ဖို့ ဖိတ်ခေါ်နေတာကြာပြီ။ ကျုပ်က လည်ချင်ပတ်ချင်စိတ်ပေါ်လာတာနဲ့ ကျုပ်သူငယ်ချင်းကို ခေါ်ပြီးလာခဲ့တာ"

"လာလည်တာကိုပဲ ကျေးဇူးတင်နေပါပြီဗျာ"

ကိုခင်ဝင်းက အိမ်ဦးခန်းတွင် ဖျာခင်းပေးသည်။ သူ့မယားက



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်ထဲမှထွက်လာပြီး ကျွန်ုပ်တို့ကို ကြည့်နေ၏။

"ကိုခင်မောင်ရေ . . . ဒါကျွန်တော့်မိန်းမ မသန်းခင်။ သူက အသားဖြူဖြူ။ ကျွန်တော်က အသားမည်းမည်း။ ဘယ်လောက်လိုက်ဖက်သလဲလို့ . . . အဟင်းဟင်း"

ကိုခင်ဝင်း၏စကားကြောင့် ကျွန်ုပ်တို့နှစ်ယောက် ပြုံးလိုက်မိကြ၏။ ကိုခင်ဝင်းက သူ့မယားကို မီးဖိုချောင်ထဲသို့ခေါ်သွားပြီး တီးတိုးပြောနေ၏။ ထို့နောက် မီးဖိုချောင်ထဲမှ ပြန်၍ထွက်လာလေ၏။

"အိမ်မှာ အလုပ်တွေရှုပ်နေတာနဲ့ မြို့ကိုမရောက်တာ အတော်ကြာပြီ။ လက်ဖက်ရည်မသောက်ရတာလည်း ကြာလှပါပြီဗျာ"

"အင်း . . . အဲဒါကြောင့် ခင်ဗျားကို မြို့မှာမတွေ့တာကိုး"

"ရောက်တုန်းရောက်ခိုက် ရွာမှာနေကြဦးပေါ့။ အေးအေးစကားပြောကြမယ်"

"ဟုတ်တယ် . . . ကျုပ်လည်း အလုပ်ထဲမှာ ဝန်ပိနေလို့ စိတ်ရှုပ်နေတာကြာပြီ။ စိတ်အပန်းဖြေတဲ့သဘောမျိုးနဲ့ ခင်ဗျားဆီကိုလာခဲ့တာ"

ညနေစောင်းလျှင် ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် မြစ်





ထဲသို့ဆင်းကာ ရေချိုးကြလေ၏။ မြစ်ကမ်းနားတွင် အဝတ်လျှော်သူ၊ ရေချိုးသူများနှင့် စည်ကားနေလေ၏။ ထိုရွာမှ ရွာသူရွာသားများသည် မျက်နှာစိမ်းဧည့်သည်ဖြစ်သော ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့ကို သေချာစွာ အကဲခတ်နေကြလေ၏။ ညပိုင်းတွင် ကိုခင်ဝင်းတို့လင်မယားက ကျွန်ုပ်တို့နှစ်ဦးကို ငါးဟင်းမျိုးစုံဖြင့် ထမင်းကျွေးလေ၏။ ထို့နောက် အိမ်ရှေ့မှ ကွပ်ပျစ်တွင်ထိုင်ကာ ရေနွေးကြမ်း၊ ငါးရံ့ခြောက်ဖုတ်ဆီဆမ်းတို့ဖြင့် စကားဝိုင်းဖွဲ့ကြလေ၏။ ပထမတွင် လက်သီးခင်မောင်သည် သူတို့အညာဒေသမှ လူများ၏အကြောင်းကို ကိုခင်ဝင်းအား ပြောပြနေလေ၏။ ညဉ့်နက်လာသောအချိန် ကိုခင်ဝင်း၏ မိန်းမနှင့် ကလေးများ အိပ်ရာသို့ဝင်သွားကြသည့်အချိန်တွင် လက်သီးခင်မောင်က ကိုခင်ဝင်းအား . . .

"ကိုခင်ဝင်း . . . ခင်ဗျားဟာ ကျုပ်တို့အပေါ်မှာ သစ္စာရှိမယ့်သူလို့ ယုံကြည်လို့ ပြောရဦးမယ်။ အခု ကျုပ်မေးမယ့်စကားကို ခင်ဗျားကလွဲရင် ဘယ်သူ့ကိုမှ မသိစေချင်ဘူး။ ကျုပ်ဟာ ခင်ဗျားသိထားသလို ကုန်သည်ပွဲစားတစ်ဦးမဟုတ်ဘူး။ သာယာဝတီအရေးပိုင်ရုံးက ပုလိပ်အရာရှိတစ်ယောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ရွှေဆယ်မြို့အရှေ့ဘက်၊ တောင်ပန်းဆွဲရွာမှာ ဖြစ်ပွားခဲ့တဲ့ ဓားပြ၊ လူသတ်မှုအတွက် စုံစမ်းရအောင် ခင်ဗျားရှိတဲ့ရွာကို ဆင်းလာတာ"

"ဟုတ်ကဲ့"

လက်သီးခင်မောင်က အသားမည်းခင်ဝင်းအား ဓားပြမှု၊ လူသတ်မှု မည်သို့ဖြစ်ပွားခဲ့ပုံကို နားလည်သဘောပေါက်အောင် ပြောပြလိုက်လေ၏။

"အေးဗျာ . . . ကြားရတာစိတ်မကောင်းလိုက်တာ။ တော်တော်မိုက်ရိုင်းတဲ့ ကောင်တွေပဲ။ ပစ္စည်းကိုဓားပြတိုက်ရုံမကဘဲ လူပါသတ်သွားတယ် . . . ကျွတ် . . . ကျွတ်"

"ဒီတော့ ကိုခင်ဝင်းက အနောက်ကမ်းနားရွာက လူတွေရဲ့ အခြေအနေကို လေ့လာပေးပါ။ မကောင်းမှုကိုကျူးလွန်ထားတဲ့သူရဲ့ မျက်လုံးတွေဟာ ဘယ်တော့မှ မတည်ငြိမ်ဘူး။ လူတိုင်းကို သံသယစိတ်နဲ့ အကဲခတ်နေတတ်တယ်။ ကျောမလုံဘူးဆိုတဲ့ စကားမျိုးလိုပေါ့။ လူတစ်ယောက်ဟာ သာမန်အမှုအရာ၊ အပြောအဆိုအတိုင်း မဟုတ်





ဘဲ ထူးခြားနေရင် ဘေးလူက သတိထားမိတာပဲ။ အဲဒီလူမျိုးကိုတွေ့ရင် ကျုပ်နဲ့ခင်ဗျား တွေ့ဆုံခင်မင်ခဲ့တဲ့ လက်ဖက်ရည်ဆိုင်ကို အကျိုးအကြောင်းစာရေးပြီး ပေးခဲ့။ ကျုပ် အဲဒီဆိုင်ကို နေ့တိုင်းသွားမေးမယ်။ ထူးခြားမှုသတင်းရရင် ကျုပ်တို့ဆင်းလာခဲ့မယ်။ အဲဒါကိုတော့ ခင်ဗျား ကူညီပါ"

"စိတ်ချပါ ကိုခင်မောင်။ ဒီဓားပြလူသတ်မှုအကြောင်းကို ကိုခင်မောင်ပြောပြကတည်းက ကျွန်တော်က ဓားပြတွေအပေါ်မှာ ဒေါသဖြစ်နေတာ။ ကျွန်တော်စုံစမ်းပေးမယ်"

"ဒါဆိုရင် ကျုပ်တို့နှစ်ယောက် မနက်ဖြန် မနက်အစောကြီး ပြန်မယ်။ အဲဒီအမှုပေါ်အောင်က စုံစမ်းဖော်ထုတ်ဖို့တာဝန်ယူထားတယ်။ အခြားရွာတွေမှာလည်း စုံစမ်းရဦးမယ်"

"ဟုတ်ကဲ့ပါ ကိုခင်မောင်"

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် အိပ်ရာသို့ ဝင်လာခဲ့ကြလေ၏။ နောက်နေ့မနက်တွင် ဖွယ်ရွေးရွာမှ ပြန်လာခဲ့ကြလေ၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ နေ့လယ်တွင် ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် သာယာဝတီဈေးလမ်းမှ တွမ်ခင်လက်ဖက်ရည်ဆိုင်တွင်ထိုင်ကာ လက်ဖက်ရည်သောက်နေမိကြလေ၏။ ထိုလက်ဖက်ရည်ဆိုင်သို့ လူတန်းစား အလွှာပေါင်းစုံမှလူများ လက်ဖက်ရည်လာသောက်တတ်သည်ဖြစ်ရာ ထူးခြားသောသတင်း ရလိုရငြား လက်ဖက်ရည်သောက်ရင်းနားစွင့်နေမိလေ၏။ ထိုအချိန်တွင် တောင်ပန်းဆွဲရွာမှ မောင်သန်းမြင့်သည် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာလေ၏။

"လာဟေ့ . . . မောင်သန်းမြင့်။ အစ်ကိုတို့ ဒီမှာကွ"

လက်သီးခင်မောင်က မောင်သန်းမြင့်ကို လှမ်း၍ခေါ်၏။

"ကျွန်တော် အစ်ကို့ဆီလာတာ အရေးပိုင်ရုံးကို ရောက်သွားသေးတယ်။ အဲဒီကပုလိပ်သားက နေ့လယ်ဆိုရင် ဈေးလမ်းက တွမ်ခင်လက်ဖက်ရည်ဆိုင်မှာ အိုင်အိုတို့နှစ်ယောက် ထိုင်တတ်တယ်လို့ ပြောလို့လိုက်လာတာ"

"အစ်ကိုတို့လည်း မင်းဆီကို လာမယ်စိတ်ကူးထားတာ။ အနောက်ဘက်က ကမ်းနားက ရွာတွေကိုဆင်းပြီး သတင်းစုံစမ်းနေလို့ မလာဖြစ်သေးတာ"





"ကျွန်တော် သတိရတာလေးတစ်ခုရှိလို့ အစ်ကိုတို့ကို လာပြီးပြောပြတာ"

လက်သီးခင်မောင်က ခေါင်းညိတ်လေ၏။

"ဟေ့ . . . ပေါက်ဖော်လေး။ လက်ဖက်ရည်တစ်ခွက်ပေးကွာ"

လက်သီးခင်မောင်က စားပွဲထိုးတရုတ်ကလေးကို ခေါ်ကာ ပြောလေ၏။

"ကဲ . . . ပြောစမ်းပါဦး မောင်သန်းမြင့်ရယ်။ မင်းသတိရတယ်ဆိုတဲ့ကိစ္စ"

"ကျွန်တော်တို့အိမ်မှာ ဓားပြတိုက်မခံရမီ တစ်လလောက်က ရွာမှ အနောက်ဘက်ကမ်းနားက လူတစ်ယောက် လာနေသွားတယ်။ နာမည်က ချစ်တင်တဲ့။ အဲဒီလူက ရွာမှာနေတုန်း ရွာကလူတွေကို ကျွန်တော်တို့လင်မယားအကြောင်းကို မကြာခဏ မေးသတဲ့။ ဓားပြတိုက်မခံရမီ တစ်ပတ်လောက်မှာ အဲဒီလူဟာ ကျွန်တော်တို့ရွာက ပြန်သွားတယ်။ ဓားပြတိုက်တဲ့အထဲမှာ အဲဒီလူ ပါနေသလားလို့ သံသယဖြစ်မိတယ်"

လက်သီးခင်မောင်က မောင်သန်းမြင့်၏စကားကို နားစေထောင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခေါင်းတဆတ်ဆတ်ညိတ်နေလေ၏။

"မင်းတွေးမိတာဖြစ်နိုင်ပါတယ်။ ဪ . . . ဒါနဲ့ ဓားပြတိုက်ဖို့လာတဲ့သူတွေထဲမှာ ချောင်မြီးရှည်နဲ့လူတစ်ယောက်ပါတယ် မဟုတ်လား"

"ဟုတ်တယ် . . . အစ်ကို။ ပထမတော့ သူက ခေါင်းပေါင်းထားတော့ မသိဘူး။ ကျွန်တော့်ဖနီးကို သေနတ်နဲ့ပစ်သတ်ပြီး ပစ္စည်းတွေယူထွက်ပြေးသွားတော့မှ အဲဒီလူဟာ ဆံပင်အရှည်ကြီးနဲ့ဆိုတာ သိလိုက်ရတာ"

"ဖိုးခေါင်ရွာတောင်ဘက် ရွှေဆယ်ချောင်းနဲ့ မြစ်မခမြစ်ဆုံတဲ့ သစ်ပုံးမှာစောင့်တဲ့သူက အစ်ကို့ကို သတင်းပေးလို့သိထားတာ"

ထိုစဉ် လက်ဖက်ရည်ဆိုင်ထဲသို့ အသားမည်းခင်ဝင်း ဝင်လာလေ၏။ လက်သီးခင်မောင်က လက်ယပ်၍ ခေါ်လိုက်၏။

"အရေးပိုင်ရုံးခန်းရှေ့မှာစောင့်တဲ့ ပုလိပ်သားက ဒီကို့လွှတ်လိုက်တာမဟုတ်လား"

"ဟုတ်တယ် . . . ကိုခင်မောင်ရေ။ ရွာကတက်လာပြီး ရုံးကိုသွားတာ"





အသားမည်းခင်ဝင်းက လက်သီးခင်မောင်၏ဘေးတွင် ဝင်ထိုင်လေ၏။

"ဘယ်လိုလဲ ကိုခင်ဝင်း။ ထူးခြားမှုရှိလို့လား။ ပြောစမ်းပါဦး"

"ကိုခင်မောင် မှာကြားတဲ့အတိုင်း အနောက်ဘက်ရွာတွေမှာ စုံစမ်းကြည့်တော့ ဖောင်းချမ်းရွာမှာ ချောင်မြီးရှည်နဲ့လူကို တွေ့တယ်။ အဲဒီလူက လွန်ခဲ့တဲ့ငါးနှစ်လောက်က ဓားပြမှုနဲ့ ထောင်ကျဖူးတယ်ဆိုတာသိရတယ်"

"အဲဒီလူနာမည်က ဘယ်သူလဲ"

"စိန်လင်းတဲ့ ဆရာ။ ဒီလူနဲ့ ဆက်ဆံကောင်တွေကိုလည်း လေ့လာခဲ့တယ်"

"အဲဒီလူတွေထဲမှာ ချစ်တင်ဆိုတဲ့လူ ပါသလား"

"ပါတာပေါ့ဆရာ။ ဒီလူက ဖောင်းချမ်းရွာအနောက်ပိုင်းမှာ နေတယ်"

"လူပုံပန်းသဏ္ဌာန်က"

"အရပ်ငါးပေသုံးလက်မလောက် ရှိမယ်။ မျက်နှာ[illegible]ပြားတယ်။ နှာခေါင်းကြီးတယ်။ ပါးစပ်ပြဲတယ်။ အသားက [illegible]လားတမျှ



www.burmeseclassic.com

www.burmeseclassic.com



မည်းတယ်။ နားမှာ နားပေါက်နဲ့။ လမ်းသွားရင် ခြေခွင်နေသလိုသွားတယ်"

"ဟုတ်တယ် . . . အစ်ကို။ ချစ်တင်ဆိုတဲ့လူဟာ ကိုခင်ဝင်းပြောတဲ့ ပုံပန်းသဏ္ဌာန်ပဲ"

"ဟာ . . . ဒါဆို အသေအချာလေ့လာပြီးမှ ဓားပြတိုက်တာပဲ။ ကျုပ်တို့အဖွဲ့ ဒီည ဖောင်းချမ်းရွာကိုသွားချင်တယ်။ မောင်သန်းမြင့်ပါ တစ်ခါတည်းလိုက်ခဲ့ကွာ။ ကိုခင်ဝင်း . . . ဒါ . . . မောင်သန်းမြင့်ဆိုတာလေ။ ဓားပြတိုက်ခံရပြီး မိန်းမအသတ်ခံရတဲ့ ကောင်လေးလေ"

"ဩော် . . . ဟုတ်ကဲ့။ ငါက မင်းတို့ ဓားပြတိုက်ခံရတာကို ကိုခင်မောင် ပြောပြလို့သိရပြီး ဓားပြတွေကို မကျေမနပ်ဖြစ်နေတာ။ အိမ်အလုပ်တွေကို ခဏထားပြီး အနောက်ဘက်ကမ်းနားရွာတွေမှာ လိုက်ပြီးစုံစမ်းနေတာ။ အခုသိရပြီဆိုတော့ ကိုခင်မောင်တို့ လွှပ်ရှားဖို့ပဲလို့တော့တယ်။ ချောင်မြီးရှည်က ဖရှိတယ်။ ဒီကောင်နဲ့ ချစ်တင်က ညီအစ်ကိုဝမ်းကွဲတွေလေ။ ဒီကောင်နှစ်ကောင်ကိုမိရင် ကျန်တဲ့ကောင်တွေ ပြေးလို့မလွတ်ပါဘူး"

**လက်သီးခင်မောင်က လက်ဖက်ရည်ဖိုး ရှင်း၏။**





"လာ . . . ကိုဘသိန်း။ ကျုပ်တို့ အရေးပိုင်ကို သွားရောက်တင်ပြပြီး ဖောင်းချမ်းရွာကို ချက်ချင်းသွားကြမယ်"

လက်သီးခင်မောင်နှင့်ကျွန်ုပ်သည် မောင်သန်းမြင့်နှင့် ကိုခင်ဝင်းကိုခေါ်ကာ အရေးပိုင်ရုံးသို့ လာခဲ့လေ၏။ လက်သီးခင်မောင်က အရေးပိုင်အား ရရှိလာသောသတင်းကိုတင်ပြသည်။

"အိုင်အိုခင်မောင် အခြားအိုင်ပီနဲ့အိုင်အိုတွေကိုပါ ခေါ်သွားပါ။ တရားခံတွေကို မိအောင်ဖမ်းပါ"

"ကျုပ်နဲ့ကိုဘသိန်း နှစ်ယောက်တည်းဦးဆောင်ပြီး ပုလိပ်သား အင်အား (၇)ယောက်ခေါ်သွားရင် လုံလောက်ပါပြီ"

"ရာဇဝတ်ကောင်တွေကို အထင်မသေးပါနဲ့ အိုင်အိုခင်မောင်"

"ဒီကောင်တွေကို အထင်မသေးဘလို့ အထင်လည်းမကြီးပါဘူး။ ကျုပ်တို့ ဖောင်းချမ်းရွာကိုသွားဖို့ ပြင်ဆင်ရဦးမယ်"

"ပြင်ဆင်ပါ။ ပြင်ဆင်ပါ အိုင်အိုခင်မောင်။ ပုလိပ်သား အလုံအလောက်လည်းခေါ်သွားပါ"

"ပုလိပ်သား (၇)ယောက်ဆိုရင် ရပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် . . . အရေးထဲ အိုင်ဝီဆွေဝင်း၊ အိုင်ပီမြင့်သောင်းတို့က ဘယ်သွားနေကြသလဲ မသိဘူး"

"သူတို့ရှိတော့လည်း ဒီစားပြလူသတ်မှုက ရာဇဝတ်ကောင်တွေရဲ့သတင်းကို စုံစမ်းနိုင်တာမှတ်လို့၊ ခင်ဗျားက အရည်အချင်းမရှိဘဲ ခင်ဗျားတို့ ကိုလိုနီအစိုးရရဲ့လစာကို လိမ်ညာယူနေတဲ့ ပုလိပ်တွေကို တော်တော်အထင်ကြီးတာပဲ။ တောက် . . . ကျုပ်နဲ့ကိုဘသိန်းတို့ သွားလို့ရပြီလား"

"သွားပါ . . . သွားပါ အိုင်အိုခင်မောင်"

လက်သီးခင်မောင်သည် ရုံးခန်း၏ ဆင်နားရွက်တံခါးကို ဆောင့်ဖွင့်ပြီး အခန်းအပြင်သို့ ထွက်သွားလေ၏။ ကျွန်ုပ်က အရေးပိုင်အား အရှိအသေပေးပြီး သူ့နောက်သို့ မပြေးရုံတမည် လိုက်လာခဲ့ရလေ၏။ ထို့နောက် ကျွန်ုပ်တို့လေးယောက်သည် ရွှေဆယ်ချောင်းဆိပ်ကမ်းသို့လာခဲ့လေ၏။ ချောင်းဆိပ်တွင် ရပ်ထားသော မော်တော်တစ်စီးအား အကူအညီတောင်းပြီး ချောင်းရိုးအတိုင်း အနောက်ဘက်သို့ စုန်ဆင်းလာခဲ့ကြလေ၏။ ရွှေဆယ်ချောင်းဝသို့ရောက်လျှင် အနောက်ဘက်သို့ ရောက်နေပြီဖြစ်သော နေလုံးသည် ငုပ်လျှိုးပျောက်ကွယ်ရန်





အားယူနေပြီ ဖြစ်လေ၏။ ချောင်းဝမှ မြစ်မခမြစ်ထဲသို့ မော်တော်ကို ဖြတ်မောင်း၏။ ထိုမှ ဇောင်းချမ်းရွာသို့ ဆက်မောင်းနိုင်းလေ၏။ ဇောင်းချမ်းရွာမြစ်ကမ်းနားသို့ရောက်တော့ မှောင်စပျိုးနေပြီဖြစ်၏။ ကျွန်ုပ်တို့သည် ဇောင်းချမ်းရွာမြစ်ကမ်းနားတွင် ရာဇဝတ်ကောင်များအိမ်သို့ မည်သို့ဝင်ရောက်ကြမည်ကို ဆွေးနွေးတိုင်ပင်ကြ၏။ ညအမှောင်သို့ ရောက်လာလေ၏။ အသားမည်းခင်ဝင်းက ကျွန်ုပ်တို့အဖွဲ့ကို ဇောင်းချမ်းရွာသူကြီး ဦးဘိုသာအိမ်သို့ ခေါ်သွားလေ၏။ လက်သီးခင်မောင်က သူကြီးဦးဘိုသာအား အကျိုးအကြောင်းပြောပြပြီး သျှောင်မြီးရှည်နှင့် ချစ်တင် နေထိုင်သောနေရာများကို မေးမြန်းပြီး စဉ်းစားနေလေ၏။ ပြီးမှ မည်သို့လှုပ်ရှားကြမည်ကို ပုလိပ်သားများအား အသေးစိတ်မှာကြားနေ၏။

ကျွန်ုပ်တို့အဖွဲ့သည် သျှောင်မြီးရှည်နှင့် ချစ်တင်တို့ ခြံဝင်းများကို ပုလိပ်သားများနှင့် ဝိုင်းထားလေ၏။ သျှောင်မြီးရှည်၏အိမ်ထဲ၌ ရေနံဆီမီးခွက်ထွန်းထားသည်ကို မြင်ရလေ၏။ သူကြီးဦးဘိုးသာက

"ဟေ့ . . . စိန်လင်း . . . စိန်လင်း"

ဟု အိမ်ရှေ့မှ အော်၍ခေါ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ လာခဲလေ"

"ငါ ဘိုးသာပါကွ"

"ဟာ . . . သူကြီးပါလား။ ညကြီးမိုးချုပ်ကျမှ ဘာခိုင်းစရာရှိလို့လဲ သူကြီးရယ်။ ရွာသားတစ်ယောက်ယောက်ကို ခေါ်ခိုင်းလိုက်ရင်ပြီးရော ကျွန်တော်လာမှာပေါ့"

သျှောင်မြီးရှည်နှင့်လူက ရေနံဆီမီးခွက်ကို ကိုင်ကာ အိမ်ထဲမှထွက်လာလေ၏။ သူ့နောက်မှ လူတစ်ယောက်လည်း လိုက်လာ၏။

"ဘာမှခိုင်းစရာမရှိပါဘူးကွာ။ ဒီက ဧည့်သည်တွေက မင်းနဲ့တွေ့ချင်လို့တဲ့"

သျှောင်မြီးရှည်နှင့် နောက်မှလိုက်လာသူသည် ယှဉ်၍လျှောက်လာလေ၏။

"အစ်ကို သျှောင်မြီးရှည်ဘေးက လူက ချစ်တင်ဆိုတာပဲ"

မောင်သန်းမြင့်က လက်သီးခင်မောင်ကို တီးတိုးပြောပြလေ၏။ လက်သီးခင်မောင်က ခေါင်းညိတ်၍ပြလေ၏။

"ဘယ်ကဧည့်သည်တွေလဲ"

သျှောင်မြီးရှည်နှင့် ချစ်တင်သည် ကျွန်ုပ်တို့အနားသို့ ရောက်





လာလေ၏။ သျှောင်မြီးရှည်က လက်သီးခင်မောင်နှင့် ကျွန်ုပ်တို့၏မျက်နှာများကို သေချာစွာကြည့်နေ၏။ ချစ်တင်က မောင်သန်းမြင့်ကိုမြင်တော့ မျက်စိမျက်နှာပျက်သွား၏။ ကျွန်ုပ်က ဂျာကင်အင်္ကျီထဲသို့လက်ထည့်ထားပြီး နှစ်လုံးပြူးသေနတ်ကို အသင့်ကိုင်ထားလေ၏။

"ဧည့်သည်ဆိုတာ သူတို့တွေလား သူကြီး။ သူတို့ကို ကျွန်တော်မသိပါလား"

သျှောင်မြီးရှည်က အာလေးလျှာလေးသံကြီးဖြင့် ပြောလေ၏။ သူတို့နှစ်ယောက် ကျွန်ုပ်တို့အနားသို့ ရောက်လာသည်နှင့် အရက်နံ့ စူးစူးဝါးဝါးကို ရှူရှိုက်မိရာ သျှောင်မြီးရှည်နှင့်ချစ်တင်သည် အရက်သောက်နေကြမှန်း ရိပ်စားမိလိုက်လေ၏။

"ခင်ဗျားက ကျုပ်တို့ကို မသိဘူးဆိုတာတော့ ထားပါတော့။ ခင်ဗျားဘေးကလူဟာ ခင်ဗျားနဲ့ ညီအစ်ကိုဝမ်းကွဲတော်စပ်တဲ့ ချစ်တင်ဆိုသူ မဟုတ်လား"

"ဟုတ်ပါတယ်။ ခင်ဗျားတို့ ကျုပ်ဆီကို ဘာကိစ္စလာတာလဲ"

လက်သီးခင်မောင်က သျှောင်မြီးရှည်ကို လက်ကာပြလေ၏။

"ချစ်တင် . . . ခင်ဗျား သူ့ကိုသိသလား"



www.burmeseclassic.com

www.burmeseclassic.com



လက်သီးခင်မောင်သည် မောင်သန်းမြင့်အား လက်ညှိုးထိုး ပြပြီး ချစ်တင်ကို မေးလေ၏။ ချစ်တင်သည် မောင်သန်းမြင့်၏မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ပြီး . . .

"မသိပါဘူး"

စကားနှင့်အတူ ခေါင်းခါပြလေ၏။

"တကယ်မသိတာလား စဉ်းစားပါဦး"

ချစ်တင်သည် ထပ်မံ၍ ခေါင်းခါပြလေ၏။

"တကယ်မသိတာပါ"

"အဲဒါတော့ ခင်ဗျား လိမ်ညာနေတာပဲ။ မောင်သန်းမြင့်က ပြောပြတော့ သူတို့ တောင်ပန်းဆွဲရွာမှာ ခင်ဗျား တစ်လလောက်လာ နေသွားတယ်ဆိုဗျ။ သူက ခင်ဗျားကို မှတ်မိနေတယ်"

"ဟုတ် . . . ဟုတ်ပါတယ်"

"ကိုဘသိန်း"

ကျွန်ုပ်သည် လက်သီးခင်မောင် ကြိုတင်မှာကြားထားသည့် အတိုင်း ဂျာကင်အင်္ကျီအိတ်ထဲမှ လက်ကို ထုတ်ကာ သျှောင်ဖြီးရှည် နှင့် ချစ်တင်တို့ကို သေနတ်ဖြင့် ထိုးချိန်ထားလိုက်လေ၏။





"ဟင်"

"မင်းတို့ လူပ်ရှားဖို့ မကြိုးစားနဲ့တော့ သျှောင်ဖြီးရှည်နဲ့ချစ်တင်။ မင်းတို့ကို ငါတို့ပုလိပ်သားတွေ ဝိုင်းထားပြီးပြီ။ ငါက အရေးပိုင်ရုံးက အိုင်အိုခင်မောင်ဆိုတာပဲ။ သူက အိုင်အိုဘသိန်း။ မင်းတို့ မောင်သန်းမြင့်ကို မသိဘူးဆိုတာ လုံးဝသဘာဝမကျဘူး။ သူ့ဆီက ရွှေငွေလက်ဝတ်လက်စားတွေကို မင်းတို့ ဓားပြတိုက်သွားတာပဲ။ မင်းတို့အဖွဲ့ထဲက တစ်ယောက်ကို ငါတို့ဖမ်းမိထားလို့ စစ်ဆေးလိုက်တော့ ဓားပြခေါင်းဆောင်သျှောင်ဖြီးရှည်ဆိုတာ ငါတို့သိလိုက်ရပြီ။ မင်းတို့ ဘာငြင်းချင်သေးသလဲ"

"တောက် . . . ဟိုကောင် ခင်စိုး ငါ့စကားကို နားမထောင်ဘူး။ လက်ဝတ်လက်စားတွေကို ရွှေဆယ်ရှေးလမ်းက မကြည်မြင့်ဆီမှာ သွားရောင်းတော့"

"ဘယ်လိုလဲ သျှောင်ဖြီးရှည်"

"ဖော်ကောင်ရှိနေမှတော့ ဝန်ခံရတော့မှာပေါ့"

"ငါက ပရိယာယ်နဲ့ ပြောလိုက်တာကို မင်းက တကယ်ထင် သွားတော့ သနားလိုက်တာကွာ။ ဒီဓားပြမှုမှာ ဘယ်သူတွေပါသလဲဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ပြောပြစမ်းပါဦး"

"ဇရပ်ကုန်းရွာက ထွန်းမောင်၊ ညောင်ပင်သာရွာက ခင်စိုး၊ ပန်းဆွဲရွာက ချစ်တင်ယောက်ဖ သောင်းစိန်"

"ဟင်"

သျှောင်ဖြီးရှည်၏စကားကြောင့် မောင်သန်းမြင့် အံ့ဩသွားလေ၏။

"မောင်သန်းမြင့် . . . မင်းတို့ရွာသား သောင်းစိန်က အခု ရွာမှာ ရှိသလား"

"ရှိတယ်အစ်ကို။ သူ ဘာမှမလုပ်တဲ့အတိုင်း ကြွေမပျက်ဘူး။ ကျွန်တော့်မိန်းမအသုဘကို လာရောက်လုပ်ကိုင်ပေးသေးတယ်။ တောက် . . . မထင်ဘူးဗျာ။ ရက်စက်လိုက်တာ"

လက်သီးခင်မောင်က သျှောင်ဖြီးရှည်နှင့် ချစ်တင်တို့၏ လက်နှစ်ဖက်ကိုတွဲကာ လက်ထိတ်ခတ်လိုက်၏။

"မောင်သန်းမြင့်ရဲ့မိန်းမကို သေနတ်နဲ့ပစ်သတ်တာ မင်းမဟုတ်လား"

လက်သီးခင်မောင်က သျှောင်ဖြီးရှည်၏ ပခုံးကိုပုတ်ကာ မေး





လေ၏။

"ဟုတ် . . . ဟုတ်ပါတယ်"

ထိုညတွင်ပင် ဇရပ်ကုန်းရွာမှ ထွန်းမောင်၊ ညောင်ပင်သာရွာမှ ခင်စိုးတို့ကို သွားရောက်ဖမ်းဆီးလေ၏။ ပန်းဆွဲရွာသို့ ဖိုးခေါင်မှ မြင်းလှည်းဖြင့်သွားပြီး သောင်းစိန်ကို ဖမ်းဆီးလိုက်၏။ ကျွန်ုပ်တို့အဖွဲ့လည်း ရာဇဝတ်ကောင်များအား သာယာဝတီအကျဉ်းထောင်မှ အချုပ်ခန်းရှိရာသို့ ခေါ်သွားပြီး ချုပ်ထားလိုက်လေ၏။ သာယာဝတီထောင်မှ အပြန်တွင် အရေးပိုင်နေသော ဘိုတဲသို့သွားပြီး အရေးပိုင်အား သတင်းပို့ရလေ၏။ အရေးပိုင် မစ္စတာအေးလာစမစ်၏မျက်နှာ ဝင်းလက်သွားလေ၏။

"လူကလေး ခင်မောင် . . . ကွန်ဂရက်ကျူးလေးရှင်း"

"မလိုပါဘူး။ ကျုပ်က ခင်ဗျားတို့ ကိုလိုနီအစိုးရရဲ့လစာကိုယူပြီး တာဝန်ထမ်းနေသူဆိုတော့ တာဝန်ကျေပွန်အောင်ဆောင်ရွက်ပေးတာပါ။ ဒါပါပဲ"

"လူကလေး ခင်မောင်နဲ့ လူကလေး ဘသိန်း။ သင်တို့ ပင်ပန်းသွားပြီမဟုတ်လား။ သွားပြီးအနားယူပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ အရေးပိုင်မင်း"

ဟု ကျွန်ုပ်ပြော၍ မဆုံးမီ လက်သီးခင်မောင်သည် အရေးပိုင်၏ရှေ့မှ သွက်လက်သောခြေလှမ်းများဖြင့် ထွက်ခွာသွားပြီဖြစ်လေ၏။ ကျွန်ုပ်က သူ၏နောက်သို့ ပြေး၍လိုက်လာခဲ့ရလေ၏။

"ကိုဘသိန်းရေ . . . ကျုပ်ကတော့ ဓားပြလူသတ်မှုကတရားခံတွေကို လက်ရဖမ်းဆီးမိလို့ ဝမ်းသာဂုဏ်ယူနေမိတယ်"

လက်သီးခင်မောင်သည် ရှေ့မှလျှောက်ရင်း ပြောနေလေ၏။

"သျှောင်မြီးရှည်က လူပါးဝနော်။ သူကိုင်တဲ့ လုပ်သေနတ်ကို ညောင်ပင်သာရွာက ခင်စိုးကို သိမ်းဆည်းခိုင်းထားတယ်။ ကိုခင်မောင်က သေနတ်အပ်ဖို့ပြောမှ ဘယ်မှာရှိတယ်ဆိုတာကို ပြောတာနော်"

"ကျုပ်က အပြစ်မရှိတဲ့ သားသည်အမေ မိန်းကလေးကို ဖိသေနတ်နဲ့ပစ်သတ်ထားတဲ့ ဒီကောင့်မျက်နှာကို လက်သီးသုံးလေးချက်ကျွေးချင်နေတာ။ နောက်မှ ဥပဒေအတိုင်း ပုဒ်မ ၃၉၆ အရ အရေးယူရမယ့်သူဆိုတော့ သူဟာ မလွဲမသွေ ကြိုးစင်တက်ရမယ်ဆိုတာသိနေလို့ စိတ်လျှော့လိုက်တာ"

"ပန်းဆွဲရွာက သောင်းစိန်က တော်တော်ကြာကြာခြေကောင်း





တယ်နော်။ သျှောင်မြီးရှည်ကိုမြင်မှ အံ့သြသွားပြီးဝန်ခံတာ"

"ကွင်းဆက်ဆိုတာ ခိုင်ခိုင်မြဲမြဲ ချိတ်မိအောင်တော့ ကြိုးစားရတယ်၊ ကွင်းဆက်ပြတ်သွားရင် မလွယ်ဘူး။ ဟိုလူ အိုင်ပီဓမ္မဝင်းကတော့ ဒီရာဇဝတ်မှုကို ကျုပ်က ဖော်ထုတ်လိုက်လို့ ဘယ်လောက်မနာလိုဖြစ်နေမလဲမသိဘူး။ ရာဇဝတ်ကောင်တွေသွားဖမ်းတဲ့ဆီကို ဒီလူပါလာရင်လည်း ကဖျက်ယဖျက်လုပ်မှာ စိုးရိမ်ရသေးတယ်။ အခုတော့ စိတ်ချမ်းသာလိုက်တာ"

"ကိုခင်မောင်ပြောတာ ဟုတ်တယ်"

"ကျုပ်ကတော့ မောင်သန်းမြင့်အတွက် စိတ်မကောင်းဘူး။ ဒီကောင်လေးအဖြစ်က ကျုပ်ငယ်စဉ်တုန်းက ဖတ်ဖူးခဲ့တဲ့ "နေဝင်စချိုးမရယ်ကူ"ဆိုတဲ့ ကဗျာလေးလို လေးပစ်သမားက ချိုးဖိုကို လေးနဲ့ပစ် အဖမ္ဘးနတ်ပြီး . . .

"ရင်ကိုခွဲလို့၊ အသည်းကိုပင်၊ ရှားမီးခဲတွင်၊ ရဲရဲငယ်ကင်သည်၊ အကျွန်မမြင်ဝံ့ပါပြီတကား၊ မွေချိုးဖိုရယ်မယ့်လင်သား"

ဆိုတာလို့ ဇနီးသည်တစ်ယောက်လုံး ကိုယ့်ရှေ့မှာ ရက်ရက်စက်စက် အသတ်ခံရတဲ့မြင်ကွင်းကို သူ့တစ်သက်မေ့နိုင်မယ်မထင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

လက်သီးခင်မောင်သည် ကျွန်ုပ်တို့နေထိုင်သော အိမ်သို့ ရောက်လျှင် အိမ်တံခါးသော့ကိုဖွင့်ပြီး သူ့အခန်းထဲသို့ တန်းတန်းမတ်မတ်ဝင်သွားပြီး ခုတင်ပေါ်သို့ လှဲချလိုက်သည့်အသံကို ကျွန်ုပ်ကြားလိုက်ရလေ၏။ ကျွန်ုပ်က လက်မှနာရီကို ကြည့်လိုက်ရာ နံနက် (၅) နာရီကျော်နေပြီကို သိလိုက်ရ၏။ ကျွန်ုပ်သည်လည်း အိမ်တံခါးကို ပိတ်၍ အိပ်စက်ရန် အိပ်ခန်းထဲသို့ ပြေးဝင်လာမိလေတော့၏။

× × ×

## အခန်း (၃)
## ပဟေဠိဆန်သောလူသေမှု

တစ်ညသ၌ ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် ညစာ စားပြီးသည်နှင့် အိမ်ရှေ့တွင် ပက်လက်ကုလားထိုင်တစ်လုံးစီကို ချကာ ထိုင်ရင်း စကားပြောဆိုနေမိကြလေ၏။ လက်သီးခင်မောင်သည် အားလပ်သည့်အချိန်တိုင်းတွင် စာဖတ်နေတတ်သူဖြစ်ရာ စာပေဗဟုသုတကြွယ်ဝသူလည်း ဖြစ်လေ၏။ လက်သီးခင်မောင်သည် သူဖတ်ဖူးသော စာအုပ်များအကြောင်းကို ကျွန်ုပ်အား ပြောပြလေ့ရှိလေ၏။ ယနေ့ညတွင် လက်သီးခင်မောင်သည် သူဖတ်ဖူးခဲ့သော "ပဏ္ဍက



www.burmeseclassic.com

www.burmeseclassic.com



ဒိပနီကျမ်း အကြောင်းကို ပြောပြနေလေ၏။ ကျွန်ုပ်က စိတ်ပါဝင်စားစွာဖြင့် နားထောင်နေမိလေ၏။ ထိုအချိန်တွင် အရေးပိုင်ရုံးမှ ပုလိပ်သားတစ်ယောက်သည် ကျွန်ုပ်တို့ထံသို့ စက်ဘီးစီးကာ ရောက်လာလေ၏။ ပုလိပ်သားသည် ကျွန်ုပ်တို့အား အရိုအသေပေးပြီး . . .

"အရေးပိုင်မင်းက အခေါ်ခိုင်းလိုက်ပါတယ်"

"ညကြီးမိုးချုပ်ကျမှ ဘာအရေးကိစ္စပေါ်လာရပြန်သလဲ မသိဘူး။ မင်းသိသလား ပုလိပ်သား"

ပုလိပ်သားက ကျွန်ုပ်တို့အား ခေါင်းခါပြလေ၏။

"အေး . . . မကြာခင်မှာ ငါတို့ရောက်လာလိမ့်မယ်လို့ အရေးပိုင်ကို ပြောလိုက်ပါ"

"ရက်ဆားဆပ်"

ပုလိပ်သားသည် ကျွန်ုပ်တို့ကို အရိုအသေပေးကာ ပြန်သွားလေ၏။

"ကိုဘသိန်းရေ . . . အဖရေးကောင်းဒိန်းခေါင်းဖျက်ဆိုသလို ဘာအရေးကိစ္စပေါ်လာလို့ ခေါ်ပြန်ပြီလဲမသိဘူး။ သွားဆန်စားမှ ရဲရတော့မှာပေါ့"





ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် ယူနီဖောင်းများလဲဝတ်ဆင်၍ အရေးပိုင်ရုံးသို့ လာခဲ့ကြလေ၏။ အရေးပိုင်၏ ရုံးခန်းထဲတွင် စကားပြောသံများကို ကြားနေရသောကြောင့် လက်သီးခင်မောင်သည် ရုံးခန်းထဲသို့မဝင်သေးဘဲ အပြင်မှာရပ်နေလေ၏။ ရုံးခန်းအပေါက်ကိုစောင့်သည့် ပုလိပ်သားကိုလည်း လက်ကာပြထားလေ၏။

"အိုင်အိုခင်မောင်ကလည်း မလာသေးဘူး"

အရေးပိုင်၏ ညည်းတွားပြောဆိုနေသံကိုကြားရလေ၏။

"ဒီလူက ခါးပြမှုကတရားခံတွေကို ဖော်ထုတ်ပေးနိုင်တယ်ဆိုပြီး မာန်တက်နေတာ။ အရေးပိုင်မင်းကို ဂရုမစိုက်တဲ့သဘောပဲ"

အိုင်ပီဆွေဝင်း၏ ဝေ့ထိုးသံကြောင့် လက်သီးခင်မောင်၏ မျက်နှာက ပြုံးနေလေ၏။

"ကျွန်တော်တို့တွေ ဘယ်လိုမှ စုံစမ်းလို့မရတဲ့အမှုကို သူက တွင်းဆက်လိုက်ပြီး ဖော်ထုတ်နိုင်ခဲ့တာဟာ ကျုပ်တို့ ပုလိပ်အဖွဲ့အတွက် ဘယ်လောက်ဂုဏ်ယူစရာကောင်းသလဲ။ ဒီအချိန်က ညစာစားသောက်နေတဲ့အချိန်ဆိုတော့ ကိုခင်မောင်နဲ့ကိုဘသိန်းတို့ ညစာစားသောက်နေကြသလားမှ မသိတာဗျာ။ ကိုဆွေဝင်းက လူတကာကို



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်ဖို့ပဲစဉ်းစားနေတယ်"

အိုင်အိုဒွေးဝင်းက အိုင်ပီဆွေဝင်းကို မကျေနပ်သံဖြင့် ပြော နေ၏။

"ကျုပ်က ဒီလူ တာဝန်ကို မလေးစားတတ်လို့ပြောနေတာပါ ဗျာ"

လက်သီးခင်မောင်သည် တံခါးကို တွန်းကာ အခန်းထဲသို့ ဝင်သွားလေ၏။

"ကျုပ် အခန်းအပြင်မှာရပ်ပြီး နားထောင်နေတာကြာပြီ ခင်ဗျား ကျုပ်ကို ဘယ်လိုအပြစ်တွေဖို့ပြီး ရှုံ့ချနေမလဲဆိုတာသိချင်လို့ နားထောင်နေတာ"

လက်သီးခင်မောင်၏စကားကြောင့် အိုင်ပီဆွေဝင်း၏မျက်နှာ သည် မလုံမလဲဖြစ်သွားလေ၏။ လက်သီးခင်မောင်က အရေးပိုင်၏ ရှေ့တည့်တည့်တွင် ရင်ကိုကော့ကာ ရပ်နေလေ၏။

"ကဲ . . . တော်ကြပါတော့။ ကျွန်ုပ်ပြောတာကို နားထောင်ပါ ဦး။ မနေ့ နေ့လယ်ပိုင်းက ကြို့ပင်ကောက်မြို့၊ အထက်စိန်ကြီးရိုးကျွန်း ရွာမှာ အိမ်ထောင်ရှင် မိန်းကလေးတစ်ယောက် အဆိပ်သောက်





သေဆုံးသွားကြောင်း ပုလိပ်ဌာနက သတင်းပို့စာရောက်လာတယ်။ အဲဒါကို သွားရောက်စစ်ဆေးဖို့ တာဝန်ပေးတာပဲ။ အမြန်ဆုံးသွားပါ။ သွားရောက်စစ်ဆေးပြီးတာနဲ့ သတင်းပို့ပါ"

"ကောင်းပါပြီ အရေးပိုင်မင်း"

အိုင်ပီဆွေဝင်းသည် အရေးပိုင်အား အရိုအသေပေးပြီး အခန်းထဲမှ အလျင်ဦးဆုံး ထွက်သွားလေ၏။

"အိုင်ပီဆွေဝင်းက မိန်းကလေးအလောင်းဆိုလို့ အရင်သွား ကြည့်ချင်နေပုံရတယ်"

"ဟား . . . ဟား . . . ဟား"

လက်သီးခင်မောင်စကားကြောင့် ကျွန်ုပ်တို့အားလုံး ရယ်မောမိကြလေ၏။ အိုင်ပီဆွေဝင်းနှင့်အဖွဲ့သည် ကားကို ရှေ့ဆုံးမှ မောင်း နှင်သွားလေ၏။ ကျွန်ုပ်၊ လက်သီးခင်မောင်နှင့် အိုင်အိုဒွေးဝင်းတို့က သူတို့နောက်မှ လိုက်လာခဲ့လေ၏။ ရန်ကုန် ပြည်ကားလမ်းပေါ်တွင် ကားအသွားအလာ ကင်းရှင်းနေလေ၏။ လက်သီးခင်မောင်သည် ကားကို ဖြည်းဖြည်းမှန်မှန်သာ မောင်းနှင်နေလေ၏။ ကောင်းကင်ပေါ် မှ လရောင်သည် လမ်းပေါ်သို့ဖြာကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့နှစ်ယောက် လရောင်အောက်မှာ အပန်းဖြေရင်း စကားပြောနေတဲ့အချိန်ဇာလေးတောင် ပျက်သွားတယ်ဗျာ"

"အိမ်ထောင်ရှင်မိန်းကလေးက အဆိပ်သောက်ပြီး သေဆုံးသွားတာဆိုတော့ ယောက်ျားနဲ့စကားများပြီး"

"ကိုဘသိန်း ထင်မြင်တာဖြစ်နိုင်သလို အဆိပ်သောက်သေသယောင်နဲ့ လူသတ်မှုကျူးလွန်တတ်တာမျိုးလည်း ရှိတယ်။ မိန်းကလေးအလောင်းကို စစ်ဆေးကြည့်ရမယ်။ ဘယ်ပုံဘယ်နည်းဖြစ်တယ်ဆိုတာ စုံစမ်းရမယ်။ ဓားပြမှုတုန်းကလည်း ရာဇဝတ်ကောင်တွေကို တစ်ညလုံး လိုက်ဖမ်းနေရလို့ အိပ်ရေးပျက်ခဲ့ရတယ်။ အခုလည်း ညတွင်းချင်း သွားရောက်စစ်ဆေးရမှာဆိုတော့ အိပ်ရေးပျက်ရဦးမယ်။ ဒါပေမယ့် လသာတဲ့ညမှာ အခုလို ခရီးထွက်လာရတာ စိတ်ထဲမှာ ကြည်နူးလိုက်တာ။ ကြုံဖန်ပြီး စိတ်ကိုဖြေသိမ့်ရတော့မှာပဲ"

ကားလေးသည် ရန်ကုန် ပြည်လမ်းပေါ်တွင် တရိပ်ရိပ် ပြေးနေလေ၏။ မင်းလှမြို့ကိုကျော်လွန်လာလေ၏။ အိုင်အိုဌေးဝင်းအ နောက်ခန်းထဲတွင် အိပ်ငိုက်နေလေ၏။ အုတ်ဖိုတာဆုံသို့ အရောက်တွင် မနက်မိုးလင်းဖွင့်သော လက်ဖက်ရည်သို့ဝင်ကာ လက်ဖက်ရည်





သောက်ကြလေ၏။

"အင်း . . . ဟိုလူ အိုင်ပီဆွေဝင်းတို့အဖွဲ့ ဒီဆိုင်မှာ လက်ဖက်ရည်ဝင်သောက်သွားသေးတာကိုးဗျ"

လက်ဖက်ရည်သောက်နေရင်းမှ လက်သီးခင်မောင်က ပြောလေ၏။

"အိုင်ပီဆွေဝင်းတို့ ကားကို မြင်တောင်မမြင်လိုက်ရတာ ကိုခင်မောင်က ဘယ်လိုလုပ်သိတာလဲ"

ကျွန်ုပ်၏စကားကြောင့် လက်သီးခင်မောင်က ပြုံးနေလေ၏။

"ကျုပ် အကြားအမြင်မရပါဘူး ကိုဘသိန်းရယ်။ ဆိုင်ရှေ့ကကားဘီးရာနှစ်ခုကြားမှာ ကွမ်းတံတွေးတွေ စုပုံထွေးထားတာတွေ့တယ် မဟုတ်လား။ ဆိုင်ရှေ့မှာ ကားရပ်လိုက်တာနဲ့ လက်ဖက်ရည်သောက်တော့မှာမို့ ပါးစပ်ထဲက ကွမ်းတံတွေးနဲ့ ကွမ်းဖတ်တွေကိုထွေးထုတ်ထားတာလေ။ ဒီလိုအကျင့်ရှိတာ ဘယ်သူလဲဆိုတာ ကိုဘသိန်း သတိ ထားမိလား"

"သိပြီ ကိုခင်မောင်ရေ။ အိုင်အိုကျောင်တင့် မဟုတ်လား"

"အဲဒါကြောင့် ဒီလူတွေ ဒီဆိုင်ဝင်ပြီး လက်ဖက်ရည်သောက်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်လို့ ကျုပ်အတတ်ပြောနိုင်တာပေါ့ ကိုဘသိန်းရယ်"

"ကိုခင်မောင်က ရောက်လေရာအရပ်တိုင်းမှာ စူးစမ်းတတ်တဲ့အကျင့်ရှိတာကို ကျွန်တော်တို့ ပညာယူမှဖြစ်တော့မယ်"

"လက်ဖက်ရည်ဖျော်တဲ့ကုလားတော့ စမူဆာကြော်ဖို့ ပြင်ဆင်နေပြီ။ စမူဆာဝယ်သွားပြီး ကားပေါ်မှာစားကြတာပေါ့ဗျာ"

ကျွန်ုပ်တို့သည် စမူဆာကြော်ရသည်နှင့် ကျသင့်ငွေကို ရှင်းလင်းပြီး ခရီးဆက်ခဲ့ကြလေ၏။ ကြို့ပင်ကောက်မြို့သို့ရောက်လျှင် အထက်စိန်ကြီးရိုးကုန်းရွာသို့သွားသည့် လမ်းကို မေးမြန်းပြီး ကားလေးကို ဖြည်းညင်းစွာ မောင်းနှင်လာခဲ့ကြလေ၏။ ညဥ့် (၃)နာရီကျော်လျှင် အထက်စိန်ကြီးရိုးကုန်းရွာသို့ ရောက်လာလေ၏။ အဆိပ်သောက်ပြီး သေဆုံးသော မိန်းကလေး၏ အိမ်ရှေ့တွင် အိုင်ပီဆွေဝင်းတို့၏ ကားလေးကို မြင်တွေ့ရလေ၏။ အိမ်ရှေ့တွင် ရေနံဆီမီးတုတ်များထွန်းကာ စားပွဲတန်းလျားများချ၍ အိုင်ပီဆွေဝင်းအဖွဲ့နှင့် ရွာသားများ ထိုင်နေကြလေ၏။ လက်သီးခင်မောင်က ကားလေးကို အိုင်ပီဆွေဝင်းတို့ ထိုင်နေကြသောတန်းလျားနှင့် မလှမ်းမကမ်းနေရာတွင် ကားကလေးကို ရပ်တန့်လိုက်လေ၏။ တန်းလျားတွင်ထိုင်နေသော အသက် (၅၅)နှစ်





အရွယ်ရှိ လူကြီးက မတ်တတ်ထရပ်၏။

"ပုလိပ်အရာရှိတွေ နောက်ထပ်ရောက်လာတာကိုး။ ကြွပါခင်ဗျား။ ဆရာတို့ရုံးက ပုလိပ်အရာရှိတွေ အလောင်းကိုစစ်ဆေးပြီးလို့ အေးအေးဆေးဆေး အနားယူနိုင်းထားပါတယ်"

ထိုလူကြီးက ကားဘေးသို့လာရပ်ရင်း ပြောလေ၏။ အိုင်ပီဆွေဝင်းတို့အဖွဲ့က ကျွန်ုပ်တို့ရောက်လာသည်ကို မသိချင်ယောင်ဆောင်နေလေ၏။ စားပွဲပေါ်တွင် ချည့်ခံထားသော အစားအသောက်များကိုစားပြီး ဖိမ်ကျနေလေ၏။ လက်သီးခင်မောင်က ကားတံခါးကိုဖွင့်၍ အောက်သို့ဆင်း၏။

"ဦးလေးက သေဆုံးသူမိန်းကလေးနဲ့ ဘယ်လိုတော်စပ်ပါသလဲ"

လက်သီးခင်မောင်က မေးလေ၏။

"သေဆုံးသူ မဥမ္မာရဲ့အဖေ ဦးလှတင်ပါခင်ဗျာ"

"သေဆုံးသူမိန်းကလေးရဲ့အလောင်းက"

"ပိုးသတ်ဆေးတွေသောက်ပြီး သတိမေ့မြောနေလို့ သူ့တို ကိုမြင့်ဦးနဲ့ အိမ်နီးချင်းတွေက ဆေးရုံကိုခေါ်သွားတာ လမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တင် သေဆုံး . . . အဟင့်"

ဦးလှတင်၏အသံက ဆို့နစ်သွားလေ၏။

"ဖြစ်ပျက်ပုံကို ပြောပြစမ်းပါဦး"

"ထိုင်ပြီး အနားယူပါဦးဆရာ။ ကျွန်တော်ပြောပြပါ့မယ်"

လက်သီးစင်မောင်၊ ကျွန်ပ်နှင့် အိုင်အိုဒွေးဝင်းတို့က လွတ်နေသော ခုံတန်းလျားတွင် ဝင်ထိုင်လိုက်ကြ၏။

"ဒီလိုပါဆရာ"

× × ×

ဦးလှတင်၏သားဖြစ်သူ ကိုမြင့်ဦးက အလုပ်နားရက်တွင် ဖခင်ဖြစ်သူ၏ နေအိမ်သို့ လာခဲ့လေ၏။ သူ့ဖခင်၏အိမ်ရှေ့သို့ ရောက်တော့ အိမ်တံခါးများပိတ်ထားသည်ကို ကိုမြင့်ဦး တွေ့လိုက်ရလေ၏။

"အမေရေ၊ ဥမ္မာ၊ ချိုချို"

ကိုမြင့်ဦးက အိမ်ရှေ့မှခေါ်ကြည့်၏။ အိမ်ထဲမှ မည်သူ၏ ထူးသံကိုမျှ မကြားရ။ ထို့ကြောင့် အိမ်တံခါးကို အသာအယာတွန်းကြည့်လေ၏။ စေ့ရုံသာစေ့ထားသည့်တံခါးမို့ တံခါးက ပွင့်သွားလေ၏။ ကို





မြင့်ဦးသည် အိမ်ထဲသို့ဝင်လာခဲ့၏။ စိတ်ထဲတွင် ဝေခွဲစဉ်းစားစရာတွေ ဖြစ်သွားရသည်။

"အမေ . . . ညီမလေးဥမ္မာ။ ဟာ . . . တံခါးကိုစေ့ထားပြီး ဘယ်များသွားကြသလဲ မသိပါဘူး။ တစ်အိမ်လုံးလည်း ပိုးသတ်ဆေးနံ့တွေ နံ့စော်နေတာပဲ"

ကိုမြင့်ဦးသည် အိမ်ပေါ်သို့တက်လာခဲ့လေ၏။ အိမ်အပေါ်ထပ်ရှိ အခန်းများအား တံခါးများကို လိုက်ဖွင့်ကြည့်မိ၏။

"ဟင် . . . ဘယ်လိုဖြစ်တာလဲ။ အမေ၊ ချိုချိုတို့လည်း မရှိကြဘူး။ လာကြပါဦးဗျို့။ ဥမ္မာ ပိုးသတ်ဆေးတွေသောက်ပြီး သတိမေ့နေလို့"

ကိုမြင့်ဦးက အိမ်နီးချင်းများအား အော်ဟစ်အကူအညီတောင်းလေ၏။ ကိုမြင့်ဦး၏ အော်သံကြောင့် အိမ်နီးနားများမှ လူများ အိမ်ပေါ်သို့ ပြေးတက်လာကြလေ၏။

"ဟာ . . . ဘယ်လိုဖြစ်တာလဲ။ ဒီကောင်မလေး မကြုံကောင်း မကြည်ရာတွေ လုပ်ရက်တယ်"

အိမ်နီးချင်းများက မဥမ္မာကို ဝိုင်းဝန်းပြုစုပေးကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မဥမ္မာ၏ ပါးစပ်အတွင်းသို့ ဆီများလောင်းထည့်ပေးကြလေ၏။ မဥမ္မာကို အော့အန်စေရန် ပြုလုပ်ပေးပေမယ့် မရ။ မဥမ္မာအား ပြုစုသော်လည်း သတိမရသဖြင့် ပြည်သူ့ဆေးရုံသို့ သယ်ဆောင်လာခဲ့ကြလေ၏။ သို့သော် မဥမ္မာသည် သေဆုံးသွားခဲ့လေ၏။ မဥမ္မာ ပိုးသတ်ဆေးသောက်ပြီး သေဆုံးသွားသည့်သတင်းက တောမှမြို့သို့ သတင်းပျံ့နှံ့သွားလေ၏။ သူကြီးဦးဖိုးထင်က အရေးပိုင်ရုံးသို့ အကြောင်းကြားစာပို့လေ၏။

မဥမ္မာ ဘာကြောင့် ပိုးသတ်ဆေးတွေသောက်ပြီး သေဆုံးသွားရသနည်းဆိုသည်ကို လူတိုင်းက သိချင်နေကြလေ၏။

× × ×

"မဥမ္မာ ပိုးသတ်ဆေးတွေသောက်ပြီး သတိမေ့မြောနေတာကိုတွေ့ရှိတဲ့ သူ့အစ်ကို မြင့်ဦးကို တွေ့ချင်ပါတယ်"

ဦးလှတင်က သူ့သား မြင့်ဦးကို ခေါ်ပေးလေ၏။

"ကျွန်တော့်ညီမ မဥမ္မာက တစ်ရွာတည်းသား ဝင်းနိုင်ဆိုတဲ့လူနဲ့ အိမ်ထောင်ကျနေသူပါ။ ဝင်းနိုင်နဲ့ ကျွန်တော့်ညီမ ဥမ္မာက မကြာ





ခဏ စကားများရန်ဖြစ်တတ်ပါတယ်။ သူတို့လင်မယားချင်းရန်ဖြစ်ပြီးရင် မဥမ္မာက ကျွန်တော့်အဖေ ဦးလှတင်ရဲ့အိမ်မှာ လာနေတတ်ပါတယ်။ ဒီနေ့ နေ့ခင်းကတော့"

ကိုမြင့်ဦးက သူ့အဖေ ဦးလှတင်အိမ်သို့ရောက်လာပုံ၊ အိမ်ထဲမှ ပိုးသတ်ဆေးနံ့ရ၍ အခန်းတံခါးကို ဖွင့်ကြည့်ရာ ညီမဖြစ်သူ မဥမ္မာသတိမေ့မြောပြီးလဲနေသည်ကို တွေ့ရပုံ၊ ပိုးသတ်ဆေးသောက်ပြီးသတိမေ့မြောနေသော မဥမ္မာကို ဆေးရုံသို့သယ်လာစဉ် သေဆုံးသွားပုံများကို လက်သီးခင်မောင်အား ပြောပြလေ၏။

ကိုမြင့်ဦး၏ညီမ မချိုချိုအား စစ်ဆေးမေးမြန်းရာ၌ . .

"ဒီနေ့ နေ့လယ် (၁၁)နာရီကျော်လောက်က ကျွန်မရယ်၊ ကျွန်မအဖေ ဒေါ်သန်းမြင့်ရယ်၊ ခင်မောင်ဇော်ရယ်၊ မဇင်မာရယ်တို့ ထမင်းစားကြပါတယ်။ အဲဒီအချိန်မှာ ကျွန်မအစ်မ မဥမ္မာက ထမင်းစားဘဲ အိမ်ပေါ်တက်ပြီး အိပ်နေပါတယ်။ ကျွန်မအဖေ ဦးလှတင်က နံနက် (၆)နာရီကတည်းက ကျွန်မအစ်ကို ကိုမြင့်ဦးရဲ့အိမ်မှာ အလုပ်သွားလုပ်နေပါတယ်။ နေ့လယ် (၂)နာရီကျော်တော့ ကျွန်မနဲ့ဇင်မာတို့ အိမ်ရှေ့မှာ ထိုင်နေကြပါသေးတယ်။ ကျွန်မအဖေ ဦးလှတင်က



www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်က နေအိမ်ကို ပြန်လာပါတယ်။ ပြီးတော့ အစ်မဖြစ်သူ မဥမ္မာကို နင့်ယောက်ျားကို မပြတ်နိုင်ရင်ပြန်သွား၊ ငါတို့သည်းခံခဲ့ ပေါင်းများလှပြီ။ ရှက်ဖို့ကောင်းတယ်လို့ ပြောဆိုနေသံကို ကြားမိတယ်။ အိမ်ပေါ်ကနံရံကို ခြေထောက်နဲ့ကန်ကြောက်တဲ့အသံကို လည်း ကြားရတယ်။ မိနစ်နှစ်ဆယ်လောက်ကြာတော့ အဖေ အိမ်ထဲ က ပြန်ထွက်သွားတာကိုမြင်လိုက်ရတယ်။ အမေက အိမ်အောက်မှာ ထိုင်ဖနေ ပါတယ်။ ကျွန်မနဲ့ဇင်မာတို့က ရွာထဲက ကိုပေသီးအိမ်ကို ထွက်လာခဲ့ပါတယ်။ နောက်နှစ်နာရီလောက်ကြာတော့ မဥမ္မာ ပိုးသတ် ဆေးတွေ သောက်ပြီး သတိလစ်နေလို့ သတင်းကြားတာနဲ့ အိမ်ကိုပြန် လာခဲ့ပါတယ်။ မဥမ္မာကို ဆေးရုံကိုသယ်သွားတုန်းလမ်းမှာ သေဆုံး သွားတာပါ"

မချိုချိုက ငိုကြွေးနေရင်းမှ လက်သီးခင်မောင်ကို ပြောပြနေ လေ၏။ မချိုချိုသည် အစ်မဖြစ်သူ မဥမ္မာအတွက် ယူကျုံးမရဖြစ်နေ ရှာ၏။ ဦးလှတင်က ကြေကွဲသောမျက်နှာဖြင့် နားထောင်နေလေ၏။

"ဦးလှတင်က မဥမ္မာ ပိုးသတ်ဆေးမသောက်ခင်အချိန်မှာ အိမ်ကိုပြန်လာပြီး သမီးဖြစ်သူ မဥမ္မာကို ကြိမ်းမောင်းခဲ့သေးတယ်ဆို





တာ ဟုတ်ပါသလား"

လက်သီးခင်မောင်က ဦးလှတင်၏မျက်နှာကို စေ့စေ့စပ်စပ် ကြည့်နေရင်းမှ မေးလေ၏။

"မိဘစကားကိုနားမထောင်ဘဲ အိမ်ထောင်ပြုခဲ့တဲ့သမီးမိုက် မို့ မကြာခဏ ဆုံးမရပါတယ်။ ကျွန်တော့်သမက်က ကျွန်တော့်သမီး မဥမ္မာကို မထင်ရင်မထင်သလို နှိပ်စက်တတ်ပါတယ်။ သူ့ယောက်ျားနဲ့ ရန်ဖြစ်တိုင်း စိတ်ဆိုးပြီး ကျွန်တော့်အိမ်ကို မကြာခဏဆင်းလာတယ်။ သူ့ယောက်ျားနဲ့ ကွဲမယ်ကွာမယ် အမြဲပြောပြီး ယောက်ျားကလာခေါ် တာနဲ့ ပြန်လိုက်သွားတယ်။ သိပ်မကြာပါဘူး။ ယောက်ျားနဲ့စကားများ ရန်ဖြစ်ပြန်ရော။ ကျွန်တော့်အိမ်ကို ဆင်းလာလိုက်၊ ယောက်ျားခေါ်ရင် ပြန်လိုက်သွားလိုက်နဲ့ ကြာတော့ သူက မရှက်ပေမယ့် ကျွန်တော်တို့ မိသားစုမှာ သူ့ကြောင့် အရှက်ရခဲ့တာမနည်းဘူး"

"ဒီတော့ သူ့ယောက်ျားကိုတွေ့တော့ ဒေါသဖြစ်လွန်းလို့ အိမ်ကိုပြန်သွားပြီး သမီးဥမ္မာကို ကြိမ်းမောင်းခဲ့မိပါတယ်။ အဲဒီအတွက် နဲ့တော့ ပိုးသတ်ဆေးသောက်သေတာ မဖြစ်နိုင်ဘူးလို့ထင်တယ်။ ကျွန် တော်က အရင်လည်း ကြိမ်းမောင်းနေကျပါပဲ၊ သမီးတစ်ယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးသွားရလို့ ယူကျုံးမရ ဖြစ်နေရပါတယ်။ ဒီကောင်မလေး မိုက်စိတ်ကြီးလိုက်တာဆရာရယ်"

ဦးလှတင်က မျက်ဝန်းမှ မျက်ရည်စများကိုသုတ်ရင်း ပြောပြနေရှာ၏။

"အိုင်ပီတို့ စစ်မေးချင်မေးပါဦး"

လက်သီးခင်မောင်က အိုင်ပီဆွေဝင်းကို ပြောလေသည်။ အိုင်ပီဆွေဝင်းသည် ငါးရုံ့ခြောက်ဖုတ်ဆီဆမ်းကို အရသာခံကာ ဝါးနေရင်းမှ . . .

"ကျုပ်တို့ ခင်ဗျားတို့မလာခင်ကတည်းက မိန်းကလေးရဲ့အလောင်းကိုရော၊ သူ့မိသားစုတွေကို စစ်ဆေးပြီးပြီ။ ပိုးသတ်ဆေးသောက်သေတာ ထင်ရှားနေပြီပဲ။ သေမှုသေခင်းဖြစ်တယ်ဆိုတဲ့အကြောင်း အရေးပိုင်မင်းကို တင်ပြလိုက်ရုံပင် မဟုတ်လား။ ခင်ဗျားတာတွေ ရေးကြီးခွင်ကျယ်လုပ်ချင်သေးလို့လဲ။ ကျုပ်တို့က ခဏနားနေတာ။ ပြီးရင် အရေးပိုင်ကို တင်ပြဖို့ ပြန်တော့မယ်"

"ကျုပ်ကတော့ မပြန်နိုင်သေးဘူး။ စစ်ဆေးစရာတွေ ရှိသေးတယ်"





လက်သီးခင်မောင်က မဥမ္မာအိမ်အနီးမှ လူများအား သူကြီးဦးဖိုးထင်အိမ်သို့ခေါ်ကာ စစ်ဆေးမေးမြန်းသည်။ မဥမ္မာ၏အလောင်းအား ဆေးရုံသို့ ပို့ပြီး မှုခင်းဆရာဝန်အား စစ်ဆေးခိုင်းသည်။ လက်သီးခင်မောင်သည် သေဆုံးသူ မဥမ္မာအား မှုခင်းဆရာဝန်က စစ်ဆေးနေသည့်အခါ ကျွန်ုပ်နှင့် အိုင်အိုဋ္ဌေးဝင်းကို သူ့အနားတွင် ခေါ်ထားပြီး ကြည့်ရှုစေလေ၏။ မဥမ္မာ၏ ဦးခေါင်းအရေခွံကို လှပ်ကာ စစ်ဆေးနေလေ၏။ မှုခင်းဆရာဝန်ပန်ချာပီကြီးက ဦးခေါင်းတစ်နေရာအား လက်သီးခင်မောင်အား လက်ညှိုး ထိုးပြလေ၏။

"ဦးနှောက်အတွင်းမှာ သွေးစုနေတယ်။ သေဆုံးသူရဲ့ပါးစပ်ထဲမှာသာ ပိုးသတ်ဆေးနံ့ရပြီး အူမကြီးလမ်းတစ်လျှောက် အစာအိမ်အထိ ပိုးသတ်ဆေးရည်ကို မတွေ့ရတာ အိုင်အိုအမြင်ပဲလေ။ ပိုးသတ်ဆေး သောက်ပြီး သေတာလို့ ထင်မြင်ချက်မပေးနိုင်ပါဘူး။ သေဆုံးသူမိန်းကလေးဟာ တစ်စုံတစ်ဦးရဲ့ ပယောဂကြောင့် ဦးနှောက်ကို ထိခိုက်သေဆုံး ရတယ်လို့ ထင်မြင်ချက်ပေးလိုပါတယ်"

"သင့်ခ်ယူ ဒေါက်တာ။ ကျုပ်ကလည်း ဒီမိန်းကလေး သေဆုံးသွားတာ ပိုးသတ်ဆေးသောက်လို့ဆိုတာကို လက်မခံချင်လို့ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကို အသေအချာ စစ်ဆေးပေးပါလို့ မေတ္တာရပ်ခံရတာပါ"

လက်သီးခင်မောင်သည် မှုခင်းဆရာဝန်ထံမှ ဆေးစာကိုယူကာ ကျွန်ုပ်တို့နှင့်အတူ သာယာဝတီသို့ ပြန်လာခဲ့လေ၏။ အရေးပိုင်မစ္စတာ အေးလာစမစ်၏ ရုံးခန်းသို့သွားကာ ဆေးစာနှင့်အတူ စစ်ဆေးရဲ့ပုံကို ပြောပြလေ၏။

"အိုးမိုင်ဂေါ့ ... အိုင်အိုဆွေဝင်းက မိန်းကလေးဟာ ပိုးသတ်ဆေးတွေသောက်ပြီးသေဆုံးလို့ သေမှုသေခင်းဖြစ်ကြောင်း လာရောက် ပြောပြတယ် မောင်မင်း"

"ကျုပ်က အိုင်အိုဆွေဝင်းလို ခပ်ညံ့ညံ့ပုလိပ်မဟုတ်ဘူး။ ဒီအမှု ကို အမှုမှန်ပေါ်အောင် ကျုပ် စုံစမ်းထောက်လှမ်းမယ်"

"သေချာစုံစမ်းပြီး ရာဇဝတ်ကောင်ကို ဖမ်းပါ အိုင်အိုခင်မောင်"

"ကျုပ် အဲဒီရွာကို ပြန်သွားမယ်။ အိုင်အိုဘသိန်းကို ခေါ်သွားမယ်"

"ခေါ်သွားပါ ... ခေါ်သွားပါ။ ပုလိပ်သားအင်အားလိုရင်လည်း"





"ဘယ်ပုလိပ်သားမှ မလိုပါဘူး။ ကျုပ်အစွမ်းအစကို ကျုပ် ယုံကြည်တယ်။ ဒီအမှုဟာ သေမှုသေခင်းမဟုတ်တဲ့အကြောင်း အရေးပိုင်ကို လာပြီး ပြောပြတာ။ ကျုပ်တို့ သွားတော့မယ်"

"သွားပါ ... သွားပါ"

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် အဝတ်အစားများ လဲလှယ်ပြီး ဝတ်ဆင်ကြ၏။

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် အထက်စိန်ကြီးရိုးတုန်းရွာသို့ ပြန်လာခဲ့ကြလေ၏။ လက်ပံတန်းမြို့ ကျွန်းကလေးတာဆုံမှ ဒါလာကြီး ထမင်းဆိုင်သို့ ဝင်ကာ နေ့လယ်စာ စားသုံးလေ၏။ နေ့လယ်စာ စား ရင်း လက်သီးခင်မောင်က ...

"ကျုပ် မိန်းကလေးရဲ့အလောင်းကို သေချာစွာကြည့်လိုက်တော့ သေသူရဲ့ မျက်နှာဟာ အဆိပ်သောက်ထားလို့ ဝေဒနာကို မချိမဆန့် ခံစားပြီးမှ သေတဲ့အနေအထား မတွေ့ရဘူး။ သေသူဟာ ပိုးသတ်ဆေးကိုသာ သောက်ထားမယ်ဆိုရင် အော့အန်ထားလို့ သေသူရဲ့လျှာဟာ မသိမသာ ရှည်ထွက်နေမှာ အမှန်ပဲ။ အခု သေသူဟာ ဦးခေါင်းကြောပြတ်ပြီး သေတဲ့သူတွေလို သူငယ်အိမ်တအား ကျယ်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



သံသယဖြစ်သွားလို့ မှုခင်းဆရာဝန်ဆီက ဆေးစစ်ချက်စာကို ချက်ချင်း တောင်းရတာပဲ။ ကျုပ် ထင်ရင် လွဲခဲပါတယ်"

"ဒါဆိုရင် မဥမ္မာကို ဘယ်သူက . . ."

"ဒါကတော့ ခြေရာခံမိဖို့လိုတယ်ပေါ့ဗျာ။ ထမင်း မြန်မြန်စား ကိုဘသိန်း။ ရွာရောက်ရင် ကျုပ်တို့ လှုပ်ရှားရမှာတွေက အများကြီးရှိ သေးတယ်"

ကျွန်ုပ်တို့သည် ထမင်းစားပြီးသည်နှင့် ခရီးဆက်ခဲ့ကြလေ၏။ လက်သီးခင်မောင်က ကားကို ရွာနှင့်အလှမ်းဝေးသောနေရာတွင် ရပ်တန့် ခဲ့ပြီး ရွာထိပ်မှ သစ်ပင်အောက်တွင် ထိုင်နေလေ၏။ ကျွန်ုပ်မှာ လက်သီး ခင်မောင်၏ အပြုအမူကို ဘာမှနားမလည်ချေ။ ဘာဖြစ်လို့ သစ်ပင်ရိပ်မှာ ထိုင်နေရတာလဲဟု မမေးရဲချေ။ ထိုစဉ် ရွာထဲမှ ရွာသား တစ်ဦးထွက်လာ၏။ ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့ကို မြင်လျှင် ရူးစမ်းသောမျက်လုံးများဖြင့် လှမ်းကြည့်လေ၏။

"ဟော့ . . . ရွာသား ခဏ"

လက်သီးခင်မောင်က ရွာသားကို လက်ယပ်ခေါ်လိုက်၏။ ရွာ သားက ကျွန်ုပ်တို့အနားသို့ လျှောက်လာလေ၏။





"ရွာသား . . . ငါတို့နှစ်ယောက်က အရေးပိုင်ရုံးက ပုလိပ်အရာ ရှိတွေပဲ။ မင်းတို့ရွာသူ မဥမ္မာဆိုတာ ပိုးသတ်ဆေးသောက်သေသွားလို့ ဆိုကွ"

"ဟုတ်တယ်ခင်ဗျ။ ညက ဆရာ ရုံးကထင်ပါရဲ့ ပုလိပ်အရာရှိ တွေ ဦးလှထင်အိမ်ကို လာပြီး စစ်ဆေးသွားတယ်လို့ ရွာထဲမှာ ပြော နေကြတာပဲ"

"မင်းတို့ရွာသူ မဥမ္မာဟာ ပိုးသတ်ဆေးသောက်သေတာ မဟုတ်ဘူးကွ"

"ဗျာ"

"အဲ့ဒီမိသားစုနဲ့ပတ်သက်ပြီး မင်း ဘာသိသလဲ။ ငါတို့ကို ပြောပြကူညီပါလား။ အဲ့ဒီအမှုကို ပေါ်အောင် မဖော်ထုတ်နိုင်ရင် အရေး ပိုင်က ငါ တို့ကို အလုပ်ဖြုတ်မှာကွ။ မင်း နာမည်ဘယ်လိုခေါ်သလဲ"

"အောင်ဆန်းမြိုင်ပါ ဆရာ။ မနေ့ နံနက် (၈)နာရီအချိန် လောက်က စက်ဘီးနဲ့ မြို့ကိုဈေးသွားဝယ်ပါတယ်။ ရွာကို နေ့လယ် (၁၂) နာရီ ကျော်လောက်မှာ ပြန်ရောက်ပါတယ်။ ဦးစိုးမြင့်ရဲ့အိမ်ရှေ့မှာ မဥမ္မာရဲ့ယောကျာ်းဝင်းနိုင်နဲ့ တွေ့ပါတယ်။ ကျွန်တော် စက်ဘီးဆက်စီး



www.burmeseclassic.com

www.burmeseclassic.com



လာတော့ ဦးလှထင်ရဲ့အိမ်တံခါးများ ပိတ်ထားတာကို တွေ့ရပါတယ်။ အိမ်ထဲက ညည်းသံလိုလိုလည်း ကြားမိပါတယ်။ ဒုန်းဒုန်းဆိုတဲ့ ထုသံ နှစ်ချက်လည်း ကြားမိပါတယ်။ ကျွန်တော် အိမ်ပြန်ရောက်ပြီး ခဏ အကြာမှာ မဥမ္မာ ပိုးသတ်ဆေးတွေသောက်လို့ သတင်းကြားရတာပဲ ဆရာ"

"ရှာသား . . . မင်းပြောပြတာတွေဟာ အမှန်တွေပဲနော်"

"ကျွန်တော် မြင်သမျှ ကြားသမျှတွေကို အမှန်အတိုင်း ပြောပြတာပါ ဆရာ။ မဥမ္မာနဲ့ ကျွန်တော်က ငယ်စဉ်ကတည်းက ကစားဖော် သူငယ်ချင်းတွေပါ။ အခု သူ သေသွားတော့ စိတ်မကောင်းဖြစ်နေမိ တယ်"

"မင်း ရွာပြင်ကို ဘာလာလုပ်တာလဲ"

"စားကျက်ထဲက နွားတွေဆီကို သွားမလို့ပါ။ အင်း . . . ကျွန်တော် သတိရတာလေး ပြောပြရစေဦး။ ဒီနေ့မနက် ဦးလှထင်ရဲ့ အိမ် ခြေရင်းမှာနေတဲ့ ကျွန်တော့်သူငယ်ချင်း ခွေးပုနဲ့အတူ မဥမ္မာ အသုဘကိစ္စအတွက် တစ်ဖက်ရွာမှာ နွားလှည်းနဲ့ ပျဉ်ချပ်တွေသွား သယ်ရင်း သူက ပြောတယ်။ အဲ့ဒီနေ့က မဥမ္မာရဲ့ယောကျ်ား ဝင်းနိုင်က





ဦးလှထင်ရဲ့အိမ်ပေါ်ကို တက်ပြီး မဥမ္မာကို ရိုက်နှက်တယ်လို့ ပြော တယ်"

"ငါ သူကြီးအိမ်မှာ ခွေးပုကို စစ်ဆေးတုန်းက မင်းပြောတဲ့ အကြောင်းကို ပြောမပြဘူးကွ။ မဥမ္မာ သေဆုံးရတာဟာ သူ့ယောကျ်ား ဝင်းနိုင်ကြောင့်လို့ ရွာထဲမှာ ပြောဆိုနေကြတယ်။ မဥမ္မာရဲ့အစ်ကိုက ဝင်းနိုင်ကို သတ်မယ်လို့ ကြိမ်းဝါးနေတယ်။ ဝင်းနိုင်ကို လေ့လာကြည့် တော့ မယားဖြစ်သူ သေဆုံးသွားတာကို ဘာမှမဖြစ်သလို တွေ့ရတော့ လူတိုင်းက ဒေါသဖြစ်နေကြတယ်"

"မဥမ္မာအလောင်းကို ဆေးရုံမှာ မှူးခင်းဆရာဝန်က စစ်ဆေး တော့ ဦးနှောက်ထဲကို သွေးခဲပြီး သေဆုံးရတာလို့သိရတယ်။ မင်း ပြောပြတာတွေကို စုစည်းလိုက်ရင် မဥမ္မာသေဆုံးရတာ ဝင်းနိုင် ပယောဂ မကင်း ဘူးဆိုတာ သိလာရတယ်။ ရွာမှာ ဝင်းနိုင်ရှိသလား"

"ရှိတယ် ဆရာ။ သူမိန်းမအသုဘကိုတော့ မလာရဲဘူး"

"အခုလို ပြောပြတာ ကျေးဇူးတင်တယ်ကွာ။ ဝင်းနိုင်အိမ် ဘယ် မှာရှိတယ်ဆိုတာ လိုက်ပြပေးပါဦး"

"ဟုတ်ကဲ့ . . . လိုက်ပြပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဆန်းမြိုင်က ဝင်းနိုင်၏နေအိမ်ကို လက်ညှိုးထိုးပြသည်။

"အိမ်ရှေ့က တန်းလျားပေါ်မှာထိုင်ပြီး ဆေးလိပ်သောက်နေတာ ဝင်းနိုင်"

BURMESE CLASSIC

"ကောင်းပြီ ရွာသား။ မင်း သွားတော့"

ကျွန်ုပ်နှင့် လက်သီးခင်မောင်က ဝင်းနိုင်၏ခြံထဲသို့ ဝင်လာသည်။ ဝင်းနိုင်သည် ကျွန်ုပ်တို့နှစ်ယောက်ကို တစ်ခါမှ မမြင်ဘူးသဖြင့် ငေးကြည့်နေလေ၏။

"ဝင်းနိုင်ဆိုတာ ညီလေးလား"

လက်သီးခင်မောင်သည် ဝင်းနိုင်၏အနားသို့ တိုးကပ်သွားပြီး မေးလေ၏။

"ဟုတ်ပါတယ် . . . ဘာကိစ္စရှိလို့လဲခင်ဗျာ"

လက်သီးခင်မောင်က ခုံတန်းလျားမှထ၍ ရပ်နေသော ဝင်းနိုင်၏လက်ကို ဆုပ်ကိုင်ထားပြီး ဂျာကင်အင်္ကျီအိတ်ထဲမှ လက်ထိပ်ဖြင့် လျင်မြန်စွာ ခတ်လိုက်၏။

"ငါတို့က ပုလိပ်အဖွဲ့ကပဲ။ မင်းကို မဥမ္မာသေဆုံးမှုနဲ့ ပတ်





သက်ပြီး စစ်ဆေးစရာရှိလို့ လာခေါ်တာ"

လက်သီးခင်မောင်သည် ဝင်းနိုင်၏လက်နှစ်ဖက်ကို တွဲကာ သက်ထိပ်ခတ်ပြီး ခေါ်လာလေ၏။ ရွာသူရွာသားများက လှမ်းကြည့်နေကြလေ၏။ ကျွန်ုပ်တို့သည် ဝင်းနိုင်ကို သာယာဝတီသို့ ခေါ်လာခဲ့လေ၏ အရေးပိုင်ရုံးမှ အမှုစစ်အခန်းထဲသို့ရောက်လျှင် . . .

"ဘယ်လိုလဲ ဝင်းနိုင်။ မင်းမိန်းမ မဥမ္မာ သေဆုံးရတာဟာ မင်းကြောင့်လို့ သက်သေတွေရဲ့ထွက်ဆိုချက်အရ ငါတို့ သိထားတယ်။ မင်း ဘယ်လိုလိမ်ညာချင်သေးသလဲ။ ငါကတော့ မင်းအမှန်အတိုင်း ပြောပြတာကိုပဲ ကြားချင်တယ်ကွာ။ မင်းကို ညှဉ်းပန်းနှိပ်စက်ပြီး မစစ်ဆေးချင်ဘူး။ ငါတို့ပုလိပ်အဖွဲ့မှာ လိမ်ညာတာကို အမှန်အတိုင်းထွက်ဆိုလာအောင် စစ်ဆေးတဲ့နည်းကောင်းတွေ အများကြီးရှိတယ်။ ဘယ်လိုလဲ"

လက်သီးခင်မောင်က ဝင်းနိုင်ကို ကုလားထိုင်တစ်လုံးတွင် ထိုင်ခိုင်းပြီး သူက ဝင်းနိုင်၏ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်း ပြောလေ၏။ ဝင်းနိုင်သည် ခေါင်းကို အောက်သို့ငုံ့ကာ တွေဝေငြိမ်သက်သွားနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန် . . . ကျွန်တော်က ကျွန်တော့်မိန်းမကို သတ်ပါ့မလား ဆရာရယ်။ ဥမ္မာရဲ့မိဘမောင်ဖွား၊ ညီမတွေနဲ့ ဆွေမျိုးသားချင်းတွေက ကျွန်တော့်ကို မနစ်မြို့လို့ မနာလိုစိတ်နဲ့ ပြောနေကြတာပါ ဆရာ။ သူ့အဖေ ဦးလှထင်က ကြိမ်းမောင်းလို့ ဥမ္မာက စိတ်ညစ်ပြီး ပိုးသတ်ဆေး သောက်သေတာပါ။ ကျွန်တော့်မိန်းမ သေဆုံးသွားလို့ ကျွန်တော့် ရင်ထဲမှာ မရှိအောင် ခံစားနေရပါတယ်။ ကျွန်တော် ချစ်လို့ယူထားတဲ့ မယားကို ကျွန်တော်က . . ."

လက်သီးခင်မောင်က လက်ကာပြသဖြင့် ဝင်းနိုင်၏ ပြော လက်စ စကားမှာ ရပ်တန့်သွားလေ၏။

"ငါ သိချင်တာက အဲဒါတွေမဟုတ်ဘူး။ မဥမ္မာသေဆုံးတဲ့နေ့ က မဥမ္မာနေတဲ့ သူ့အဖေ ဦးလှထင်ရဲ့အိမ်ကို မင်းရောက်သေးသလား"

ဝင်းနိုင်သည် နံရံကို အဓိပ္ပာယ်မဲ့စွာ ကြည့်နေလေ၏။

"ဟေ့ကောင် ဝင်းနိုင် ငါ မေးနေတယ်လေကွာ"

"ဟုတ် . . . ဟုတ်ကဲ့ ရောက်ပါတယ်။ ကျွန်တော့်မိန်းမ ဥမ္မာကို အိမ်ပြန်လိုက်ခဲ့ဖို့ သွားခေါ်ခဲ့တာပါ။ သူ့အဖေ ဦးလှထင်က ကျွန်တော်နဲ့ ဥမ္မာတို့ မကြာခဏရန်ဖြစ်ပြီး သူ့အဖေအိမ်လာတာကို သူ့အဖေက နှင်



ယောက်ျားကို ဖြတ်နိုင်ရင် ဖြတ်၊ သည်းခံနေတာကြာလှပြီ။ ရှက်ဖို့ ကောင်းတယ်ဆိုပြီး သူ့အဖေက ကြိမ်းမောင်းတာကို သူ ခံရတယ်ဆိုပြီး ဥမ္မာက ငိုနေပါတယ်။ ကျွန်တော်က နောက်ရန်မဖြစ်တော့ပါဘူးလို့ တောင်းပန်ပြီး ခေါ်တာကို မဥမ္မာက မလိုက်လို့ ကျွန်တော် ပြန်လာခဲ့ပါ တယ်၊ ကျွန်တော် အိမ်ရောက်ပြီး နာရီဝက်လောက်အကြာမှာ ဥမ္မာ ပိုးသတ်ဆေးတွေ သောက်ပြီး မေ့မျောနေတယ်လို့ သတင်းကြားရတာ ပဲ ဆရာ"

"မင်း ပြောတာတွေက အမှန်အတိုင်းပဲလား ဝင်းနိုင်"

"အမှန်အတိုင်းပါပဲ ဆရာရယ်"

"အိမ်နီးချင်းတွေနဲ့ အဓိကကျတဲ့သက်သေများရဲ့ ထွက်ဆို ချက်အရ မင်းက ဦးလှထင်ရဲ့အိမ်ပေါ်ကို တက်ပြီး မဥမ္မာကို ရိုက်တယ် လို့ ငါတို့ သိထားရတယ်။ အဲ့ဒီလူတွေကို မင်းရှေ့မှာ ခေါ်ပြီး မေးမြန်းပြရ သွား၊ ဦးလှထင်ရဲ့အိမ်နီးချင်း ခွေးပုဆိုတဲ့ကောင်လေးကို မင်း သိ တယ်ပေါ့"

ဝင်းနိုင်သည် ခေါင်းငိုက်စိုက်ကျသွားလေ၏။ လက်သီးခင် မောင်က ဝင်းနိုင်၏မျက်နှာကို အကဲခတ်နေသည်။ ဝင်းနိုင်က လက်

www.burmeseclassic.com



သီး ခင်မောင်၏ မျက်နှာကို မဝံ့မရဲကြည့်နေလေ၏။

"အဲ့ဒီနေ့က . . .

ဝင်းနိုင်သည် မျက်နှာမှ ချွေးများကို လက်ဖမိုးဖြင့်သုတ်ပစ်ရင်း စကားစလေ၏။ ကျွန်ုပ်က ဝင်းနိုင်၏ထွက်ဆိုချက်များအား လိုက်လံရေး မှတ်ရန် နားစွင့်နေမိ၏။

× × ×

ညက ဝင်းနိုင် တစ်ညလုံး အိပ်မပျော်နိုင်ခဲ့။ အိပ်ရာထဲတွင် ဟိုသည် တွေးရင်း မိုးစင်စင်လင်းခဲ့ရလေ၏။ ဇနီးဖြစ်သူ မဥမ္မာက ဝင်းနိုင်နှင့် စကားများပြီး အိမ်က ဆင်းသွားသည်။ လင်မယားစကားများ ရန်ဖြစ်တိုင်း မဥမ္မာက သူ့အမေအိမ်သို့ ဆင်းသွားနေကျဖြစ်လေ၏။ မဥမ္မာက ဝင်းနိုင်အပေါ် စိတ်ဆိုးပြေလျှင် အိမ်သို့ပြန်လာတတ်သည်လည်း ရှိ၏။ ဝင်းနိုင်က ယောက္ခအိမ်သို့လိုက်သွားပြီး မဥမ္မာအား တောင်းပန်ချော့မော့ကာ အိမ်သို့ ပြန်ခေါ်လာရသည်လည်း ရှိလေ၏။

အိမ်တွင် မဥမ္မာမရှိတော့ ဝင်းနိုင်အတွက် စားရေးသောက်ရေးကအစ အခက်အခဲရှိလှ၏။ ဝင်းနိုင်၏ယောက္ခမဦးလှထင်က





မဥမ္မာနှင့် ဝင်းနိုင်တို့ စကားများရန်ဖြစ်သည်ကို မကြိုက်။ သူ့သမီးက လင်မယားချင်း ရန်ဖြစ်တိုင်း စိတ်ဆိုးပြီး သူ့အိမ်သို့ ဆင်းလာသည်ကို လုံးဝသဘောမကျ။

သည်နေ့ ဝင်းနိုင်သည် စိတ်ထဲတွင် မရှမ်းမြေ့သဖြင့် အိမ်မှ ထွက်လာခဲ့၏။ ရွာထဲကိုမြင့်ဦး၏အိမ် မလှမ်းမကမ်းမှ ကိုမြင့်ဦး၏အိမ်ထဲသို့ လှမ်းကြည့်လိုက်မိ၏။ သူ့ယောက္ခမဦးလှထင်က သူ့ယောက္ခ ကိုမြင့် ဦး၏အိမ်ထဲတွင် အလုပ်လုပ်နေ၏။ မဥမ္မာတို့အဖေ ဦးလှထင်ရှိနေသည့်အချိန်တွင် ဝင်းနိုင်က ဇနီးဖြစ်သူအား သွား၍မခေါ်ရဲချေ။ ဝင်းနိုင်က ယောက္ခမဖြစ်သူ ဦးလှထင်နှင့် မျက်နှာချင်းမဆိုင်ရဲပေ။ အိမ်ထဲသို့ ချောင်းမြောင်းကြည့်နေစဉ် ဦးလှထင်က ဝင်းနိုင်ကို မြင်သွားလေ၏။ ဦးလှထင် က ဝင်းနိုင်ကို မနှစ်မြို့သောမျက်လုံးများဖြင့် ကြည့်ပြီး မျက်နှာလွှဲသွားလေ ၏။ ဝင်းနိုင်သည် ရွာထဲမှ သူငယ်ချင်းအိမ်ဘက်သို့ လာခဲ့လေ၏။ သူ အိမ်ဘက်သို့ ဦးလှထင် ပြန်သွားသည်ကို ဝင်းနိုင် မြင်တွေ့လိုက်ရသဖြင့် စိတ် ပျက်သွားမိလေ၏။ သည်နေ့ သူ့မယားကို သွားခေါ်ဖို့အရေးက မလွယ်ကူတော့ပါလားဟု ဝင်းနိုင် တွေးလိုက်မိလေ၏။ မကြာမီ ဦးလှထင်သည် သူ့အိမ်ဘက်မှ ပြန်လာပြီး သူ့သား



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဘက်သို့ ပြန်သွားသည်ကို ဝင်းနိုင် တွေ့လိုက်ရသဖြင့် သူ့ရင်ထဲတွင် အလုံးကြီးကျသွားလေ၏။

ဝင်းနိုင်သည် မဥမ္မာကို ချော့မော့ခေါ်ရန် သူ့ယောက္ခမဦးထင်၏အိမ်ရှိရာသို့ လာခဲ့လေ၏။ အိမ်ရှေ့မှနေ၍ အိမ်ထဲသို့ လှမ်းကြည့်သည်။ အိမ်ထဲတွင် မည်သူ့ကိုမှ မမြင်မတွေ့ရ။ အသံလည်း မကြားရ တိတ်ဆိတ်နေလေ၏။ ဝင်းနိုင်သည် အိမ်ထဲသို့ ဝင်လာခဲ့လေ၏။ အိမ်အောက်ထပ်တွင် မည်သူ့ကိုမှ မတွေ့၍ အိမ်အပေါ်ထပ်သို့ တက်လာခဲ့၏။

"ဟင် . . . ရှင် . . . ရှင် . . . ကျွန်မဆီကို ဘာလို့လာရတာလဲ"

မဥမ္မာက ယောကျ်ားဖြစ်သူဝင်းနိုင်ကို မြင်တော့ ပြော၏။

"ငါ နင့်ကို လာခေါ်တာ"

"သွား . . . မလိုက်ဘူး။ ရှင် . . . ပြန်တော့"

"ငါ တောင်းပန်ပါတယ်ဟာ။ အိမ်ပြန်လိုက်ခဲ့ပါ"

"ရှင် . . . ပြန်တော့လို့ ကျွန်မ ပြောနေတယ်နော်။ ရှင့်ကြောင့် အဖေက ကျွန်မကို အပြောခံရတယ်။ နင့်ယောကျ်ားကို မပြတ်နိုင်ဘဲ ပြန် သွားတဲ့။ ငါတို့ သည်းခံပေါင်းများလှပြီတဲ့။ ရှက်ဖို့ကောင်းတယ်လို့





ပြော တယ်။ ကျွန်မ ပြန်မလိုက်ဘူး။ ရှင် သွားတော့လို့ ပြောနေတယ်။ အဖေ အိမ်ပြန်လာတာနဲ့ တိုးနေရင် ရှင် မလွယ်ဘူး ဖြစ်သွားမယ်"

မဥမ္မာက ဝင်းနိုင်ကို စက်ထန်သောစကားလုံးများဖြင့် ဆက်ပြောနေလေ၏။ ဝင်းနိုင်၏ စိတ်ထဲတွင် ဒေါသဖြစ်သွားလေ၏။

"ငါ ခေါ်နေတာကို အသာတကြည်ပြန်လိုက်ခဲ့နော် ဥမ္မာ"

"မလိုက်နိုင်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ"

"တောက် . . . ဒီမိန်းမတော့ . . . ကဲကွာ"

ဝင်းနိုင်က မဥမ္မာ၏မျက်နှာကို လက်သီးဖြင့် ထိုးသည်။ မဥမ္မာသည် ကြမ်းပြင်ပေါ်သို့ နောက်ပြန်လဲကျသွားလေ၏။ ဝင်းနိုင်သည် အနားတွင် တွေ့သော ပိုးသတ်ဆေးပုလင်းကို ဖွင့်ပြီး မဥမ္မာ၏ပါးစပ်ထဲသို့ လောင်းထည့်လေ၏။ မဥမ္မာက အတင်းရုန်းကန်ရင်း ဦးခေါင်းနှင့်အိမ်တိုင် ဆောင့်မိသည်။

"အူး . . . ပွူး . . . ပူး"

"မလိုက်ချင်လည်း နေခဲ့တော့"

ဝင်းနိုင်သည် မဥမ္မာကို ဆောင့်တွန်းပြီး ထားခဲ့လေ၏။ မဥမ္မာသည် ကြမ်းပြင်ပေါ်တွင် မှူးမေ့၍လဲနေသည်။ ဝင်းနိုင်သည် စိတ်ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်မှ လူများကို လုံးဝကရုမစိုက်မိဘဲ အိမ်သို့ ပြန်လာခဲ့လေ၏။ အိမ် ကြမ်းပြင်ပေါ်တွင် ဒေါသစိတ်တွေ မကုန်ဘဲ ထိုင်နေမိ၏၊ ခေါ ... တော့ ရွာထဲက လူတွေ့ ဆူညံဆူညံဖြင့် ပြောဆိုနေသံကို ကြားရ... ၏။

"ဥမ္မာ ပိုးသတ်ဆေးတွေ သောက်ပြီး သတိမေ့နေတယ်"

အိမ်ရှေ့မှ ဖြတ်လျှောက်ပြီး ပြောဆိုသွားသောရွာသားများ... စကားသံကို ဝင်းနိုင်ကြားမိပြီး ပြုံးလိုက်မိ၏။

"ဝင်းနိုင်ရေ . . . မင်းမိန်းမဥမ္မာ ပိုးသတ်ဆေးတွေ သောက်... သတိမေ့နေတယ်လို့ ရွာထဲမှာ ပြောနေကြတယ်"

ရွာထဲမှ သူငယ်ချင်းတစ်ဦးက ဝင်းနိုင်ကို လာ၍ပြော၏

"အဲဒါဘာဖြစ်သလဲ၊ သူဖာသူ ပိုးသတ်ဆေးသောက်တာ..."

"မိန်းမကို သွားမကြည့်ဘူးလား"

"သူ့အဖေ၊ သူ့အစ်ကို၊ သူ့မိသားစုတွေနဲ့ ငါ မျက်နှာချင်း... မဆိုင် ချင်ဘူး"

ဝင်းနိုင်က သူ့မျက်နှာတွင် စိတ်မကောင်းသည့်အမူအရာ... ပြကာ ဟန်ဆောင်နေလိုက်၏။ ဝင်းနိုင်၏ စိတ်ထဲမှာတော့ ဒု...





ရှုပ်ရပ်များကို မည်သူမှ မသိလိုက်ဘူးဆိုသည့် အတွေးများဝင်နေလေ၏။ မဥမ္မာကို ဆေးရုံသို့ခေါ်သွားကြပြီဟု ဝင်းနိုင်ကြားသိလိုက်ရ၏။ ဝင်းနိုင်သည် ဆေးရုံသို့ခေါ်သွားသည့် မဥမ္မာ၏အခြေအနေကို သိချင်နေမိ၏။ ယောက္ခမဖြစ်သူ ဦးလှထင်က သမီးဖြစ်သူ မဥမ္မာ ပိုးသတ်ဆေးတွေ သောက်ပြီး သတိမေ့မျောနေချိန်တွင် သမက်ဖြစ်သူ ဝင်းနိုင်အပေါ်တွင် ဒေါသဖြစ်နေရှာမှာပဲဟု ဝင်းနိုင်တွေးမိလေ၏။

ညနေတွင် ဆေးရုံသို့ခေါ်သွားသော မဥမ္မာ သေဆုံးသွားပြီဆိုသည့်သတင်းကို ဝင်းနိုင်ကြားရလေ၏။ ဝင်းနိုင်၏ရင်ထဲတွင် ကြေကွဲစွာ ခံစားလိုက်ရ၏။ နောက်တစ်နေ့မနက်တွင် အရေးပိုင်ရုံးမှ ပုလိပ်အရာရှိများက ဦးလှထင်အိမ်သို့ ရောက်လာပြီး စစ်ဆေးကြသည်ဟု ဝင်းနိုင်သိရပြန်၏။

"ဦးလှထင်က သူ့သမီးဥမ္မာကို ယောကျ်ားနဲ့စကားများတိုင်း သူ့ အိမ်ဆင်းလာတာကို ရှက်လွန်းလို့ဆိုပြီး သူ့သမီးကို ကြိမ်းမောင်း ပြောဆိုသတဲ့။ နင့်ယောကျ်ားမပြတ်နိုင်ရင် နင် အိမ်ပြန်။ ငါတို့ရှက်တယ်။ သည်းခံပေါင်းများလုပ်ပြီပြောတာနဲ့ မဥမ္မာက ပိုးသတ်ဆေးတွေ သောက်သေတာ"



www.burmeseclassic.com

www.burmeseclassic.com



သည်သတင်းစကားက ရွာထဲတွင် ပျံ့နှံ့နေသည်။ ဝင်းနိုင်၏ ရင်ထဲတွင် ရင်ခုန်သံတွေ ညံနေ၏။ အရေးပိုင်ရုံးမှ ပုလိပ်အရာရှိ နှစ်ဦးက မညှာအလောင်း ခွဲစိတ်စစ်ဆေးသည်ကို အသေအချာသွားကြည့်ပြီး မှူခင်းဆရာဝန်ထံမှ ဆေးစာကို အရေးပိုင်ရုံးသို့ ယူသွားသည်ဆိုသည့်သတင်းကို ကြားတော့ ဝင်းနိုင် ထိတ်လန့်သွားမိလေ၏။ ဝင်းနိုင်သည် ဟန်အမူအရာအပျက်အောင် မျက်နှာကို အတည်ငြိမ်ဆုံးဖြစ်အောင် ဟန်ဆောင်နေမိလေ၏။ သို့ပေမယ့် အိုင်အိုခင်မောင်ဆိုသော ပုလိပ်အရာရှိက ဆေးစာအရ စုံစမ်းထောက်လှမ်းသောအခါ . . .

× × ×

ဝင်းနိုင်သည် ဖြောင့်ချက်ပေးပြီးသည်နှင့် ခေါင်းငိုက်စိုက်ကျသွားလေ၏။ ထိုအချိန်တွင် အမှုစစ်အခန်းထဲသို့ အိုင်ပီဆွေဝင်း၊ အိုင်ဘီမြင့်သောင်း၊ အိုင်အိုကျော်တင့်နှင့် အသက်ခြောက်ဆယ်အရွယ်လူကြီးတစ်ဦးတို့ ဝင်လာကြ၏။

"ဆရာရယ် . . . ကျွန်တော့်သားလေးမှာ ဘာအပြစ်မှ မရှိပါဘူး။ ကျွန်တော့်သားလေးကို ဆရာ ဖမ်းသွားတယ်ဆိုလို့ ကျွန်တော်





လိုက်လာတာပါ။ ကျွန်တော့်သားလေးကို လွှတ်ပေးပါ ဆရာရယ်။ ဒီက ဆရာတွေကိုလည်း ပြောပြပြီးပါပြီ"

ဝင်းနိုင်၏အဖေက လက်အုပ်ကလေးချီကာ လက်သီးခင်မောင်အား ပြောဆိုနေလေ၏။

"ဟုတ်တယ် . . . ကိုခင်မောင် မိန်းကလေး ပိုးသတ်ဆေးသောက်ပြီး သေတာနဲ့ သူ့ယောက်ျားကို ဖမ်းလာတယ်ဆိုတာ သဘာဝကျပါဘူး။ မှူခင်းဆရာဝန်ဆီက ခင်ဗျားဆီက ဆေးစာကိုလည်း အရေး ပိုင်မင်းဆီက ကျုပ် ဖတ်လာခဲ့ပါပြီ။ မိန်းကလေးဟာ သူ့အဖေက သူ ကြိမ်းတာကြောင့် စိတ်ညစ်ပြီး ပိုးသတ်ဆေးသောက်မယ်ဗျာ။ ပိုးသတ် ဆေးက နံတော့ သတ်မသောက်ရဲတော့ဘူး။ သောက်မိထားတဲ့ပိုးသတ်ဆေးအရှိန်ကြောင့် နောက်ပြန်လဲကျသွားမယ်၊ မိန်းကလေးရဲ့ ခေါင်းနဲ့ တစ်စုံတစ်ခု ထိခိုက်မိပြီး ဦးနောက်ကိုထိပြီး သေသွားတာပဲ။ ဒယ်လိုတွေးတွေး အရှင်းကလေးပါ။ ဒီက အန်ကယ်ဦးသန်းစိန်က သားကို လွှတ်ပေးရင် ကျုပ်တို့ ပုလိပ်အဖွဲ့ကို . . ."

လက်သီးခင်မောင်က လက်ကာ၍တား၏။ အိုင်ပီဆွေဝင်း၏



www.burmeseclassic.com

www.burmeseclassic.com



စကား ရပ်တန့်သွားလေ၏။

"ခင်ဗျား လာဘ်စားဖို့ပဲ စိတ်ကူးနေသလား။ အမှုမှန်ပေါ် ပေါက် အောင် ဖော်ထုတ်ဖို့ မစဉ်းစားတော့ဘူးလား"

"ခုနကပြောပြီးပြီပဲဗျာ။ မိန်းကလေးက သူ့ဘာသာ လဲကျ သေဆုံးသွားတာကို ခင်ဗျားက သူ့ယောက်ျားကို ဖမ်းဆီးစစ်ဆေးနေ တာ"

"ကိုဘသိန်း . . . ခင်ဗျားရေးနေတဲ့ ဝင်းနိုင်ရဲ့ ဖြောင့်ချက်ကို အိုင်ပီဆွေဝင်းကို ပေးဖတ်လိုက်စမ်းဗျာ"

ကျွန်ုပ်က လက်ထဲမှဖြောင့်ချက်စာရွက်ကို အိုင်ပီဆွေဝင်း အား လှမ်းပေးလိုက်လေ၏။ အိုင်ပီဆွေဝင်းသည် ဖြောင့်ချက်စာရွက်ကို ဖတ်ကြည့်ပြီး ငိုင်ကျသွားလေ၏။ လက်သီးခင်မောင်မှာ အိုင်ပီဆွေဝင်း ကို မကျေမနပ်ဖြစ်ပြီး မျက်နှာကြီး တင်းမာနေလေ၏။

"ဆရာရယ် . . . ကျွန်တော့်သားလေးကို လွှတ်ပေးပါ။ ဆရာ တို့ကို ကျွန်တော် ပြောထားတဲ့အတိုင်း . . ."

အိုင်ပီဆွေဝင်းက ခေါင်းကို တွင်တွင်ခါနေလေ၏။

"မရဘူး ဦးလေး။ ဦးလေးသားကြောင့် မဥမ္မာသေဆုံးသွား





ဘာပါလို့ သူကိုယ်တိုင် ဖြောင့်ချက်ပေးထားပြီ။ ဦးလေးသား ဝင်းနိုင်ကို ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၃၁၆ အရ အရေးယူဆောင်ရွက်ရမယ်။ ထိလုံတော်ရ ရှေ့နေငှားပြီး ပြစ်ဒဏ်လျှော့ပေါ့အောင် ဆောင်ရွက်ပေ တော့"

"ကျွတ် . . . အိုင်ပီဆွေဝင်းရယ် ခင်ဗျားကိုတော့ အံ့သြ တယ်ဗျာ။ ခင်ဗျားက ရာဇဝတ်သားကို သင်ဉာဏ်ပေးနေတယ်"

ဦးသန်းစိန်သည် သားဖြစ်သူဝင်းနိုင်၏ပခုံးကို ဖက်ကာ မျက် ရည်များ ဝဲနေလေ၏။ ဝင်းနိုင်၏မျက်ဝန်းအိမ်ထဲမှ မျက်ရည်များ ယိုစီး ကျလာသည်။

"ငါ့သား မင်းကြောင့် သမီးလေးဥမ္မာ သေသွားရတာဆို . . . ဟုတ်လား"

"ဟုတ်တယ် အဖေ။ သား ဒေါသစိတ်နဲ့ ဆောင့်တွန်းလိုက် တာ။ ဥမ္မာ ခေါင်းနဲ့တိုင်နဲ့ ဆောင့်မိပြီး ဦးခေါင်းကိုထိပြီး ဦးနှောက်ထဲမှာ သွေးခဲသွားတာတဲ့။ ပြီးတော့ ဥမ္မာ့ပါးစပ်ထဲကို ပိုးသတ်ဆေးတွေ ကျွန် တော် လောင်းထည့်ခဲ့တာ"

"မိုက်လိုက်တာ သားရယ်။ မင်းလုပ်ရပ်က ရူးတာလူတွေ

www.burmeseclassic.com



ပြောစရာဖြစ်အောင် အကျည်းတန်လိုက်တာ၊ သမီးလေးမဥမ္မာ
မင်းရဲ့ ရိုက်ပုတ်ညှဉ်းဆဲတဲ့ဒဏ်ကို မခံနိုင်တော့ သူ့အဖေအိမ်ကို သွာ
နေရတာပေါ့။ ကိုယ့်သားမယားကို ချော့မော့ခေါ်ရမယ့်အစား ဒေါသ
ရှေ့ထားတော့ . . . ဟင်း . . . စိတ်ညစ်စရာကောင်းလိုက်တာကွာ"

ဦးသန်းစိန်က ဝမ်းနည်းသံကြီးဖြင့် ပြောနေလေ၏။ အိုင်
ဆွေဝင်းသည် ဦးသန်းစိန်၏ ဘေးတွင် လာရပ်ရင်း . . .

"ကဲ...ဦးလေး ရွာကိုသာပြန်ပေတော့၊ ဦးလေးသားရဲ့အမှု
တရားရုံးကို တရားစွဲတင်တဲ့အခါကျတော့မှ ကျွန်တော် ပြောသ
ဝတ်လုံတော်ရရှေ့နေငှားပြီး ဆောင်ရွက်ပေတော့ဗျာ"

"ဒါဆိုရင် ဆရာတို့ကို ကျွန်တော် . . ."

"ဦးလေးက ပြုစုချင်တယ်ဆိုရင်တော့ ခါလာကြီးထမင်းဆိုင်
မှာ လိုက်ကျွေးချင်ကျွေးပါ"

"ဦးလေးဦးသန်းစိန် ကျုပ်နဲ့ကိုဘသိန်းက ဒီအိုင်ပီလို အရှ
မရှိ လိုက်စားမှာ မဟုတ်ပါဘူး။ သူတို့ကိုသာ ကျေနပ်အောင် ကျွေ
လိုက်ပါ"

အိုင်ပီဆွေဝင်းနှင့်အဖွဲ့သည် ဦးသန်းစိန်ကို ခေါ်ကာ အခန်း





မှ ထွက်သွားလေ၏။ လက်သီးခင်မောင်က ဝင်းနိုင်ကို သာယာဝတီ
အကျဉ်းထောင်သို့ခေါ်သွားပြီး စတိုချုပ်တွင် ချုပ်နှောင်ထားနိုင်းလိုက်၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )
## စိမ်းမြကန်သာလှူသတ်မှု

လသာသောညဖြစ်လေ၏။ အိမ်အပြင်ဘက်တွင် လရောင်ကာ လျှပ်စစ်မီးထွန်းလင်းသည့်နှယ် လင်းထိန်နေလေ၏။ ကောင်းကင်ပေါ်မှ လမင်းကြီးသည် ဝိုင်းဝိုင်းစက်စက်နှင့် သာနေလေ၏။ လရောင်၏ အေးမြသော အရသာကို ခံစားရင်း ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် ပက်လက်ကုလားထိုင်ကိုယ်စီနှင့် ထိုင်ကာ စကားပြောနေမိကြလေ၏။ လက်သီးခင်မောင်သည် အညာသားပီပီ ပဲကြိုက်တတ်သူဖြစ်ရာ ပဲကြမ်းကြော်သုပ်စားလိုက်၊ ရေနွေးကြမ်းခါးခါးကို သောက်လိုက်

www.burmeseclassic.com



နှင့်။ လက်သီးခင်မောင်သည် (မရှိသေ့စကား) လေလည်သည့်အခါ အသံအကျယ်ကြီး မြည်အောင် ပေါက်တတ်လေ၏။ လေလည်ပြီး သည့်အခါတိုင်းလည်း . . .

“အဲသလို လုပ်စမ်းပါကွာ။ လေမစုံရင် ဖွေကုန်နေမှာစိုးလို့”

ဟု ပြောတတ်လေရာ ကျွန်ုပ်မှာ သူ လေလည်တိုင်း ရယ်မော နေရလေ၏။ လက်သီးခင်မောင်သည် ပျော်ပျော်ရွှင်ရွှင်နေတတ်လေ၏။ လူမျိုးခြားတို့အား မျက်နှာသာမပေးဘဲ စကားတင်းမာစွာဖြင့် ပြောဆိုတတ်သော်လည်း မြန်မာလူမျိုးတိုင်းကိုမူ မွန်မွန်ရည်ရည်နှင့် ရှိသေစွာ ဆက်ဆံတတ်သူဖြစ်လေ၏။ ယခုညတွင် လက်သီးခင်မောင်သည် ဝိညာဉ်နှင့် ပတ်သက်သော အကြောင်းအရာများကို ကျွန်ုပ်အား ပြောဆိုပြနေလေ၏။

“လူသားတစ်ဦး ကွယ်လွန်သွားတဲ့အခါ ၎င်းရဲ့ဝိညာဉ်ဟာ တမလွန်ဘဝကို ရောက်ရှိသွားတယ်လို့ တချို့က ဆိုကြတယ်။ အချို့တော့ အသက်ရှင်စဉ်က စွဲလမ်းတွယ်တာခဲ့တဲ့ မိမိကျင်လည်ကျက်စားရာနေရာတွေမှာ ဝိညာဉ်တွယ်နေတတ်တယ်လို့ ဆိုကြတယ်။ လူရှ နေထိုင်တဲ့ အဆောက်အဦးဟောင်းတွေ၊ လူသွားလူလာပြတ်တဲ့ ချောင်





ကျကျနေရာတွေ၊ ဆီးနှင်းမြူတွေ ပိတ်ဖုံးကာဆီးနေတဲ့ အကာလ ညချမ်းအချိန်မျိုးတွေမှာ ဝိညာဉ်တွေဟာ လှုပ်ရှားပျော်မွေ့နေတတ်ကြတယ်။

အချို့ဝိညာဉ်တွေကျတော့ လူသူပြည့်ကျပ်နေတဲ့နေရာဌာနတွေနဲ့ လင်းလင်းချင်းချင်းရှိတဲ့နေရာတွေမှာ သွားလာလှုပ်ရှားနေတတ်ကြတယ်။ ဒါကို လူတွေက မမြင်တော့ မသိကြဘူးပေါ့။ ဥပမာအားဖြင့် ပြောရရင် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့တော်မှာရှိတဲ့ အမေရိကန်သမ္မတ အဆက်ဆက်တို့ စံမြန်းရာဖြစ်တဲ့ အိမ်ဖြူတော်မှာ အမေရိကန်နိုင်ငံရဲ့ (၁၆) ယောက်မြောက် သမ္မတ “အေဗရာဟင်လင်ကွန်း” ရဲ့ ဝိညာဉ်ကို တွေ့မြင်ဖူးသူအများအပြားရှိကြတယ်တဲ့ဗျ။ ဗြိတိသျှနန်းရင်းဝန်ဟောင်း ဝင်စတန်ချာချီကအစ နိုင်ငံခြားဧည့်သည်အဖြစ် ရောက်ရှိခဲ့ကြတဲ့ နိုင်ငံ အကြီးအကဲများစွာအထိ နိုင်ငံခြားပုဂ္ဂိုလ် အဆက်ဆက်တို့က ပင်ဆီလီ ဗေးနီးယားရိပ်သာအမှတ် (၁၆၀၀) အိမ်ဖြူတော်မှာ ကွယ်လွန်သူသမ္မတ လင်ကွန်းရဲ့ဝိညာဉ်ကို မိမိတို့ တွေ့မြင်လိုက်ကြကြောင်း ထုတ်ဖော်ပြော ကြားခဲ့ကြတယ်”

“အင်း . . . အံ့ဩစရာကောင်းလိုက်တာနော်”

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီအခံထဲမှာ မကြာသေးမီကမှ သမ္မတရာဖူးက အနားယူခဲ့တဲ့ သူရဲ့သမီး မော်ရင်းက ကျွန်မ နောက်ပြောင်နေတာ မဟုတ်ပါဘူး။ လင်ကွန်းရဲ့ဝိညာဉ်ကို ကျွန်မတို့ အမှန်တကယ်ပဲ တွေ့မြင်လိုက်ရတာ ဖြစ်ပါတယ်လို့ အလေးအနက် ထုတ်ဖော်ပြောကြားခဲ့တယ်။ မော်ရင်းနဲ့ သူ့ခင်ပွန်းတို့ဟာ အိမ်ဖြူတော်က သူ့ဖခင်သမ္မတထံကို လာရောက်လည်ပတ်တဲ့အခါတိုင်း တစ်ချိန်က သမ္မတလင်ကွန်းအိပ်စက်သွားခဲ့တဲ့ အိပ်ခန်းမှာ အိပ်လေ့ရှိကြတယ်။ လင်ကွန်းရဲ့ဝိညာဉ်ဟာ တစ်ခါတစ်ရံမှာ အနီရောင် တောက်ဖြာနေပြီး တစ်ခါတစ်ရံမှာ လိမ္မော်ရောင် တောက်ဖြာနေတယ်လို့ဆိုတယ်။ မော်ရင်းက ကျွန်မတို့ လင်ကွန်းရဲ့ ဝိညာဉ်ကို တွေ့မြင်လိုက်ရတဲ့အကြောင်း မိဘများကို ပြောပြတော့ အဖေနဲ့အမေက သိပ်မယုံချင်ကြဘူး။ ကျွန်မကို ခပ်ကြောင်ကြောင်နဲ့ ပြန်ကြည့်သွားကြတယ်လို့ ဆို တယ်။

သမ္မတ ရုစဗဲ့ရဲ့ဇနီး အီလင်းနာရုစဗဲ့ကလည်း အိမ်ဖြူတော်မှာ မိမိတို့နေထိုင်ခဲ့စဉ်တုန်းက မိမိတို့အနီးအနားမှာ လင်ကွန်းဝိညာဉ် ရှိနေသလို စိတ်ထဲတွင် ဖြစ်ပေါ်ခံစားခဲ့ရဖူးကြောင်း သူမရဲ့ နေ့စဉ်မှတ်တမ်း (ဒိုင်ယာရီ) မှာ ရေးသားထားတယ်။ အိမ်ဖြူတော်ကို ရောက်





လာတဲ့ နိုင်ငံ့အကြီးအကဲများကလည်း အိမ်ဖြူတော်မှာ ထူးဆန်းတဲ့ ခြေသံတွေ ကြားရတယ်လို့ ဆိုတယ်။

လင်ကွန်းရဲ့ဝိညာဉ်နဲ့ပတ်သက်ပြီး ဒီနေ့အထိ အသေးစိတ်အကျဆုံး ပြန်လည်ပြောပြနိုင်သူကတော့ ဒတ်ချ်ဘုရင်မကြီး "ဝီမီလ်နာ (QUEEN WILHELMINA) ပဲဖြစ်တယ်။ ဘုရင်မကြီးဟာ သမ္မတရုစဗဲ့ရဲ့ဧည့်သည်တော်အဖြစ် အိမ်ဖြူတော်မှာ နေထိုင်ခဲ့ရတယ်။ အဲ့ဒီတုန်းက တစ်ညမှာ အိပ်ခန်းအပြင်ဘက်က ခြေသံရှပ်ရှပ်ဆိုပြီး ကြားရတာကြောင့် ဘုရင်မကြီးက အခန်းတံခါးကို ဖွင့်ကြည့်လိုက်တယ်။ အဲ့ဒီအခါမှာ တံခါးဝမှာ မားမားကြီးရပ်နေတဲ့ လင့်ကွန်းကို သူ အမြဲဆောင်းလေ့ရှိတဲ့ ဦးထုပ်ရှည်အနက်ကြီးနဲ့ တွေ့မြင်လိုက်ရတယ်။ မမျှော်လင့်ဘဲ ရင်ဆိုင်လိုက်ရတဲ့မြင်ကွင်းကြောင့် ဘုရင်မကြီးခမျာ အလွန်တုန်လှုပ်ချောက်ချားပြီး ကြမ်းပြင်ပေါ်ကို ဗုန်းဗုန်းလဲကျသွားရှာတယ်။

သမ္မတရဲ့အလှမွေးခွေးတစ်ကောင်ဟာ သမ္မတလင်ကွန်း အိပ်စက်သွားတဲ့ အခန်းအပြင်ဘက်မှာ မကြာခဏ ဝပ်နေလေ့ရှိတယ်။ ခွေးကလေးနာမည်က "ရက်စ်" တဲ့ဗျ။ ရက်စ်ဟာ အခန်းထဲကို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမဲ့သက်သက် ဟောင်ဖနေလေ့ရှိတယ်။ ရက်စ်ကို အိပ်ခန်းထဲ ဝင်နိုင်းတဲ့အခါမှာတော့ မဝင်ရဲဘဲ ပေကပ်ကပ်လုပ်နေတတ်တယ်။ ရက်စ်ဟာ အိပ်ခန်းထဲကို ဝင်ဖို့ တစ်စုံတစ်ရာကို ကြောက်ရွံ့နေသလိုပဲ။

သမ္မတလင်ကွန်းဟာ သက်ရှိထင်ရှားရှိစဉ်အခါတုန်းက PARANDIMAL (ခေါ်) စိတ်နယ်လွန်ဖြစ်ရပ်တွေကို အလွန်စိတ်ဝင်စားသူဖြစ်တယ်။ ဗိညာဉ်ပူးခြင်း၊ မာတ်စီးခြင်းကိစ္စတွေမှာ ပါဝင်ဆောင်ရွက်လေ့ရှိတတ်တယ်။ ၎င်းကို လူသတ်သမားက လုပ်ကြံမသတ်ခင်ကတည်းက ဒီအဖြစ်ဆိုးကြီးကို လင်ကွန်းက စိတ်ထဲက အလိုလိုကြိုတင်သိနေခဲ့တယ်။ အတိတ်နိမိတ်ဆိုး၊ အိပ်မက်ဆိုးများကတစ်ဆင့် ကြိုတင်သိနေတာမျိုးပေါ့။ ၁၈၄၂ ခုနှစ်က လက်ထပ်ခဲ့တဲ့ သမ္မတကတော် "မေရီတုဒ်"ဟာလည်း ဗိညာဉ်ပူးခြင်း၊ မာတ်စီးခြင်းတွေကို ယုံကြည်သက်ဝင်သူ ဖြစ်တယ်။ လင်ကွန်းဟာ မေရီတုဒ်နဲ့ လက်ထပ်စဉ်အခါကတည်းက လျှို့ဝှက်ဆန်းကြယ်တဲ့ စိတ်နယ်လွန်လောကနဲ့ ပတ်သက်ပြီး ၎င်းရဲ့အယူ အဆတွေ၊ အစွဲတွေကို မိတ်ဆွေတစ်ဦးဆီကို ရေးတဲ့ သူ့ရဲ့စာထဲမှာ ထည့်သွင်းရေးသားခဲ့တယ်။ လင်ကွန်းက စိတ်နယ်လွန်နဲ့ ဗိညာဉ်လောကတို့ကို စိတ်ဝင်စားတယ်လို့ဆိုတယ်။





သူ့ရဲ့စိတ်ကို ပြင်ပကမမြင်ရတဲ့ အင်အားစုတွေက လွှမ်းမိုးထိန်းချုပ်ထားတယ်လို့လည်း ရေးထားတယ်။

စိတ်ဗိညာဉ်လောကမှာ လင်ကွန်းရဲ့ အာရုံတိမ်းညွတ်မှုဟာ သူ အလွန်ချစ်မြတ်နိုးလှတဲ့ သားဖြစ်သူ ဝီလီကွယ်လွန်သွားပြီးနောက်ပိုင်းမှာ ပိုမိုပြင်းထန်လာတယ်။ ဗိညာဉ်ပူးခြင်း၊ မာတ်ဆီးခြင်းတွေကို ပိုမိုပြုလုပ်လာတယ်။ တကယ်တော့ လင်ကွန်းဟာ သူ အလွန်ချစ်လှတဲ့ တမလွန်ဘဝက သားဖြစ်သူနဲ့ အဆက်အသွယ်ပြုလုပ်နိုင်ဖို့ ကြိုးစားနေတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး။ လင်ကွန်းအနေနဲ့ ၁၈၆၀ နှစ်မှာ သမ္မတ အဖြစ်ခန့်အပ်ခံရပြီးတဲ့နောက် သမိုင်းတွင်မယ့် ကျေးကျွန်များ လွတ်မြောက်ခွင့်ကြေညာချက်ကို ထုတ်ပြန်ခဲ့တယ်။ အဲဒီလို ငွေဝယ်ကျွန်တွေကို ကျွန်အဖြစ်က လွတ်မြောက်ခွင့်ပေးခြင်းဟာ လင်ကွန်းကို "ကိုရာမေနဒ်" ဆိုတဲ့ နတ်ဝင်သည် ကျုပ်တို့မြန်မာနိုင်ငံမှာတော့ နတ်ကတော်ပေါ့။ အဲ့ဒီနတ်ကတော်က တိုက်တွန်းသောကြောင့် ဖြစ်တယ်လို့ သိရတယ်။ လင်ကွန်းဟာ နတ်ဝင်သည်ရဲ့ မာတ်ခန်းကို အမြဲသွားတယ်။

၁၈၆၃ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှာ လင်ကွန်းအမိန့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အမေရိကန်တစ်ဝှမ်းမှာရှိတဲ့ ငွေဝယ်ကျွန်တွေအားလုံး ကျွန်အဖြစ်က လွတ်မြောက်သွားခဲ့တယ်။ ယင်းအခြေအနေဟာ နိုင်ငံရေးသဘောအရ လွတ်မြောက်ခြင်းဖြစ်တယ်လို့ဆိုပေမယ့် တကယ်ဝင်စစ်တော့ ဒီလို လွတ်မြောက်ပေးဖို့ တမလွန်က ဝိညာဉ်တွေက နတ်ဝင်သည်ကတစ်ဆင့် လင်ကွန်းအား တိုက်တွန်းခဲ့တာလို့ ဆိုတယ်။ ဒါပေမယ့် လင်ကွန်းလို စိတ်ဓာတ်ပြင်းထန်သူပုဂ္ဂိုလ်တစ်ဦးက တမလွန်လောကမှ ဝိညာဉ်များ ကျေနပ်နှစ်သိမ့်စေဖို့ ကျေးကျွန်တွေကို လွတ်ငြိမ်းခွင့်ပေးတယ်ဆိုတာ ဖြစ်နိုင်စရာမရှိဘူးလို့ သမိုင်းပညာရှင်တွေချေပခဲ့ကြတယ်။ ငွေဝယ်ကျွန်စနစ်ဟာ လူ့သိက္ခာ၊ လူ့ကျင့် ဝတ်စည်းကမ်းများနဲ့ ဆန့်ကျင်နေတာကို လင်ကွန်းရဲ့စိတ်ထဲမှာ စွဲမြဲစွာ ယုံကြည်ထားခဲ့ပြီး ရှိနေတယ်လို့ အချို့က ထောက်ပြကြတယ်။

ဘယ်လိုပဲဖြစ်ပစေ လင်ကွန်းခမျာ အဲ့ဒီယုံကြည်ချက်ကြောင့် သူ့အသက်ကို ပေးဆပ်သွားခဲ့ရရှာတယ်။ ငွေဝယ်ကျွန်တွေအပေါ် လွတ်ငြိမ်းခွင့်ပေးမိခြင်းအတွက် လူသတ်သမားရဲ့လက်ချက်နဲ့မရှုမလှ သေပွဲဝင်ခဲ့ရတယ်။ အဲ့ဒီကြမ္မာငင်တဲ့နေ့က အင်း . . . စဉ်းစားလိုက်ဦးမယ်။ ၁၈၆၅ ခုနှစ်၊ ဧပြီ ၁၄ ရက်နေ့ပဲဗျ။ သမ္မတရာထူး ဒုတိယ





သက်တမ်းကို စတင်ထမ်းဆောင်ပြီး သုံးလအကြာသာရှိသေးတယ်။ ပြီးတော့ သွေးချောင်းစီး တိုက်ခိုက်နေကြတဲ့ ပြည်တွင်းစစ်ကို အဆုံးသတ်စေမယ့် တောင်ဘက်က ကွန်ဖက်ဒရိတ်တပ်တွေ လက်နက်ချအညံ့ခံပြီး ငါးရက်သာရှိသေးတယ်။

ဝါရှင်တန်မြို့တော်မှာရှိတဲ့ ဖို့ဒ်ဇာတ်ရုံမှာ တင်ဆက်ကပြမယ့် My american Cousin (ကျွန်ုပ်၏အမေရိကန်မောင်နှမဝမ်းကွဲ) အမည်ရှိတဲ့ပြဇာတ်သစ်ဖွင့်ပွဲအခမ်းအနားကို သမ္မတလင်ကွန်းက တက်ရောက် ကြည့်ရှုအားပေးရတယ်။ လင်ကွန်းနဲ့အတူ သမ္မတကတော်ဂုဏ်သရေရှိ လူကြီးမင်းတွေ တက်ရောက်ရတဲ့ပွဲပေါ့။ ဇာတ်ရုံရှေ့က တတ္တီပါကန့်လန့်ကာကြီး ပင့်တင်လိုက်တဲ့ခဏအကြာမှာ မကျေမနပ်ဖြစ်နေသော အမေရိကန်တောင်ပိုင်းသား "ဂျွန်ဝီလ်ကီစ်ဘုသ်" ဆိုသူက သမ္မတအတွက် သီးသန့်ပေးထားတဲ့ ပွဲကြည့်ဆောင်အတွင်းကို ခပ်အေးအေးသာသာ လမ်းလျှောက်ဝင်လာပြီး လင်ကွန်းရဲ့နောက်စေ့တည့်တည့်ကို သေနတ်နဲ့ ချိန်ပြီး ပစ်လိုက်တယ်။

အဲသလိုဖြစ်လာမှာကို လင်ကွန်းဟာ အတိတ်နိမိတ်ဆိုးတွေနဲ့ ကြိုတင်သိနေခဲ့တယ်။ လူသတ်သမားလက်နက်နဲ့ သေဆုံးရမယ့်



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနေ့မနက်မှာ လင်ကွန်းက ညက သူ အသတ်ခံရတယ်လို့ အိပ်မက်မက်တဲ့အကြောင်း သူ့ရဲ့သက်တော်စောင့် အကြီးအကဲကို ပြောပြသွားသေးတယ်။ အဲဒီလို မိမိလုပ်ကြံခံရမယ့်အရေးကို လင်ကွန်းဟာ ထိုအချိန်ကာလ မတိုင်မီကာလကြာမြင့်ကတည်းက ကြိုတင်နိမိတ်တွေ ရှိခဲ့တယ်။ ၁၈၆၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲမတိုင်မီ တစ်နေ့မှာ လင်ကွန်းဟာ မှန်ထဲမှာ သူ့ရဲ့ထူးခြားတဲ့ပုံရိပ်ကို တွေ့မြင်လိုက်ရတယ်။ မှန်ထဲမှာ ထင်ဟပ်နေတဲ့ သူ့ရုပ်သွင်ဟာ လူသေတစ်ဦးလို အသားရေက ဖြူဖတ်ဖြူရော် ဖြစ်နေတာကို တွေ့လိုက်ရတာဖြစ်တယ်။ အပြင်ရုပ်သွင်နဲ့ လုံးဝ မတူဘူး။ တစ်မူထူးခြားနေတဲ့မှန်ထဲက ပုံရိပ်ကို သူ ကြည့်နေစဉ်မှာပဲ မှန်ထဲက အရိပ်က ပျောက်သွားတယ်လို့ သူက သူ့ဇနီးကို ပြောဖြစ်တယ်။ လင်ကွန်းဟာ သမ္မတဖြစ်ပြီးတဲ့နောက် အိမ်ဖြူတော်မှာ အဲဒီလိုအဖြစ်မျိုးကို မကြာခဏ ကြုံတွေ့ရတယ်။ သမ္မတကတော် မေရီကလည်း မိမိခင်ပွန်း သမ္မတ ဒုတိယသက်တမ်းအထိ ထမ်းဆောင်ရမယ်ဆိုတာ သိပေမယ့် ဒုတိယသက်တမ်းကုန်ဆုံးချိန်အထိ နေရမှာ မဟုတ်ဘူးဆိုတာ ထိုစဉ်ကတည်းက ရိပ်စားမိခဲ့တယ်လို့ ဆိုတယ်။ ဗို့ဒ်ဇာတ်ရုံမှာ ပြဇာတ်သွား





ကြည့်ဖို့ လင်ကွန်းဟာ ပထမက အစီအစဉ်မရှိခဲ့ဘူး။ သမ္မတကတော်ရဲ့ တိုက်တွန်းချက်ကြောင့် လိုက်ပါသွားခြင်းဖြစ်တယ်။ အဲ့ဒီနေ့မတိုင်မီအထိ လင်ကွန်းဟာ အတိတ်နိမိတ်ဆိုး၊ အိပ်မက်ဆိုးတွေနဲ့ စိတ်ချောက်ချားနေခဲ့တယ်။ ယင်းအိပ်မက်ဆိုးတွေနဲ့ ပတ်သက်ပြီး သူ့ရဲ့နေ့စဉ်မှတ်တမ်းမှာ ရေးသားထားခဲ့တယ်။

တစ်ညမှာတော့ လင်ကွန်းဟာ အိပ်ရာဝင်ချိန် နောက်ကျခဲ့တယ်။ အိပ်ရာထဲရောက်ပြီးမကြာခင်မှာပဲ အိပ်ပျော်သွားတယ်။ အိပ်ပျော် နေတုန်းမှာ အိပ်မက်တစ်ခုကို မြင်မက်တယ်။ အိပ်မက်ထဲမှာ လင်ကွန်းဟာ လူသေကောင်လို ငြိမ်သက်နေတယ်။ ငိုရှိုက်သံတွေကိုလည်း သဲ့သဲ့ကြားနေရတယ်။ အသံတွေက အသုဘအခမ်းအနားမှာ လူတွေ ဝမ်းနည်းစွာနဲ့ ဝိုင်းဝန်းငိုကြွေးနေတာတွေနဲ့ တူတယ်လို့ဆိုတယ်။ လင်ကွန်းဟာ လဲလျောင်းနေတဲ့ ခုတင်ပေါ်က ထပြီး အောက်ထပ်ကို ဆင်းလာခဲ့တယ်။ အောက်ထပ်မှာလည်း ငိုရှိုက်သံတွေကို ကြားနေရတယ်။ ဒါပေမယ့် ငိုရှိုက်နေသူတွေကို မမြင်ရဘူး။ လင်ကွန်းဟာ တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ရှာနေတယ်။ သို့ပေမယ့် အခန်းတိုင်းမှာ သက်ရှိလူသားဆိုပြီး တစ်ယောက်မှ မတွေ့ရဘူး။ အခန်းများ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖြတ်သွားတိုင်း ရှိက်သံတွေကိုသာ စိတ်မချမ်းမြေ့ဖွယ် ကြားနေရတယ်လို့ဆိုတယ်။ အခန်းတွေထဲမှာတော့ မီးတွေက လင်းထိန်နေကြတယ်။ ဘယ်အခန်းထဲမှာ ဘယ်ပစ္စည်း၊ ဘယ်ပရိဘောဂ ရှိတယ်ဆိုတာ လင်ကွန်းက သိနေတယ်။ သို့ပေမယ့် နလုံးကြေကွဲ မတတ်ဝမ်းနည်းပူဆွေးနေသူတို့မှာ ဘယ်နေရာမှာရှိတယ်ဆိုတာ သူ စဉ်းစားမရအောင် ဖြစ်နေတယ်။ လင်ကွန်းဟာ ထိတ်လန့်ချောက်ချားလာတယ်။ မိမိ မြင်တွေ့နဲ့ရတာတွေဟာ ဘယ်အဓိပ္ပာယ်ကို ဆောင်နေသလဲ။ သူ သိပ်သိချင်လာတယ်။ အဲဒါကြောင့် အကြောင်းရင်းကို တွေ့အောင်ရှာမယ်ဆိုတဲ့ စိတ်ကူးနဲ့ သူ ရှေ့ဆက်ပြီး လျှောက်လာခဲ့တာ အိမ်ဖြူတော်ရဲ့ အရှေ့ဘက်မှာရှိတဲ့ ခန်းမဆောင်ထဲကို ရောက်သွားတယ်။ အဲ့ဒီအခန်းထဲမှာ အလောင်းစင်တစ်ခု ပြင်ထားတာကို တွေ့လိုက်ရတယ်။ စင်ပေါ်မှာ အဝတ်ဖုံးလွှမ်းထားတဲ့ လူသေအလောင်းတစ်ခုလည်းရှိနေတယ်။ အသုဘအခမ်းအနားတစ်ခုရဲ့ အဆင်တန်ဆာတွေ အပြည့်အစုံရှိနေတယ်။ အလောင်းပတ်လည်မှာလည်း အစောင့်စစ်သားတွေက ဝိုင်းပတ်ရပ်နေကြတယ်။ ပရိသတ်တွေလည်း ရှိနေကြတယ်။ ပရိသတ်အချို့က ရုပ်အလောင်းကို ဝမ်းနည်းကြေကွဲတဲ့





အသွင်နဲ့ ငုံ့ကြည့်ပြီး ငိုကြွေးနေကြတယ်။ သူတို့မျက်နှာတွေကိုတော့ မမြင်ရဘူး။ အဝတ်တွေ ဖုံးထားတယ်။

"အိမ်ဖြူတော်အတွင်းမှာ ဘယ်သူကွယ်လွန်သွားလို့လဲ" လို့ အလောင်းစင်ဘေးမှာ ရပ်နေတဲ့ အစောင့်စစ်သားတစ်ဦးကို လင်ကွန်းက မေးလိုက်တယ်။ ထိုအခါ အစောင့်စစ်သားက ပြန်ဖြေတယ်။ "သမ္မတကြီး ဖြစ်ပါတယ်။ လူသတ်သမားရဲ့လက်ချက်နဲ့ ကွယ်လွန်သွားခြင်း ဖြစ်ပါ တယ်" ပရိသတ်ထဲက ဝမ်းနည်းပူဆွေးသံကြီး ရုတ်တရက်ပေါ်ထွက်လာ တယ်။ ထိုအသံနဲ့အတူ လင်ကွန်းဟာ အိပ်ပျော်နေရာက လန့်နိုးသွားတယ်။ အဲ့ဒီညက လင်ကွန်းဟာ နောက်ထပ် ပြန်မအိပ်ရဲတော့ဘူး။ အဖြစ်အပျက်တွေဟာ အိပ်မက်တစ်ခုသာဖြစ်ပေမယ့် လင်ကွန်းကတော့ ဘယ်အချိန်ကစပြီး စိတ်အနှောင့်အယှက်ဖြစ်နေရှာတယ်။ ဒီအကြောင်းတွေကို လင်ကွန်းက သူ့ရဲ့နေ့စဉ်မှတ်တမ်းထဲမှာ ရေးသားထားလို့ ကျုပ်တို့တစ်တွေ သိရှိရခြင်းဖြစ်တာပေါ့။ ရေးထားတာမှ အသေးစိတ်ရေးသားထားတာနော်။ အဲ့ဒီလင်ကွန်းရဲ့ရေးသားချက်တွေဟာ အိပ်မက်သုတေသီတွေ၊ အတိတ်နိမိတ်ဆိုင်ရာ သုတေသီတွေအတွက်တော့ အလွန်အထောက်အကူဖြစ်စေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



လူသတ်သမားလက်ချက်နဲ့ သေဆုံးရမယ့်နေ့မှာတောင် လင်ကွန်းက မိမိမှာ ကံကြမ္မာဖြိုဖျက်ဆိုးကျ ရောက်တော့မယ့် အတိတ်နိမိတ်တွေ တွေ့မြင်ထားရတယ်လို့ သူ့ရဲ့ ကက်ဘိနက်ဝန်ကြီးအဖွဲ့က ဝန်ကြီး တစ်ဦးကို ပြောကြားခဲ့သေးတယ်။ အဲ့ဒါအပြင် သူ့ကို ကာကွယ်စောင့် ရှောက်မှုပေးနေတဲ့ သက်တော်စောင့် တပ်ဖွဲ့က အကြီးအကဲတစ်ဦးကို သူ သုံးညဆက်တိုက် မြင်မက်ခဲ့တဲ့ အိပ်မက်ဆိုးအကြောင်းကို ပြောပြခဲ့တယ်။ အဲ့ဒီအခါ သက်တော်စောင့် အကြီးအကဲက လင်ကွန်း ကို ပြဇာတ်သွားမကြည့်ဖို့ ပြောတယ်။ ဒါပေမယ့် လင်ကွန်းက သူ့ဇနီး ကို လိုက်ပြဖို့ ကတိပေးထားပြီးဖြစ်တယ်လို့ ပြောပြခဲ့ တယ်။

ဝါရှင်တန်မြို့တော်မှာ နိုင်ငံတော်ရှာပနအခမ်းအနား ကျင်းပ ပြီးတဲ့နောက် လင်ကွန်းရဲ့ရုပ်ကလာပ်ကို သူ့ရဲ့ဇာတိ အီလီနွိုက်ပြည် နယ်သို့ မီးရထားနဲ့ သယ်ဆောင်သွားကြတယ်။ နှောင်နှစ်ပေါင်း (၁၀၀) ကျော်ကြာတဲ့အချိန်မှာ လင်ကွန်းရုပ်ကလာပ်သယ်ဆောင်ရာ မီးရထား လမ်းတစ်လျှောက်မှာ အဝတ်နက်အုပ်လွှမ်းထားတဲ့ "တစ္ဆေရထားကြီး" တစ်စင်း ခုတ်မောင်းသွားတယ်လို့ မြင်တွေ့လိုက်ရတဲ့သူတွေက ပြော ကြတယ်။





လွန်ခဲ့တဲ့နှစ်အတန်ကြာလောက်က နယူးယောက်ပြည်နယ် အယ်လ်ဘာနီမြို့ထုတ် EVENING TIME သတင်းစာမှာ လင်ကွန်းရဲ့ တစ္ဆေရထားကြီးနဲ့ ပတ်သက်ပြီး ဆောင်းပါးတစ်ပုဒ်ရေးထားတာ ရှိ တယ်။ အဲဒီဆောင်းပါးမှာ နှစ်စဉ် ဧပြီ ၂၇ ရက်နေ့လောက်မှာ ညသန်း ခေါင်ယံအချိန် အီလီနွိုက်ပြည်နယ်ဘက်ကို တစ္ဆေရထားကြီးတစ်စင်း ခုတ်မောင်းသွားလေ့ရှိကြောင်း၊ ရထားသံလမ်းပေါ်က လေဟာ အထူး ဝါးလွှာပြီး အေးစက်နေတတ်ကြောင်း၊ ဘေးပတ်ဝန်းကျင်နှစ်ဖက်က လေထုကမူ ပူနွေးပြီမ်သက်နေကြောင်း၊ ရထားပေါ်၌ လေတိုးလှုပ်ရှားမှု နှင့် မည်းနက်နေသော အဝတ်ဖုံးလွှမ်းထားသည့် တစ္ဆေရထားကြီး ခုတ်မောင်းသွားကြောင်း၊ ဒါပေမယ့် ရထားစက်သံကို လုံးဝမကြားရ အောင်၊ ရထား နောက်ဆွယ်မှာ ဝမ်းနည်းပူဆွေးနေတဲ့ အသုဘ ပို့ ဆောင်ကြတဲ့ ပရိတ်ကြီးလည်း ပါရှိကြောင်း၊ ပရိသတ်က အပြာရောင် ဘုတ်အကျီများ ဝတ်ဆင်ထားကြောင်း၊ အချို့က မသာအခေါင်းတွေကို ခုံးပေါ်မှာ တင်ထားပြီး၊ အခြားသူတွေက မသာအခေါင်းများကို ဦးညွှတ်ထားကြကြောင်း အကျယ်တဝင့် ရေးသားထားတယ်။ အထူး ခြားဆုံးကတော့ တစ္ဆေရထားကြီး ဖြတ်သန်းသွားတိုင်း လမ်းတစ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်မှာရှိတဲ့ နာရီတွေဟာ ၅ မိနစ်မှ ၈ မိနစ် အတွင်း နောက်ကျ သွားလေ့ရှိတယ်လို့ ဆိုတယ်။

အခြားထူးခြားချက်တစ်ခုလည်း ရှိတယ်၊ အဲဒါကတော့ လင်ကွန်းလုပ်ကြံခံရပြီး လအတန်ကြာလောက်မှာ သမ္မတကတော် မေရီ ဓာတ်ပုံအရိုက်ခံတော့ မေရီရဲ့ဓာတ်ပုံနဂ္ဂတစ်ကို ဖဆေးလိုက်တဲ့ အခါ မေရီရဲ့ဘေးမှာ လင်ကွန်းရဲ့သဏ္ဍာန်တစ်ခု ခပ်ဝါးဝါးပေါ်နေတယ် လို့ ဆိုတယ်"

"ကိုခင်မောင် ပြောပြတာတွေက အတော်စိတ်ဝင်စားစရာ ကောင်းတာပဲ"

"ဟိုးတစ်နေ့က အရေးပိုင်မစ္စတာအေးလာ ဖတ်နေတဲ့ စာအုပ်ကို ကျုပ်က စိတ်ဝင်စားလို့ ခဏငှားတယ်။ ဒီမျက်နှာဖြူက ကျုပ် အားလုံးကို နားလည်မယ်မဟုတ်ပါဘူးထင်ပြီး ငှားလိုက်တယ်ဗျ။ မနေ့ညက တစ်ရေးနိုးမှာ အဲ့ဒီစာအုပ်ကို သတိရပြီး ထိုင်ဖတ်နေတာ မနက် (၄)နာရီ ကျော်မှ ပြီးတယ်။ ကိုဘသိန်းက အိပ်မောကျနေတော့ ကျုပ် စာထိုင်ဖတ်နေတာကို ဘယ်သိပ့်မလဲ။ ဝိညာဉ်လောကက ဖြစ်ရပ်ဆန်းတွေကို ကျုပ်က စိတ်ဝင်စားတယ်"





"အခု ကိုခင်မောင်ပြောပြတာကို နားထောင်ရတာ ရုပ်ရှင် ကားတစ်ကားကို ကြည့်နေရသလိုပါပဲ။ သမ္မတလင်ကွန်းဓာတ်ပုံကို တော့ မြင်ဖူးပါတယ်။ သူ့အကြောင်းကို သိလိုက်ရတော့ ပိုပြီးအံ့ဩ သွားမိတယ်။ သူ့ ဖြစ်ရပ်က အတော်ဆန်းကြယ်တာပဲနော်"

"အရေးပိုင်ကတော့ ကျုပ်တို့နှစ်ယောက်ကို ဘဝင်မကျဖြစ် နေမှာတော့ အမှန်ပဲ။ ကျုပ်က လုံးဝမအရေးမစိုက်ပါဘူး"

"ခရစ္စမတ်နေ့အခမ်းအနားကို သူနေတဲ့ ခြံထဲမှာ ကျင်းပဖို့ ပြင်ဆင်နေတာကို ကျုပ်တို့နှစ်ယောက်က ဘာမှလုပ်ကိုင်မပေးတာကို ပြောတာလား။ ဟိုလူ အိုင်ပီဆွေဝင်းက လူတကာအပေါ် ဆရာလုပ်ပြီး ညွှန်ကြားနေတာကို အမြင်ကပ်စရာတွေ့ရမှာဆိုတော့ မသွားတာပဲ ကောင်းပါတယ်"

"အင်း . . . ဒါပေမယ့် အဲ့ဒီ ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်ညမှာ တော့ အရေးပိုင်က တည်ခင်းတဲ့စားသောက်ပွဲကိုတော့ မဖြစ်မနေ သွားစားကြမယ်ဗျာ။ အိုင်ပီဆွေဝင်းတို့အဖွဲ့က ကျုပ်ကို မျက်မုန်းကျိုး လောက်အောင် စားပြမယ်"

"ကြည့်လည်းစားပါ ကိုခင်မောင်ရယ်။ တော်ကြာ အလကားရ



www.burmeseclassic.com

www.burmeseclassic.com



တာဖတွေ စားပြီး စားပိုးနင့်နေရင် လူတွေ ကဲ့ရဲ့စရာဖြစ်နေပါဦးမယ်"

"အဲသလောက် အရုပ်ဆိုး အကျည်းတန်အောင်တော့ မလုပ်ပါဘူး။ ဟင်း . . . ကျုပ်တို့နှစ်ယောက် စကားကောင်းနေလိုက်တာ ညနှစ်နာရီကျော်နေပြီဗျ။ အိပ်ရာဝင်တော့မှ ဖြစ်မယ်။ မနက်အိပ်ရာထနောက်ကျရင် ခါလာကြီးဆိုင်က ကြက်သားဟင်းနဲ့ပလာတာကို မစားလိုက်ရဘဲ ရှိနေဦးမယ်"

"ကိုခင်မောင်က ကြက်သားဟင်းနဲ့ ပလာတာကို မနက်တိုင်းစားနေတာ မမုန်းဘူးလားဗျာ"

"မမုန်းပါဘူး။ ကျုပ် မုန်းတာက လူမျိုးခြားတွေကိုပဲ"

"ဟုတ်တယ် . . . ဟုတ်တယ် . . . အဟင်းဟင်း"

× × ×

ဒီဇင်ဘာ (၂၅) ရက်နေ့ည။

ခရစ္စမတ်အခမ်းအနားကို အရေးပိုင်မစ္စတာအေးလာစမ်တာသူ၏ ခြံဝင်းထဲတွင် ကျင်းပသည်။ မြို့ပေါ်မှ လူမျိုးခြားသူဌေးကြီးများ အခြားကိုလိုနီအစိုးရအလုပ်ဌာနများမှ အရာရှိကြီးများ၊ ပုလိပ်အရာရှိများ တက်ရောက်ကြလေ၏။ လက်သီးခင်မောင်က တိုက်ပုံအင်္ကျီ၊ ဘန်ကောက် ပုဆိုးတို့ကို ဟန်ကျပန်ကျ ဝတ်ဆင်ထားလေ၏။ ကျွန်ုပ်မှာလည်း လက်သီးခင်မောင်နည်းတူ ဝတ်ဆင်ရလေ၏။ ခြံဝင်းထဲတွင် ရောင်စုံမီးများ ထွန်းထားလေ၏။ အိုင်အိုဆွေဝင်းနှင့် အဖွဲ့သည် ခြံဝင်းထဲမှ ချောင်ကျသော စားပွဲတွင် ထိုင်ကာ ယမကာဝိုင်းဖွဲ့နေကြလေ၏။ ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့က အခြားစားပွဲတွင်ထိုင်နေလိုက်ကြ၏။

"ကိုဘသိန်းတို့ ဒီကို လာထိုင်ကြပါလား"

အိုင်ဝီဆွေဝင်းက ယမကာအရှိန်ကလေးဖြင့် လှမ်းခေါ်လေ၏။

"ရပါတယ် . . . ဒီမှာပဲ ထိုင်လိုက်ပါ့မယ်"

ကျွန်ုပ်က လက်သီးခင်မောင်၏ စိတ်သဘောထားကို သိရှိထားသူဖြစ်ရာ လက်ကာပြပြီး ပြောလိုက်ရလေ၏။ ကျွန်ုပ်နှင့် လက်သီးခင်မောင်သည် ယမကာမှီဝဲခြင်းမရှိကြချေ။ အရေးပိုင်မစ္စတာအေးလာစမ်သည် အရာရှိကြီးများနှင့် မြို့ပေါ်မှ ချစ်တီးသူဌေးများကို ညှိခံကျွေးမွေး နေလေ၏။ လက်သီးခင်မောင်သည် စားပွဲပေါ်သို့ စားစရာများ







www.burmeseclassic.com

www.burmeseclassic.com



လာချပေးသည်နှင့် တစ်ခုချင်းကို အရသာခံကာ စားနေလေ၏။

"ကိုဘသိန်း စားနော်။ ကျုပ်က ဘုန်းကြီးကျောင်းသားလုပ်ခဲ့တဲ့သူဆိုတော့ လက်လျင်တယ်။ ဗိုက်ဝအောင်စားမှာဗျ။ မဝမချင်း မပြန်ဘူး သာမှတ်"

"ဒီအခမ်းအနားမှာ မြန်မာလို ဝတ်ဆင်ထားတာ ခင်ဗျားနဲ့ ကျွန်တော်ပဲ ရှိပါလားဗျ"

"ကျုပ်တို့က မြန်မာလူမျိုးစစ်စစ်တွေပဲဗျာ။ ကျုပ်တို့ဘုရင်တွေက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းနဲ့နေလာခဲ့ကြတာ။ အရည်အချင်း မရှိတဲ့ သီပေါမင်းကြောင့် သူ့ကျွန်ဘဝရောက်ခဲ့ရတာ။ မတတ်သာလို့ ကိုလိုနီအစိုးရရဲ့ ပုလိပ်အဖွဲ့မှာ တာဝန်ထမ်းနေရတာ မဟုတ်လား။ ငပိစားပြီး ဘိုလိုရောနေရတဲ့ဘဝ . . . ဟင်း . . . တောက်"

ထိုအချိန်တွင် အရေးပိုင်၏ခြံဝင်းထဲသို့ ခြံဝတွင် စောင့်နေသည့် ပုလိပ်သားနှင့် အသက် (၃၀) ဝန်းကျင် လူနှစ်ယောက်တို့ ဝင်လာပြီး အိုင်ပီဆွေဝင်း၏ စားပွဲသို့ တန်းတန်းမတ်မတ် သွားကြလေ၏။ ပုလိပ်သားက အိုင်ပီဆွေဝင်းအား အရိုအသေပေးပြီး ပြောပြနေ၏။ အိုင်ပီဆွေဝင်းက လူရွယ်နှစ်ယောက်နှင့် စကားပြောနေလေ၏။ ပုလိပ်





သားက ခြံဝသို့ ပြန် ၍ လျှောက်သွားလေ၏။ အိုင်ပီဆွေဝင်းက လူရွယ်နှစ်ယောက်ကို သူ့စားပွဲမှ ထိုင်ခုံတွင် ထိုင်စေ၏။ သူက အရေးပိုင်ရှိရာသို့ လျှောက်သွားပြီး အရေးပိုင်အား အရိုအသေပြုပြီး ခြေဟန်လက်ဟန်ဖြင့် ပြောနေသည်။ လက်သီး ခင်မောင်သည် အိုင်ပီဆွေဝင်း၏ လှုပ်ရှားမှုကို ကျွန်ုပ်နှင့်အတူ ကြည့်ရှုနေလေ ၏။

"ဟိုလူရွယ်နှစ်ယောက်က အိုင်ပီဆွေဝင်းကို ဘာလာပြောတာလဲ မသိဘူး။ အိုင်ပီဆွေဝင်းက အရေးပိုင်ကို သွားပြောနေတယ်"

"ဟိုလူရွယ်နှစ်ယောက် ပုလိပ်သားနဲ့အတူ ခြံဝင်းထဲကို ဝင်လာကတည်းက ကျုပ် မြင်တယ်။ အဲ့ဒီလူရွယ်နှစ်ယောက်က အိုင်ပီဆွေဝင်းကို ပြောပြနေတဲ့ ဟန်အမူအရာကို ကြည့်တာနဲ့ မြို့ပေါ်တစ်နေရာမှာ လူသတ်မှုဖြစ်တာတော့ သေချာတယ်။ ကျုပ်တို့ ဘာမှမသိသလို နေကြမယ်။ အိုင်ပီဆွေဝင်းရဲ့ လှုပ်ရှားမှုကို အကဲခတ်ရတာပေါ့"

ကျွန်ုပ်က လက်သီးခင်မောင်ကို ခေါင်းညိတ်ပြလိုက်လေ၏။ လက်သီးခင်မောင်သည် အစားကိုသာ စားနေလေ၏။ အရေးပိုင်၏ မျက်နှာသည် ပြုံးရွှင်ကြည်လင်နေရာမှ အမူအရာပြောင်းလဲသွားသည်ကို ကျွန်ုပ် သတိပြုမိလိုက်၏။ အိုင်ပီဆွေဝင်းသည် အရေးပိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြောသော စကားကိုနားထောင်ရင်း ခေါင်း တဆတ်ဆတ်ညိတ်နေလေ၏။ ထို့နောက် အရေးပိုင်အား အရှိအသေပေးပြီး မူလသူထိုင်ခဲ့သော စားပွဲသို့ ပြန်သွားကာ အိုင်ပီမြင့်သောင်း၊ အိုင်ပီကျော်တင့်တို့အား ပြောဆိုကာ ၎င်းတို့သုံးဦးသည် လူရွယ်နှစ်ဦးနှင့်အတူ ခြံထဲမှ ထွက်သွားလေ၏။ လက်သီးခင်မောင်သည် ကျွန်ုပ်ကို မေးဆတ်ပြပြီး အိုင်ပီဆွေဝင်းထိုင်သွားသော စားပွဲဘေးမှ စားပွဲတွင် စားသောက်နေကြသော သူများအနီးသို့ တိုးကပ်သွားပြီး . . .

"မိတ်ဆွေတို့ စောစောက ဒီစားပွဲမှာ ယမကာမှီဝဲနေသူ သုံးယောက်ကို လူရွယ်နှစ်ယောက်က ဘာလာပြောတယ်ဆိုတာ ကြားလိုက်မိကြသလား"

ဟု မေးလေ၏။

"စိမ်းမြကန်သာ ကန်ပေါင်ပေါ်မှာ မိန်းကလေးတစ်ယောက် အသတ်ခံထားရလို့တဲ့"

"အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်"

လက်သီးခင်မောင်သည် ကျွန်ုပ်လက်ကိုဆွဲကာ အရေးပိုင်၏ ခြံဝင်းထဲမှ အလျင်စလိုထွက်လာခဲ့လေ၏။ ကျွန်ုပ်သည် ရှေ့မှသွားနေ





သော လက်သီးခင်မောင်၏ နောက်သို့ မနည်းမီအောင်ပင် လျှောက်လှမ်းနေရလေ၏။

"ကိုခင်မောင် အဝတ်အစားတွေ သွားမလဲတော့ဘူးလား"

"အဝတ်အစားက အရေးမကြီးပါဘူးဗျာ၊ ကျုပ်တို့နှစ်ယောက်ကို အသိမပေးဘဲ အခင်းဖြစ်ရပ်ကို အရင်သွားချင်နေတဲ့ အိုင်ပီဆွေဝင်းတို့ သုံးယောက် အိမ်ပြန်ပြီး ယူနီဖောင်းလဲနေချိန်မှာ ကျုပ်တို့က အခင်းဖြစ်ရပ်ကို အရင်ရောက်အောင် သွားမယ်"

စိမ်းမြကန်သာကန်ကြီးက မြို့ဖုပ်ရပ်ကွက်တစ်ခုအတွင်းမှာ ရှိလေ၏။ လက်သီးခင်မောင်သည် ကျွန်ုပ်ကို အမြန်လိုက်ခဲ့ရန် လက်ပြ၍ လျှောက်နေလေ၏။ စိမ်းမြကန်သာဘက်မှ လျှောက်လာသည့် လူနှစ်ဦးနှင့် တွေ့သည်။

"နောင်ကြီး . . . စိမ်းမြကန်သာကန်ပေါင်ပေါ်မှာ မိန်းကလေးတစ်ယောက် အသတ်ခံရလို့ဆို၊ ခင်ဗျားတို့ အဲ့ဒီမိန်းကလေးအလောင်းကို သွားကြည့်ပြီး ပြန်လာတာ မဟုတ်လား"

လက်သီးခင်မောင်က မေးလေ၏။ လျှောက်လာသူနှစ်ဦးထဲမှ တစ်ဦးက ခေါင်းညိတ်ပြပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ကျွန်တော်တို့ တစ်ခါမှမမြင်ဘူးတဲ့ မိန်းကလေးဗျ။ ညဉ့်ငှက်မ မဟုတ်တာတော့ သေချာတယ်။ မွန်မွန်ရည်ရည်ထဲကပါပဲ"

"ဒဏ်ရာတွေက ဘယ်နေရာမှာ ရထားတာလဲဗျ"

"ရင်ဘတ်မှာ တစ်ချက်၊ ခေါင်းမှာလည်း သွေးတွေနဲ့ဗျ။ ပါးစပ်ထဲမှာလည်း အဝတ်စကို ထိုးသွင်းထားတယ်၊ ပြီးတော့ . . . ဟို . . . ဟို"

"ခင်ဗျားတို့ပြောတဲ့ ဟို . . . ဟို . . . ဆိုတာ ဘာလဲဗျ"

"မင်းသိချင် သွားကြည့်ကွာ"

စိတ်မရှည်သလို ပြောသွားလေ၏။ လက်သီးခင်မောင်သည် စိမ်းမြကန်သာ ကန်ပေါင်သို့ သွက်လက်သောခြေလှမ်းများဖြင့် သွားနေလေ၏။ စိမ်းမြကန်သာကန်ပေါင်ပေါ်တွင် အသတ်ခံရသည့် မိန်းကလေး၏ အလောင်းကို လာရောက်ကြည့်ရှုနေကြသည့်လူများကို မြင်တွေ့လိုက်ရလေ၏။ အလှူအတန်းသို့သွားသည့်အသွင် ဝတ်ထားသော လက်သီး ခင်မောင်ကို လူများက လူထူးလူဆန်းတစ်ဦးသဖွယ် ကြည့်နေကြလေ၏။

"ဟင် . . . အဲဒါ အရေးပိုင်ရုံးက ပုလိပ်အရာရှိကွ"





လက်သီးခင်မောင်ကို တွေ့မြင်ဖူးသူတစ်ဦး၏ ပြောပြသံကို ကြားလိုက်ရလေ၏။ လက်သီးခင်မောင်သည် အသတ်ခံရသည့်မိန်းကလေးကို ကြည့်ရှုရန် အရပ်ထဲမှ အောက်လင်းဓာတ်မီးတစ်လုံးကို ငှားရမ်းလေ၏။ အောက်လင်းဓာတ်မီးသံကိုင်းကို လက်ဖြင့် ကိုင်ကာ အသတ်ခံရသူ မိန်းကလေး၏အလောင်းကို စစ်ဆေးကြည့်ရှုနေလေ၏။ သေဆုံးသူ မိန်းကလေး၏ ရင်ဘတ်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်ကို ထင်ရှားစွာ မြင်တွေ့ရလေ၏။ ဦးခေါင်းတွင် တုံးသောလက်နက်ဖြင့် ထုနက်ခံထားရသည့် ဒဏ်ရာများနှင့် ပါးစပ်ထဲသို့ အဝတ်စများ ထိုးသွင်းထားသည်ကို တွေ့ရ၏။

"သေဆုံးသူမိန်းကလေးကို မြင်တွေ့ဖူးသူ ရှိပါသလား။ ရှိရင် ပြောပြပေးပါ"

ကျွန်ုပ်က ဝိုင်းအုံကြည့်ရှုနေသူများကို မေးမြန်းကြည့်ရှုမိလေ၏။ မည်သူ့ထံမှ စကားကို မကြားရသဖြင့် သေဆုံးသူမိန်းကလေးကို မြင်တွေ့သူမရှိကြောင်း သိလိုက်ရလေ၏။ လက်သီးခင်မောင်က မိန်းကလေး၏အလောင်းဘေးတွင် တွေ့ရသည့် အုတ်နီခဲကို သူ၏ အိတ်ပုံအင်္ကျီအိတ်ထဲမှာ လက်ကိုင်ပဝါဖြင့်အုပ်ပြီး ထိုင်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကန်ပေါင်ဘက်သို့ ကားတစ်စီး မောင်းဝင်လာသည်ကို မြင်လိုက်ရလေသည်။

"အိုင်ပီဆွေဝင်းတို့ လာနေကြပြီ။ ကျုပ်တို့ပြန်ရအောင် ကိုဘသိန်း"

လက်သီးခင်မောင်က အောက်လင်းဓာတ်မီးကို ပိုင်ရှင်ထံသို့ သွားရောက်အပ်နှံရာ အိုင်ပီဆွေဝင်းတို့အဖွဲ့ကလည်း ကန်ပေါင်ပေါ်သို့ တက်သွားကြသည်နှင့် လူချင်းလွဲသွားလေ၏။

"မိန်းကလေးအလောင်းနားမှာ တွေ့တဲ့သဲလွန်စ သွေးစွန်းနေတဲ့ အုတ်ခဲကို ကျုပ် ယူသွားတာ အိုင်ပီဆွေဝင်းသိရင်တော့ အရေးပိုင်အထင်ကြီးသွားအောင် သက်သေပြစရာမရှိလို့ ဒေါသဖြစ်နေမှာ အမှန်ပဲ။ ကျုပ်တို့ မပြန်သေးဘဲ တစ်ဖက်ကန်ပေါင်သစ်ပင်ရိပ်အောက်က အိုင်ပီ ဆွေဝင်းတို့ရဲ့ လှုပ်ရှားမှုကို လေ့လာကြည့်ရအောင်လား"

"ကောင်းသားပဲ ကိုခင်မောင်"

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် တစ်ဖက်ကန်ပေါင်သို့ ရောက်အောင်လာခဲ့ကြလေ၏။ အိုင်ပီဆွေဝင်းသည် အသတ်ခံရသူ မိန်းကလေး၏အလောင်းကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်နေ၏။





အိုင်ပီ ဆွေဝင်းပါးစပ်မှ ပြောပြပေးနေသည်ကို အိုင်ပီမြင့်သောင်းက ဒိုင်ယာရီ စာအုပ်ထဲတွင် လိုက်လံရေးမှတ်နေ၏။ အိုင်ပီဆွေဝင်းက လာရောက် ကြည့်ရှုနေသူများကို မေးမြန်းနေ၏။ ထိုသူများက ခေါင်းခါ၍ပြနေ၏။ စိမ်းမြကန်သာကန်ပေါင်ပေါ်သို့ ပုလိပ်သား (၄) ဦးရောက်လာသည်။ အသတ်ခံရသည့်မိန်းကလေး၏အလောင်းကို စောင်ပုခက်အွင် ထည့်ကာ ပုလိပ်သားများက သယ်သွားကြလေ၏။ အလောင်းကို ဆေးရုံသို့ သယ်သွားကြမှန်း ကျွန်ုပ်နှင့် လက်သီးခင် မောင်တို့က သိရှိနားလည်လိုက် ကြလေ၏။

"လာ . . . ကိုဘသိန်း အရေးပိုင်အိမ်ကို သွားကြမယ်"

"အရေးပိုင်ကို သွားရောက်တင်ပြမလို့လား ကိုခင်မောင်"

"မဟုတ်ပါဘူး။ အိုင်ပီဆွေဝင်းက အရေးပိုင်ဆီကို ရောက်အောင်သွားပြီး တင်ပြနေလောက်ပါပြီ။ အရေးပိုင် တည်ခင်းဧည့်ခံပွဲ အစားအစာတွေကို စားနေဆဲအချိန်မှာ မိန်းကလေးအသတ်ခံရတာကို ရောက်စစ်ဆေးရတာဆိုတော့ ဗိုက်ဆာချောင်သွားပြီဗျ။ အခု ထပ်စားဖို့ သွားမယ်လေ။ ဗိုက်ဝအောင် စားသောက်ပြီးမှ ကျုပ် အသတ်ခံရတဲ့ ကလေးရဲ့ အလောင်းဘေးက သိမ်းဆည်းလာခဲ့တဲ့ သဲလွန်စအုတ်ခဲ



www.burmeseclassic.com

www.burmeseclassic.com



ကို အရေးပိုင်ကို အပ်မယ်လေဗျာ"

လက်သီးခင်မောင်သည် အရေးပိုင်၏ ခြံဝင်းထဲမှ မှုလထိုင်ရှိ သော စားပွဲတွင် သွားထိုင်ပြီး ပြင်ဆင်ပေးထားသော အစားအစာများကို ထိုင်စားနေလေ၏။

"အိုင်အို ခင်မောင် . . . စိမ်းမြကန်သာကန်ပေါင်ပေါ်မှာ အသတ်ခံရတဲ့ မိန်းကလေးအလောင်းအနီးက သွေးစွန်းနေတဲ့အုတ်ခဲ ကို အရေးပိုင်က တွေ့ချင်တယ်တဲ့"

အိုင်အိုခင်မောင်က အစာစားနေရင်းမှ ခေါင်းညိတ်၏။

"ခင်ဗျားတို့အလောင်းကို အရေးပိုင်သိရအောင် ပြောပြပြီးပြီ မဟုတ်လား။ သဲလွန်စကို သိမ်းဆည်းလာတာက ကျုပ်လေ၊ ကျုပ် ဘာသာ အပ်နှံပေးမှာပေါ့။ အခုတော့ စားကောင်းလို့ စားလိုက်ပါရစေ ဦး"

"လူသတ်မှုဖြစ်လို့ ကျုပ်တို့ခေါင်းခဲနေရတဲ့အချိန်မှာ ခင်ဗျား က အစားစားဖို့ပဲ စိတ်ကူးနေသလား"

"အစားဆိုတာ လူနဲ့တည့်တယ်တဲ့ဗျ။ အမည်မသိမိန်းက လေးကို ဘယ်သူကသတ်သွားတယ်ဆိုတာ ခင်ဗျားက သိသွားလို့





သဲလွန်စ အုတ်ခဲကို ကျုပ်ဆီက လာတောင်းနေတာလား"

"ကျုပ်တို့ ခရစ္စမတ်ပွဲကျင်းပနေချိန်မှာ ဖြစ်ပွားသွားတာ။ လူ သတ်တရားခံက ဘယ်သူဘယ်ဝါဆိုတာ ချက်ချင်းသိနိုင်မလား။ စုံစမ်း ထောက်လှမ်းရဦးမှာပေါ့"

"ဒါနဲ့များဗျာ . . . သက်သေခံအုတ်ခဲကို လာတောင်းနေသေး တယ်"

"အရေးပိုင်က တွေ့မြင်ချင်တယ်ဆိုလို့"

"သူ မကြည့်ချင်လည်း ကြည့်ရမှာပါ။ ဒီသက်သေခံအုတ်ခဲက လူသတ်မှုမှာ အရေးကြီးတဲ့အခန်းကဏ္ဍက ပါချင်ပါနေမှာ မဟုတ် လား"

အိုင်ပီဆွေဝင်းသည် တင်းမာသောမျက်နှာအနေအထားဖြင့် ကျွန်ုပ်တို့အနီးမှ ခြေဆောင့်ကာ ထွက်သွားလေ၏။ လက်သီးခင်မောင် က အစားစားရင်း အသံထွက်အောင်ပင် ရယ်မောနေလေ၏။

"ဒီလူက လူတွင်ကျယ်ပါဗျာ။ အထက်အရာရှိကြီးတွေကို အားကောင်းလို့ ကျုပ်တို့ထက် တစ်ဆင့်မြင့်တဲ့ရာထူးကို ရထားပေ မယ့် ဘာအရည်အချင်းမှ မရှိပါဘူး။ ရာဇဝတ်မှုတစ်ခုဖြစ်လာလို့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကဖသော်လည်းကောင်း၊ အခြားပုလိပ်အရာရှိတစ်ယောက်က သော်လည်းကောင်း စုံစမ်းဖော်ထုတ်ပြီး ရာဇဝတ်ကောင်ကို ဖော်ထုတ်လိုက်ရင် ကျွန်တော်မျိုးလည်း အဲသလိုတွေးထားမိတာ အိုင်အိုခင်မောင်က လက်ဦးမှုရသွားလို့သာပေါ့၊ နို့မို့ဆိုရင် ကျွန်တော်မျိုးကို ဖော်ထုတ်လိုက်မှာဆိုပြီး အရေးပိုင်ရှေ့မှာ အကြွားလုံးပိုတာ ခင်ဗျားလည်း ကြားဖူးသားပဲ။ အိုင်အိုဆွေဝင်းက ကသစ်ပင်ကိုင်းခြောက်လို အသားပွပြီး အလယ်မှာ အခေါင်းပါတဲ့လူစား မျိုးဗျ။ ဘာမှအသုံးမကျဘူး။ ကျုပ်တို့ အရေးပိုင်ရုံးမှာ ဒီလိုပုလိပ်အရာရှိတွေရှိနေတော့ မခံချင်စိတ်နဲ့ ကြိုးစားပြီး ရာဇဝတ်ကောင်ကို ဖော်ထုတ်မိတာပဲ"

"ဒီလူက အရက်မူးနေရင် သူ့စိတ်ထဲ ထင်ရာလုပ်၊ ထင်ရာ ပြော တော့တာပဲ"

"လာဗျာ . . . ကိုဘသိန်း အရေးပိုင်ဆီသွားရအောင်"

လက်သီးခင်မောင်သည် အရေးပိုင်ထိုင်နေသော စားပွဲသို့ တန်းတန်းမတ်မတ် လျှောက်သွားလေ၏။ ထို့နောက် လက်ကိုင်ပဝါဖြင့် ထုပ်ထားသော သက်သေခံအုတ်ခဲကို စားပွဲပေါ်သို့ တင်လိုက်ပြီး . . .

"ခင်ဗျားကြည့်ချင်တယ်ဆိုတဲ့ သက်သေခံကျောက်ခဲ





ခင်ဗျား ကြည့်ပြီးတာနဲ့ အသေအချာ သိမ်းဆည်းထားပါ။ ဒီသက်သေခံ ပစ္စည်းကို အင်းစိန်က ဓာတုဗေဒဝန်ရုံးကို ပို့ရမယ်။ အုတ်ခဲမှာ စွန်းထင်းနေတဲ့ အနီစက်တွေဟာ လူ့သွေးဟုတ်.မဟုတ်ပေါ့။ ကျုပ်ကတော့ ခင်ဗျားဧည့်ခံတဲ့ အစားအစာတွေ စားပြီး ဗိုက်လေးနေတယ်။ အိပ်ချင်လာပြီ။ ကျုပ် ပြန်အိပ်တော့မယ်"

လက်သီးခင်မောင်သည် အရေးပိုင်၏ခြံဝင်းထဲမှ ထွက်သွားလေ၏။ ကျွန်ုပ်က သူ၏နောက်မှ တစ်ပါတည်းလိုက်လာခဲ့မိ၏။ လက်သီးခင်မောင်သည် အိမ်သို့မပြန်ဘဲ ကျွန်တော့်ကိုခေါ်ကာ ဆေးရုံသို့လာခဲ့လေ၏။ ရင်ခွဲတိုက်ထဲတွင် မှုခင်းဆရာဝန်က အမည်မသိ မိန်းကလေး၏ အလောင်းကို စစ်ဆေးနေရာ လက်သီးခင်မောင်နှင့် ကျွန်ုပ်က အနီးမှ ရပ်ကာ ကြည့်ရှုနေလေ၏။

"မိန်းကလေးက မသေဆုံးမီအချိန်မှာ ယောကျ်ားတစ်ဦးနဲ့ မေထုံမှီဝဲခဲ့ပုံရတယ်"

"ဟင်"

လက်သီးခင်မောင်၏စကားကြောင့် ကျွန်ုပ်မှာ အံ့သြသွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြောင့် ပြောနိုင်ရတာလဲ ကိုခင်မောင်"

"မိန်းကလေးရဲ့အလောင်းကို သွားရောက်စစ်ဆေးတုန်းက အနေအထားကို ကြည့်ပြီး စဉ်းစားလို့ရတာကို ပြောတာ။ မိန်းကလေး အလောင်းကို စစ်ဆေးရင် အမှုလိုက်ကလည်း အနားမှာရှိနေသင့် တယ်လေ။ ကျုပ်ရဲ့ထင်မြင်ယူဆချက် မှန်မမှန်ကို သိချင်တာလည်း ပါတယ်"

"ဪ . . . အင်း"

"လူသတ်မှုက ခြေရာပျောက်နေတယ်။ လူသတ်မှုနဲ့ပတ် သက်ပြီး အလောင်းအနီးက ယူလာတဲ့ သွေးစွန်းနေတဲ့ အုတ်ခဲပဲ သဲလွန်စရှိနေတယ်"

မှူခင်းဆရာဝန်က စစ်ဆေးပြီး လက်သီးခင်မောင်ကို ပြောပြ ပေးနေ၏။ လက်သီးခင်မောင်က တိုက်ပုံအင်္ကျီထဲမှ မှတ်စုစာအုပ်ကို ထုတ်၍ ရေးမှတ်နေ၏။

"ပါးစပ်ထဲကို အဝတ်ထိုးသွင်းထားတာက လည်ချောင်းထဲ အထိ ရောက်နေတယ်။ ဦးခေါင်းကို တုံးသောလက်နက်၊ ပျက်ရှိသော လက်နက်နဲ့ဆိုတော့ အုတ်ခဲနဲ့ထုထားတာက နဖူး၊ ဂျိုစောင်း၊ ဦးခေါင်းခွံ





နိုးတွေ အက်နေတယ်။ ပြီးတော့ မိန်းကလေးမသေဆုံးမီ မိနစ်ပိုင်း အတွင်းမှာ ယောကျ်ားတစ်ဦးနဲ့ ရင်းနှီးစွာ ဆက်ဆံထားတာတွေ့ရ တယ်"

"ကျုပ်ထင်ထားတဲ့အတိုင်း မှန်နေတာပေါ့။ အကြားအမြင်ရ ထားလို့တော့ မဟုတ်ပါဘူး။ အလောင်းကိုတွေ့ရတဲ့အနေအထားကို ကြည့်ပြီး ခန့်မှန်းကြည့်တာ။ အသတ်ခံရတဲ့ မိန်းကလေးက ဘယ်သူ ဘယ်ဝါမှန်း မသိရသေးတော့ အလောင်းကို ဓါတ်ပုံတွေဆေးရုံကပဲ ထာဝန်ယူသင်္ဂြိုဟ်ပေးလိုက်စေချင်ပါတယ်။ မြေကျင်းတူးတဲ့ကုလား တွေကို ကျုပ်ကပဲ သင်္ဂြိုဟ်စရိတ်သဘောမျိုး ပေးလိုက်ပါ့မယ်"

လက်သီးခင်မောင်နှင့် ကျွန်ုပ်တို့သည် ဆေးရုံမှ ပြန်လာခဲ့ကြ လေ၏။

× × ×

အမည်မသိမိန်းကလေး အသတ်ခံရမှုက သဲလွန်စ လုံးဝမရ သေး။ လက်သီးခင်မောင်နှင့် ကျွန်ုပ်တို့ သွားလာစုံစမ်းနေပေမယ့် အကြောင်း မထူးသေး။



www.burmeseclassic.com

www.burmeseclassic.com



"အိုင်ပီဆွေဝင်းက အသတ်ခံရတဲ့မိန်းကလေးအလောင်းကို လမ်းမတော်က ဓာတ်ပုံဆရာ ကိုပီရေးကိုခေါ်ပြီး ဓာတ်ပုံရိုက်ယူထားတာဆော့ ကျုပ်က အတွေးအခေါ်သာသွားတယ်လို့ ပြောရမှာပဲ"

ရန်ကုန်ပြည်လမ်းဘေး ရာဂျန်းလက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်အတူထိုင်သောက်ကြရင်း လက်သီးခင်မောင်က ပြောလေ၏။

"ကျုပ်တို့ပုလိပ်အဖွဲ့က လူတွေ စိတ်ရင်းကောင်းကောင်းနဲ့ စိတ်တူ ကိုယ်တူ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ဘယ်ရာဇဝတ်မှုမျိုးမဆို မပေါ်ပေါက်ဘူးဆိုတာ ရှိမှာ မဟုတ်ပါဘူး။ အခုတော့ မျက်နှာဖြူအရေးပိုင် ရှေ့မှာ မျက်နှာရအောင် တစ်ဦးနဲ့တစ်ဦး အပြစ်တွေ ပုံချပြီးနေကြတော့ ခက်တာပေါ့ ကိုခင်မောင်ရယ်"

"ကျုပ်က ဓာတ်ပုံဆရာကိုပီရေးဆီ သွားပြီး အသတ်ခံရတဲ့ မိန်းကလေးအလောင်း ရိုက်ကူးထားတဲ့ ဓာတ်ပုံကို တောင်းယူလာခဲ့တယ်"

လက်သီးခင်မောင်က သူ၏အင်္ကျီအိတ်ထဲမှ ဓာတ်ပုံကို ထုတ်ပြသည်။





"ဒီဓာတ်ပုံကို သွားလေရာ နေရာတိုင်းကို ယူသွားပြီး ကျုပ်ရဲ့ အမှာခံသတင်းပေးတွေဆီမှာ မေးမြန်းစုံစမ်းရမယ်"

လက်သီးခင်မောင်နှင့် ကျွန်ုပ်တို့သည် မြို့ထဲ မြို့ပြင်နေရာ အသီး သီးသို့ သွားရောက်ပြီး သတင်းစုံစမ်းခဲ့ကြလေ၏။ မြို့အထွက်မှ ရွာကြီးတစ်ရွာသို့ ရောက်ရှိသွားကြလေ၏။ ရွာသားတစ်ဦးကို တွေ့လျှင် လက်ဖက်ရည်ဆိုင်ထဲသို့ ခေါ်လာခဲ့လေ၏။ လက်သီးခင်မောင်က ရွာသားကို မိန်းကလေး၏ဓာတ်ပုံကို ထုတ်ပြပြီး မေးမြန်းသည်။ ရွာသားက ဓာတ်ပုံထဲက မိန်းကလေးကို အသေအချာကြည့်ပြီး . . .

"ဆရာပြတဲ့ဓာတ်ပုံထဲက မိန်းကလေးကို . . . အင်း . . . အဲ့ဒီ မိန်းကလေး အသတ်ခံရတာ ဘယ်လောက်ကြာပြီလဲ ဆရာ"

"အင်း . . . ဘယ်လောက်ကြာပြီလဲဆိုတော့"

လက်သီးခင်မောင်က လက်ဖက်ရည်ဆိုင်ထဲတွင် လက်ဖက်ရည်သောက်ရင်း စကားပြောနေသူများကို အကဲခတ်လိုက်၏။ သူ့စားပွဲနှင့် ဒသူ စကားလက်ဆုံကျနေသည်မှာ လွယ်အိတ်ထဲမှ မှတ်စုစာအုပ်ကို ဖွင့်ကြည့်လိုက်လေ၏။

"ဒီနေ့နဲ့ဆိုရင် (၁၈)ရက်ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာ။ ဟင်း ... ဆရာပြောတဲ့ လွန်ခဲ့တဲ့နှစ်ပတ်ကျော်ကျော်က အဲ့ဒီမိန်းကလေးနဲ့ အမျိုးသားတစ်ယောက်ကို ဒီလက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် အတူသောက်သွားကြတယ်"

သည်ရွာက မြို့နှင့်သိပ်အလှမ်းမဝေးသလို အိမ်ခြေများစွာရှိသော ရွာကြီးတစ်ရွာလည်း ဖြစ်လေ၏။

"ခင်ဗျားပြောတာ တကယ်သေချာရဲ့လားဗျ"

"သေချာပါတယ် ဆရာ။ နေ့လယ် (၁၂)နာရီလောက်မှာ သူတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်ထဲက အတူထွက်သွားကြတယ်။ မြို့ထဲဘက်ကို ဒီလမ်းအတိုင်း လမ်းလျှောက်သွားကြတာ ကျွန်တော် မြင်လိုက်မိတယ်"

လက်သီးခင်မောင်သည် ကန်ပေါင်ပေါ်တွင် အသတ်ခံရသည့် မိန်းကလေးနှင့်ပတ်သက်၍ သဲလွန်စ တစ်ခုရရှိသွားသဖြင့် ဝမ်းသာနေပုံရလေ၏။ လက်သီးခင်မောင်နှင့် ကျွန်ုပ်တို့သည် သတင်းပေးသည့် ရွာသားအား နှုတ်ဆက်ပြီး မြို့ထဲဘက်သို့ စကားတပြောပြောနှင့် လမ်းလျှောက်လာခဲ့ကြလေ၏။

"အသတ်ခံရတဲ့မိန်းကလေးဟာ အဖော်အမျိုးသားတစ်





ယောက်နဲ့ မြို့ထဲဘက်ကို လာနေတဲ့လမ်းကြောင်းကိုတော့ သိလာရပြီ။ ဒီလမ်းတစ်လျှောက်မှာ ဟိုဝင် သည်ထွက် စုံစမ်းသွားကြတာပေါ့"

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် မြို့ထဲဘက်သို့သွားရာ လမ်းတစ်လျှောက် စုံစမ်းလာခဲ့ရာ ထိုနေ့ညနေ (၄)နာရီခွဲအချိန်ခန့်တွင် မြို့ထဲရှိ Top Star စားသောက်ဆိုင်တွင် အသတ်ခံရသည့် မိန်းကလေးနှင့် သူ့အဖော် အမျိုးသားတို့ လာရောက်စားသောက်နေကြကြောင်း ထပ်မံ၍ သတင်းရရှိခဲ့လေ၏။ လက်သီးခင်မောင်နှင့် ကျွန်ုပ်တို့သည် Top Star စားသောက်ဆိုင်သို့ လာခဲ့ကြလေ၏။ ဆိုင်ရှင်အား လက်သီးခင်မောင်က စုံစမ်းမေးမြန်းလေ၏။

"ဟုတ်တယ် ဆရာ။ ဒီဓာတ်ပုံထဲက မိန်းကလေးနဲ့ အဖော်အမျိုးသားတစ်ယောက်တို့ ဒီဆိုင်မှာ စားသောက်သွားတယ်"

"ကောင်မလေးနဲ့ ပါလာတဲ့အမျိုးသားကို ခင်ဗျား မြင်ဖူး တွေ့ဖူးသလား"

"မြင်တော့ မြင်ဖူးသလိုရှိတယ်။ ဘယ်မှာနေမှန်းတော့ မသိဘူး။ သူတို့နှစ်ယောက် ဟိုထောင့်က စားပွဲမှာ စားသောက်သွားကြတာ။ သူတို့နှစ်ယောက် ကြည့်ရတာ သမီးရည်းစားလိုလို၊ လင်မယားလိုလို



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား ပြုံးပြုံးရွှင်ရွှင်ပဲ"

"ဒီဆိုင်မှာ စားသောက်ပြီး သူတို့ ဘယ်အချိန်ပြန်သွားကြသလဲ"

"ဆိုင်မှာ စားသောက်ရင်း စကားပြောနေကြတာ အကြာကြီးပဲ။ ည (၇)နာရီလောက်မှ ပြန်သွားကြတယ်"

"ဘယ်ဘက်ကို ပြန်သွားကြတာ မြင်လိုက်သလဲ"

"အဲ့ဒီအချိန် ဆိုင်မှာ လူကျနေတာဆိုတော့ သတိမထားမိဘူး။ အမျိုးသားကတော့ ကျွန်တော့်ဆိုင်ကို မကြာခဏ လာရောက် စားသောက်တတ်တယ်"

"ကောင်လေးက ချမ်းချမ်းသာသာထဲကလား"

ဆိုင်ရှင်က ခေါင်းခါ၍ ပြလေ၏။

"ချမ်းချမ်းသာသာထဲကတော့ မဟုတ်လောက်ဘူး။ တောရွာမှာ နေမယ်လို့ ထင်မိတာပဲ။ အရောင်းအဝယ်သမားလား ဘာလားတော့ မသိဘူး။ ငွေတွေ အတော်များများ ပါလာတာတော့ မြင်မိတယ်"

လက်သီးခင်မောင်နှင့် ကျွန်ုပ်တို့သည် Top Star စားသောက်ဆိုင်မှ ထွက်လာခဲ့ကြလေ၏။ ထို့နောက် အိမ်သို့ပြန်လာခဲ့ကြပြီး အနားယူနေမိကြလေ၏။





"သဲလွန်စလမ်းကြောင်းက အသတ်ခံရတဲ့မိန်းကလေးနဲ့ အမျိုးသားက Top Star စားသောက်ဆိုင်က ထွက်သွားတာနဲ့ လမ်းစပျောက်နေပြန်ပြီ။ ဒီရာဇဝတ်မှုက တိမ်မယောင်နဲ့ နက်နေတယ်။ ကောင်းပါတယ်လေ။ ကျုပ်ကလည်း အဲသလို ရာဇဝတ်မှုမျိုးကိုမှ ခက်ရာခက်ဆစ် ဖော်ထုတ်ချင်နေတာ"

"သတင်းလိုက်ပြီး စုံစမ်းနေရတာနဲ့ ကိုခင်မောင်နဲ့ကျွန်တော် နေ့လယ်စာတောင် မစားရသေးဘူး မဟုတ်လား"

"မနက်စာနဲ့ ညစာ ပေါင်းစားလိုက်ကြတာပေါ့ဗျာ"

× × ×

"ဘယ်လိုလဲ လူကလေးတို့။ စိမ်းမြကန်သာကန်ပေါင်ပေါ်မှာ အသတ်ခံရတဲ့ မိန်းကလေးအမှုက ရာဇဝတ်ကောင်ကို မသိသေးဘူးလား"

ကျွန်ုပ်တို့ ပုလိပ်အရာရှိများသည် အရေးပိုင်မစ္စတာအေးလဗ်မယ်၏ စားပွဲရှေ့တွင် ဝိုင်းပတ်ကာ ရပ်နေကြလေ၏။ အရေးပိုင်မစ္စတာ



www.burmeseclassic.com

www.burmeseclassic.com



အေးလာစမစ်က သုန်မှုန်နေသော မျက်နှာအနေအထားကြီးနှင့် မေ
နေလေ၏။

"အဲ့ဒီညက ခရစ္စမတ်ညဆိုတော့ မိန်းကလေးက သူချစ်သူ
ကန်ဘောင်ပေါ်မှာ ချိန်းတွေ့ပြီး အဟင်းဟင်း ချစ်ချင်းပြိုင်ကြပြီး မိန်း
လေးက သူ့ကို ယောကျ်ားလေးအတော်များများက စိတ်ဝင်စားနေ
အကြောင်း ကောင်လေး သဝန်တိုအောင် ပြောပါလိမ့်မယ်။ အဲ့ဒီအခါမှ
ချစ်စိတ်မှုန်နေတဲ့ ကောင်လေးက ဒေါသဖြစ်ပြီး ကောင်မလေး
သတ်ပစ်လိုက်တာလို့ ကျွန်တော်မျိုး ထင်မိပါတယ်"

အိုင်ပီဆွေဝင်းက ပြောလေ၏။ အရေးပိုင်မစ္စတာအေးလာ
စမစ်က နားထောင်ရင်း ခေါင်းတဆတ်ဆတ် ညိတ်နေလေ
လက်သီးခင်မောင်က အိုင်ပီဆွေဝင်း၏ မျက်နှာကို ကြည့်ပြီး ပြုံးနေ

"ကျွန်တော်မျိုးကတော့ အဲသလို မထင်မိဘူး အရေးပိုင်မင်း
အဲ့ဒီညက မိန်းကလေးက စိမ်းမြကန်သာကန်ပေါင်ကို တစ်ယော
တည်း လာပါလိမ့်မယ်။ အဲဒီအချိန်မှာ စိမ်းမြကန်သာကန်ပေါင်
ရောက်နေတဲ့ အမျိုးသားက မိန်းကလေးကို မြင်တော့ ရာဂစိတ်
ဖြစ်ပြီး ..."





အိုင်ပီမြင့်သောင်း ပြောနေသော စကားကို နားထောင်နေသည့် အရေးပိုင် မစ္စတာအေးလာစမစ်က လက်ကာ၍တားပြီး ...

"What Yarga"

မစ္စတာအေးလာစမစ်က ရာဂဆိုတာဘာလဲ ဟု မေးသောအခါ အိုင်ပီမြင့်သောင်း မည်သို့နားလည်အောင် ပြောပြရမည်ကို အခက်ကြုံသွားလေ၏။ လက်သီးခင်မောင်သည် သွားပေါ်အောင်ပြုံးနေလေ၏။

"အိုင်ပီ မြင့်သောင်း What Yarga"

"ရာဂ ဆိုဆာ ... ဟို ... ဟို ... ဟို"

"မုဒိမ်းကျင့်ချင်စိတ်ဖြစ်ပေါ်သွားတာကို ပြောတာပျ"

"အိုး ... ဟိုး"

အရေးပိုင်မစ္စတာအေးလာစမစ်သည် လက်သီးခင်မောင် ပြောလိုက်သောစကားကြောင့် မျက်နှာကြီး ပြုံးနေလေ၏။

"လူကလေးတို့ သင်တို့ထင်တာတွေကို တစ်ယောက် တစ်ပေါက် ပြောနေတာကို ကျွန်ုပ် မကြားလိုဘူး။ မိန်းကလေးကို သတ်သွားတဲ့ရာဇဝတ်ကောင် ဘယ်သူဆိုတာပဲ သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မျိုးတို့ စုံစမ်းနေပါတယ်"

"ဘိလိယက်ရုံထဲမှာ ဘိလိယက်ထိုးရင်း စုံစမ်းနေတာလား အိုင်ပီဆွေဝင်း"

"ဟား . . . ဟား . . . ဟား"

လက်သီးခင်မောင်က အသံထွက်အောင်ပင် အားရပါးရ ရယ်မောနေ၏။

"ခင်ဗျားက ဘာရယ်တာလဲဗျ"

အိုင်ပီဆွေဝင်းက လေသံမာမာဖြင့် မေး၏။

"ခင်ဗျား ဘာလုပ်နေတယ်ဆိုတာ အရေးပိုင်က ပြောပြလို့ သဘောကျပြီး ရယ်မိတာလေဗျာ"

"သင်တို့ ဘာလုပ်နေတယ်ဆိုတာ ကျွန်ုပ် မသိဘူးထင်နေလို့လား။ သင်တို့ ကျွန်ုပ်တို့ ဗြိတိသျှအစိုးရက ပေးထားတဲ့လစာကို လိမ်ညာယူနေကြတာလား"

"အရေးပိုင်ခင်ဗျား သိမ်းကျုံးမပြောပါနဲ့။ ကျွန်ုပ်တို့က ခင်ဗျားတို့လစာကို လိမ်ညာယူတဲ့သူထဲမှာ မပါဘူး။ အသတ်ခံရတဲ့ မိန်းကလေးက"





လက်သီးခင်မောင်သည် သူ စုံစမ်း၍ရရှိထားသော သဲလွန်စကို အရေးပိုင် မစ္စတာအေးလာစမစ်အား ပြောပြနေလေ၏။ အိုင်ပီဆွေဝင်းနှင့် အိုင်ပီမြင့်သောင်းတို့၏ မျက်နှာများ ညှိုးငယ်သွားလေ၏။

"လူကလေး ခင်မောင် . . . ဒီရာဇဝတ်ပေါ်အောင် သင်ပဲ ကြိုးစားပေးပါ။ ဒီလူတွေ ကျွန်ုပ်တို့ ဗြိတိသျှအစိုးရကပေးတဲ့လစာကို လိမ်ညာယူနေကြတယ်။ အရှက်လည်း မရှိဘူး။ ဒီရာဇဝတ်မှုပေါ်ပေါက်ခဲ့ရင် သင့်ကို ကျွန်ုပ် ထိုက်တန်တဲ့ဆုပေးပါ့မယ်"

"မလိုပါဘူး။ ကျုပ်တာဝန်ကို ကျုပ် ကျေပွန်အောင်ဆောင်ရွက်ဖို့ပဲ စိတ်ကူးရှိတယ်။ အရေးပိုင်က ကျုပ်တို့ပုလိပ်အဖွဲ့ကို ခေါ်ပြောတာ ဒီကိစ္စပဲ မဟုတ်လား။ အဲဒါဆိုရင် ကျုပ် သိပြီလေ။ လာ . . . တိုဘသိန်း သွားကြမယ်"

ကျွန်ုပ်သည် အရေးပိုင်အား အမြန်အရှိအသေပေးကာ လက်သီးခင်မောင်၏ နောက်သို့ လိုက်လာခဲ့လေ၏။

"ကိုခင်မောင် ဟိုလူနှစ်ယောက်ကို လှောင်ရယ်ပစ်လိုက်တာ ကျွန်တော်တော့ သဘောကျတယ်ဗျာ"

"အရေးပိုင်က အိုင်ပီဆွေဝင်း ဘိလိယက်ထိုးနေတာကို သိ



www.burmeseclassic.com

www.burmeseclassic.com



နေတော့ ရယ်ချင်စရာ ဖြစ်သွားတာပေါ့ . . .မဟုတ်ဘူးလား"

"အဲ့ဒီလူနှစ်ယောက် ယိုင်ထားမိတဲ့ ဟိုသတ္တဝါလို ဖြစ်သွားတော့တာပဲ"

"အရေးပိုင်ပြောတဲ့စကားလည်း မှန်တယ်။ ဒီလူတွေဟာ လစာကို လိမ်ညာယူပြီး လုပ်စားနေကြတာပဲ"

ကျွန်ုပ်နှင့် လက်သီးခပ်မောင်တို့သည် အိမ်သို့ ပြန်ရောက်လျှင် သစ်ပင်ရိပ်တွင် ထိုင်ကာ နားနေမိကြ၏။ ကျွန်ုပ်က ဦးလော့ဖဆေး ပြင်းလိပ်ကို သောက်နေမိ၏။

"အိုင်ပီ ဆွေဝင်း၊ အိုင်ဝီ မြင့်သောင်းတို့မှာ သိမြင်နိုင်၊ ကြံစည်နိုင်စွမ်းရှိတဲ့ ဉာဏ်မျိုးမရှိကြဘူးဗျ။ ဒါပေမယ့် သူတို့က သူတစ်ပါးထက် တော်ချင်တယ်။ ဒီဉာဏ်ကို ရဖို့ဆိုတာလည်း မလွယ်ပါဘူး။ မြတ်စွာဘုရားဟောကြားတော်မူတဲ့ ဣဒ္ဓိပါဒ်ဆိုတာ ကိုဘသိန်း ကြားဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . ကြားဖူးပါတယ်"

"အဓိပ္ပာယ်ကိုရော သိသလား"

"အသေအချာတော့ မသိပါဘူး"





"ဣဒ္ဓိဆိုတာက တန်ခိုး၊ ပါဒဆိုတာက အခြေခံ၊ တန်ခိုးရဖို့အတွက် အခြေခံလေးမျိုးလိုတယ်။ အဲ့ဒီလေးမျိုးက ဘာတွေလဲဆိုတော့ (၁) ဆန္ဒ - ပြတ်သားတဲ့ရည်းမှန်းချက်၊ (၂) စိတ္တ - နိုင်မာတဲ့စိတ်ဓာတ်၊ (၃) ဝီရိယ - မဆုတ်မနစ်တဲ့ကြိုးစားမှု၊ (၄) ဝီမံသ - လုံလောက်တဲ့ ဉာဏ်ပညာ။ ဒီလေးမျိုးကိုသာ အဓိကထားပြီး ဆောင်ရွက်ရင် မဖြစ်နိုင်စွမ်း ဘယ်မှာရှိပါအံ့နည်းလို့ ဘုရားရှင်က ဟောတော်မူခဲ့တယ်။ အဲ့ဒီလေးမျိုးကို အဓိကထားပြီး ကြိုးစားကြည့်လိုက်စမ်းပါ။ တစ်နေ့နေ့မှာ မလွဲမသွေ အောင်မြင်ရမယ်။ တစ်နေ့နေ့ဆိုတာကလည်း ကြိုးစားမှုမပြတ်တဲ့နေ့ကို ပြောချင်တာ။ ကြိုးစားမှုကို လျှော့ထားလိုက်ရင်တော့ တစ်ကနေ ပြန်စရမယ်။ ဣဒ္ဓိပါဒ်လေးမျိုးရှိတဲ့အနက် ဆန္ဒ၊ စိတ္တ၊ ဝီရိယဆိုတဲ့ သုံးမျိုးကိုတော့ ဒီဘဝမှာ ကြိုးစားအားထုတ်ရင် ရကောင်းရနိုင်မယ်။ လုံလောက်တဲ့ဉာဏ် ဆိုတာကိုတော့ အတိတ်ဘဝများစွာက ဖြည့်ဆည်းပြုကျင့်ခဲ့တဲ့ ဉာဏ်ပါရမီဓာတ်ခံပါမှသာ ရနိုင်မယ်။ မွေးရာပါမလုံလောက်တဲ့ ဉာဏ်ကို လုံလောက်တဲ့ဉာဏ်ဖြစ်အောင် ဒီဘဝမှာ ကြိုးစားအားထုတ်လို့ မရ ကောင်းပါဘူး။ လူချင်းတူပေမယ့် ဉာဏ်ချင်း မတူဘူး။ ဉာဏ်ချင်း တူပေမယ့် ပါရမီချင်း မတူ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ပါရမီချင်း တူပေမယ့် ဝီရိယချင်း မတူဘူး။ ဝီရိယချင်း တူပေမယ့် သတိချင်းမတူဘူး။ သတိချင်းတူပေမယ့် သမာဓိချင်း မတူဘူး။ သမာဓိချင်း တူပေမယ့် ဆုတောင်းချင်း မတူဘူး။

အကြံချင်းတူဦးတော့ ကျန်တဲ့ချင်းတွေ မတူလို့ တစ်ဦးနဲ့တစ်ဦး လိုက်မမီနိုင်တဲ့ အရည်အချင်းတွေ ကွာခြားကုန်ကြတာပေါ့။ ကျုပ်တို့က သဲလွန်စလမ်းကြောင်းကို ရထားပြီးကြပြီ။ ဒီသဲလွန်စလမ်းကြောင်းက ဘယ်ကိုသွားနိုင်သလဲ။ ဘယ်ကိုလာနိုင်သလဲဆိုတာကို တွက်ဆပြီး ကြိုးစားလှုပ်ရှားလိုက်ရင် အသတ်ခံရတဲ့ မိန်းကလေး အတူပါလာတဲ့အမျိုးသားဟာ ဘယ်သူဆိုတာ သိလာရမှာပဲ။ Top Star စားသောက်ဆိုင်နဲ့ စိမ်းမြကန်သာကန်ပေါင်အကြား သူတို့နှစ်ယောက် သွားလာတာကို မြင်တဲ့ မျက်မြင်သက်သေကို စုံစမ်းကြည့်ရမယ်"

"ဟုတ်တယ် ကိုခင်မောင်။ နောက်တစ်ချက်က အသတ်ခံရတဲ့ မိန်းကလေးနဲ့ သူ့အဖော်ကောင်လေးကို မြင်ဖူး၊ တွေ့ဖူးတဲ့သူတော့ ရှိမှာပါ။ ဒီမိန်းကလေး ကန်ပေါင်ပေါ်မှာ အသတ်ခံရတာကို တစ်နယ်လုံးက လူတွေက စိတ်ဝင်စားနေကြတယ်။ မနက်က ကျွန်တော် ဈေးသွားဝယ်တော့ ကုန်စုံဆိုင်ပိုင်ရှင် ဦးဗိုးချန်းက ရာဇဝတ်ကောင်ကို





ဖမ်းမမိသေးဘူးလားလို့တောင် မေးတယ်ဗျ"

"ပုလိပ်တွေ အသုံးမကျလို့ ရာဇဝတ်ကောင်ကို ဖမ်းမမိသေးဘူးဆိုပြီး အပြစ်တင်နေမှာပေါ့။ ကဲ . . . ကိုဘသိန်း နေ့လယ်စာသွားပြင်ဗျာ။ နေ့လယ်စာစားပြီးတာနဲ့ မြို့ထဲက Top Star စားသောက်ဆိုင်နဲ့ မြို့ပြင် ဂုံညှင်းဒိုးရွာက လက်ဖက်ရည်ဆိုင်ကို သွားကြမယ်"

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် Top Star စားသောက်ဆိုင်သို့ သွားရောက်စုံစမ်းရာ ထူးခြားသောသတင်းကို ထပ်မံမရခဲ့ချေ။ ထို့ကြောင့် မြို့ပြင်သို့ နှစ်ယောက်သား စကားတပြောပြောနှင့် လာခဲ့ကြ၏။ ဂုံညှင်းဒိုးရွာထိပ်မှ လက်ဖက်ရည်ဆိုင်တွင် အိုင်ပီဆွေဝင်းနှင့် အိုင်ပီ မြင့်သောင်းတို့ လက်ဖက်ရည်လာသောက်ကြသည်ကို မြင်တွေ့လိုက်ရ၍ အံ့ဩသွားမိလေ၏။

"ဟာ . . . မြန်မာက မွေးပြီး ကုလားရုပ်ပေါက်နေတဲ့ ပုလိပ်အရာရှိနှစ်ဦးက မြို့ပြင်ထွက်ပြီး သတင်းစုံစမ်းနေပါလား"

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာခဲ့ကြလေ၏။ အိုင်ပီဆွေဝင်းက ကျွန်ုပ်တို့ကို မမြင်ချင်ဟန်ဆောင်ကာ စကားပြောနေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လာဗျာ . . . ကိုဘသိန်း ဟိုထောင့်ကျကျစားပွဲမှာ သွားထိုင်ကြရအောင်"

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် ဆိုင်၏ထောင့်ကျကျစားပွဲတွင် ဝင်ထိုင်ပြီး လက်ဖက်ရည်ကိုမှာသောက်ကြလေ၏။ ထိုစဉ် ဂုံညှင်းဒိုးလက်ဖက်ရည်ဆိုင်ထဲသို့ ကျွန်ုပ်တို့အား အသတ်ခံရသည့် မိန်းကလေး၏ သတင်းကို ပေးသော ရွာသားဝင်လာပြီး ကျွန်ုပ်တို့စားပွဲဝိုင်းသို့ လာထိုင်လေ၏။

"ဆရာတို့ဆီကို ကျွန်တော် လာတော့မလို့။ အသတ်ခံရတဲ့ ကောင်မလေးနဲ့ တွဲသွားတဲ့ကောင်လေးက ရေကျော်ရွာက ဆရာ။ ဒီကောင်လေးက ဂုံညှင်းဒိုးရွာ နွားပွဲဈေးကို အမြဲလာတတ်တယ်"

"ဟာ . . . အခုလိုသိရတာ ဝမ်းသာလိုက်တာ။ ကောင်လေးရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြပေးပါဦး"

ရွာသားက ပြောပြသမျှကို လက်သီးခင်မောင်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း နားထောင်နေလေ၏။

"အဲ့ဒီကောင်လေးရဲ့ နာမည်ကိုကော မသိဘူးလား"

"ကျွန်တော် စုံစမ်းထားပါတယ် ဆရာရဲ့"





ရွာသားက တီးတိုးပြောပြသည်။ အိုင်ပီဆွေဝင်းနှင့် အိုင်ပီမြင့်သောင်းက လက်ဖက်ရည်ဆိုင်ထဲမှ ထွက်သွားကြ၏။

"ကိုခင်မောင် ဟိုလူနှစ်ယောက်တော့ ပြန်သွားကြပြီ"

"ကျုပ်က အသတ်ခံရတဲ့မိန်းကလေးနဲ့ ပတ်သက်ပြီး သဲလွန်စ သတင်းကို ဒီဆိုင်ကရတယ်ဆိုပြီး အရေးပိုင်ကို ပြောပြတော့ သူတို့နှစ်ယောက်က ဒီဆိုင်ကိုလာပြီး စုံစမ်းနေတာဖြစ်မှာပေါ့"

"ဆိုင်ထဲကထွက်သွားတဲ့လူနှစ်ယောက်က ဘယ်သူတွေလဲ ဆရာ"

ရွာသားက မေးလေ၏။

"သူတို့က ကျုပ်တို့အရေးပိုင်ရုံးက ပုလိပ်အရာရှိတွေပဲ"

"အဲ့ဒီလူနှစ်ယောက် ဒီဆိုင်ကို တစ်နေ့နှစ်ခါ လက်ဖက်ရည်လာသောက်တာ မြင်မိတယ်"

"အသတ်ခံရတဲ့မိန်းကလေးနဲ့ ပတ်သက်ပြီး သတင်းစုံစမ်းဖို့ လာနေကြတာ"

"ဪ . . . ဒီလိုကိုး"

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် ရွာသားနှင့် ဟို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း သည့်အကြောင်း ပြောဆိုနေကြပြီး မိုးချုပ်ခါနီးမှ အိမ်သို့ ပြန်လာခဲ့ကြလေ၏။

× × ×

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် အပတ်စဉ်အင်္ဂါနေ့တိုင်းရှိသည့် ဂုံညှင်းတိုးရွာနွားပွဲသို့လာပြီး အသတ်ခံရသည့်မိန်းကလေးနှင့် အတူပါလာသည်ဆိုသော ရေကျော်ရွာသား စားနေကျ မုန့်ဟင်းခါးဆိုင်မှ စောင့်နေမိကြ၏။ သီတင်းသုံးပတ်ကြာသည့်အထိ စောင့်ကြည့်နေခဲ့၏။ ဘာမှအကြောင်းမထူးသေး။

သီတင်းလေးပတ်မြောက်သောနေ့တွင် ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့က ဂုံညှင်းဒိုးရွာ နွားပွဲဈေးမှ မုန့်ဟင်းခါးဆိုင်တွင်ထိုင်ကာ ရေနွေးကြမ်းသောက်နေမိကြသည်၊ လက်သီးခင်မောင်သည် နွားပွဲဈေးသို့ လာသူများကို အကဲခတ်နေ၏။

"ဟိုးတစ်နေ့က ကျုပ်တို့ရွာထဲက ကိုမြအောင်ရဲ့နွားထီးကြီး ရုတ်တရက် လဲသွားပြီး ပါးစပ်ကအမြှုပ်နဲ့ သားရေတွေကျနေလို့ ကျုပ်ကို လာခေါ်တယ်။ ပါးစပ်တစ်ခုလုံး ပြာနေတယ်၊ ဘယ်လိုဖြစ်တာလဲ မေးကြည့်တော့ မျှစ်စိမ်းတွေ စိမ်ထားတဲ့ရေကိုသောက်ပြီး ဖြစ်သွားတာလို့ ပြောပြတယ်။ အဲဒါ အစာအဆိပ်ဖြစ်သွားတာမှန်း သိတော့ ကျုပ်က ကိုမြမောင်ကို ခင်ပျားရဲ့နွားကို ကြက်ဥအစိမ်းငါးလုံး ဖောက်ပြီး ဆီ (၄၀) ကျပ်သားနဲ့ ရောတိုက်နိုင်းလိုက်တယ်။ နောက် သုံးနာရီခန့်ခြားပြီး ထန်းလျက် (၂၅) ကျပ်သားကို ရေနဲ့ကျိုတိုက်နိုင်း တယ်။ နွားက ချက်ချင်း ပြန်ကောင်းသွားတယ်။ ပိုးသတ်ဆေးလိုမျိုး အစာထဲပါသွားတာဖြစ်စေ၊ မှိုတက်နေတဲ့ အစာကို စားမိရင်ဖြစ်စေ အဆိပ်မိတဲ့ လက္ခဏာတွေ့လို့ကတော့ ဒီဆေးနည်းက အမြန်ပျောက် ကင်းစေတယ်"

လက်သီးခင်မောင်က ကောက်ကာငင်ကာ ပြောလိုက်သော စကားကြောင့် ကျွန်ုပ်မှာ ကြောင်အန်းအန်းဖြစ်သွားရလေ၏။ နောက်မှ လက်သီးခင်မောင်သည် ကျွန်ုပ်တို့အား တဇာယ်နွားဝယ်လာသည့် လယ်သမား၊ ယာသမားများဟု အနီးတွင်ထိုင်နေကြသောသူများ ထင်သွားရလေအောင် ပရိယာယ်ဆင်၍ ပြောသောစကားမှန်း ကျွန်ုပ် သဘောပေါက်သွားရလေ၏။

"ကျွဲနွားတွေမှာ ထောင့်တန်း(ဒေါင့်တန်း)ရောဂါဟာ နှစ်စဉ်









www.burmeseclassic.com

www.burmeseclassic.com



နှစ်တိုင်း ဖြစ်လေ့ဖြစ်ထရှိပြီး အလွန်လျင်မြန်ပြီးတော့ ကျွဲ၊ နွားတွေ အသေအပျောက်များတဲ့ ရောဂါဆိုးပဲဗျ။ အဲ့ဒီရောဂါဟာ ဘက်တီးရီးယားပိုးတစ်မျိုးဖြစ်တဲ့ BACILLUS ANTHRACIC ခေါ်တဲ့ ပိုးမွှားကြောင့် သွေးထွက်လျင်မြန်စွာ အဆိပ်ဖြစ်တဲ့ရောဂါပဲ။ ရောဂါပိုးအများဆုံးဝင်ရောက်ရာ လမ်းကြောင်းကတော့ အစာနဲ့ရေကြောင့်ဖြစ်တာ။ မြက်စိမ်း၊ ကောက်ရိုး၊ သောက်ရေတွေနဲ့အတူ အူလမ်းကြောင်းအတွင်း ပိုးမွှားတွေရောက်ရှိ သွားပြီး၊ ၎င်းကတစ်ဆင့် သွေးလမ်းကြောင်းထဲ ရောက်သွားတာ။ ခြေ၊ လက်တွေမှာ ကွဲရှနေတဲ့ဒဏ်ရာကတစ်ဆင့်လည်း ရောဂါပိုးတွေ ဝင်ရောက်နိုင်တယ်"

"ဟုတ်တယ် . . . ဒီရောဂါက ရောဂါပြင်းထန်ပြီဆိုရင်တော့ ကျွဲ၊ နွားတွေ ဦးနှောက်မှာ သွေးယိုစီးမှုဖြစ်ပြီး စားကျက် သို့မဟုတ် ချည်တိုင်မှာ ချက်ချင်းလဲကျပြီး ပါးစပ်နဲ့ နှာခေါင်းက သွေးပါတဲ့အမြှုပ်တွေ ထွက်လာတယ်။ စအိုဝက သွေးတွေထွက်တယ်၊ အသက်ရှူကျပ်ပြီး အသားတွေ တုန်ကာ သေဆုံးတာပဲ။ ရောဂါမပြင်းထန်ရင်တော့ ကျွဲ၊ နွားတွေဟာ အပူချိန် ၁၀၄ဒီဂရီဖာရင်ဟိုက်မှ ၁၀၇ ဒီဂရီဖာရင်ဟိုက်ထိ တက်လာတယ်။ ပါးစပ်အတွင်းမှာ မည်းနက် ပြာနှမ်းပြီး ခေါင်းငိုက်စိုက်





ချပြီး အသက်ရှူသံက ပြင်းထန်တယ်"

"ကျွဲ၊ နွား ထောင့်တန်းရောဂါဖြစ်ပြီး သေဆုံးသွားတဲ့ ကျွဲ၊ နွားကို ဖျက်ဆီးပြီး မစားသောက်သင့်ဘူး။ စားသောက်ရင် လူတွေကို ကူးစက်တတ်တယ်။ အမဲနာလို့ခေါ်တဲ့ အနာတွေ တစ်ကိုယ်လုံးပေါက်ပြီး အသက်သေဆုံးတတ်တယ်။ ထောင့်တန်းရောဂါကြောင့် သေဆုံးသွားတဲ့ ကျွဲ၊ နွားကို (၈)ပေအနက်ကျင်းတူးပြီး အပေါ်က မြေသား (၆) ပေထုရှိအောင် ဖို့ထားရမယ်။ ကျွဲ၊ နွားမှာ ထောင့်တန်းရောဂါ ဖြစ်နေတယ်ဆိုတာသာသိရင် သရက်ပင်က သရက်ရွက် (၂၅) ကျပ်သားကို သုံးခွက်တစ် ခွက်တင် ကျိုချက်ပြီး တိုက်ရမယ်။ ယောကျ်ားကျင်ငယ်ရည်၊ နို့ဆီဘူး တစ်ဘူး တိုက်လို့ရတယ်။ ကေရာဇ်အပင်က ကေရာဇ်ရွက် (၁၅) ကျပ်သားကို ကြေညက်အောင် ထုထောင်းပြီး ရေအေးပုလင်းကြီးတစ်ပုလင်းနဲ့ ရောစပ်ပြီး တိုက်ရမယ်"

"ကျွဲတွေ၊ နွားတွေ ခြေကျိုး၊ လက်ကျိုးသွားရင် ဘယ်လို ကုသရမလဲ"

"ဝင်အူပင်ရဲ့အခေါက်ကို လိုသလောက်ထုထောင်းပြီး ကျပ်စည်းပေးရမယ်။ ရေနဲ့ မကြာခဏ ဆွတ်ပေးရမယ်။ တစ်ပတ်တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



လဲပေးရင် တစ်လလောက်အကြာမှာ အရိုးပြန်ဆက်သွားတယ်"

"ကျွဲ၊ နွားတွေမှာ အနာပေါက်ပြီး ငန်းမန်းလိုက်ယောင်ယမ်းနေရင်ကော"

"ပန်းမှောက်ခုံအမြစ်နဲ့ မရိုးပင်အမြစ်နှစ်မျိုးကို ကျောက်ပြင်မှာ သွေးပြီး အကြမ်းပန်းကန်တစ်လုံးစာလောက် တိုက်ရတယ်။ ဝမ်းချုပ်နေရင် အဲ့ဒီနှစ်မျိုးထဲကို ဆားလက်တစ်ဆုပ်ခန့် ထည့်ပြီး တိုက်ရမယ်။ သွေးထားပြီးသားဆေးကိုပဲ အနာဝလှပ်ပြီး အနာဝန်းကျင်ယောင်ယမ်းနေတဲ့နေရာတွေကို လိမ်းပေးရမယ်။ လောက်သေရွက်ထုထောင်းညှစ်ထားတဲ့ အရည်ကို ကွမ်း၊ ကွမ်းသီး၊ ဆေး၊ ထုံး ရောထားတဲ့ ကွမ်းတံတွေးထည့်ပြီး အနာဝကို ခပ်ပျစ်ပျစ်ဆွတ်လိမ်းပေးရမယ်။ အနာငယ်ရင် တစ်ပတ်၊ အနာကြီးရင် တစ်လအတွင်းမှာ ပျောက်ကင်းသွားမယ်"

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့ ပြောနေကြသည့်စကားကို မုန့်ဟင်းခါးဆိုင်တွင် ထိုင်နေကြသည့် တောသားများက စိတ်ဝင်စားစွာ နားထောင်နေကြလေ၏။

"နွားတွေ အစာစားပျက်ပြီး တပိန်ပိန်တလိမ်လိမ်ဖြစ်နေရင်





အစာပြန်စားလာအောင် ဝဖီးလာအောင် ဘယ်လိုလုပ်ရမလဲ။ တစ်ဆိတ် သိရင် ပြောပြပါလား"

ရွာသားတစ်ဦးက လက်သီးခင်မောင်အား မေးလေ၏။ လက်သီး ခင်မောင်က ရွာသား၏မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ပြီး . . .

"နွားတွေ ဘာကြောင့်အစားပျက်တယ်ဆိုတာကို အရင်သိအောင်လုပ်ဖို့ လိုပါတယ်။ ပါးစပ်ကိုဖြဲကြည့်၊ လျှာပေါ်မှာ အနီစက်ကလေးတွေ ပေါ်နေရင် လျှာပိုးထတဲ့ရောဂါပဲ။ ရှောက်သီးတစ်လုံးကို ထက်ခြမ်းခွဲပြီး သကြားနဲ့လူး၊ နွားရဲ့လျှာကို ပွတ်တိုက်ပေးရမယ်။ နွားဟာ ခံတွင်း ပြန်ကောင်းလာပြီး အစာစားလာမယ်။ ဝဖီးလာမယ်။ ထင်ရှားတဲ့ရောဂါ ဘာမှမတွေ့ဘူးဆိုရင်တော့ ကျွန်းသားမီးသွေး၊ ဆား၊ ရေတ်သီး၊ ပိတ်ချင်း ဆတူ စုပြီး ထောင်း၊ ရေစိမ်ထား၊ အရေကြည်ကို မျက်စဉ်းခတ်ပေးရမယ်။ တောပင်စိမ်းကို ထောင်းပြီး အရည်ညှစ်ယူ၊ ဆန်ဆေးရေနဲ့ ရောပြီးတိုက်ရမယ်။ အစာကို ကောင်းမွန်စွာ ပြန်စားလာပြီး မကြာခင်မှာ ဝဖီးလာလိမ့်မယ်။ ဒါမှမရသေးဘူးဆိုရင် ဂျင်းနဲ့ ထန်းလျက်ကို ကျိုတိုက်၊ သုံးခွက် တစ်ခွက်တင် ကျိုရမှာနော်။ ပြောင်းရွက် သုံးရွက် ဆားတစ်ကျပ်သားရော ထောင်းပြီး နှံ့လိုက်ရင် အစာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်စားလာမယ်။

ဒါမှမရသေးဘူးဆိုပြန်ရင် ဆင်တုံးမနွယ် (၁၀) ကျပ်သား၊ နမ်း ဖတ် (၁၀) ကျပ်သား၊ ဆား ခုံညင်းလုံးခန့်၊ နွားတစ်ကောင်အတွက် တစ်ခွက်စာပဲ။ အဲဒါကို နှစ်ရက်ခြား သုံးရက်ခြား တိုက်ပေးလိုက်ရင်တော့ ဒီနွားဟာ အစာစား ပြန်ကောင်းလာမယ်"

ဆိုင်ထဲတွင် ထိုင်နေသူများသည် လက်သီးခင်မောင် ပြောပြသည်များကို နားထောင်နေကြလေ၏။

"အစ်ကိုက နွားဝယ်မလို့လာတာလား"

ရွာသား လူငယ်က မေးလေ၏။

"ဟုတ်တယ်ကွ။ ဒါပေမယ့် အစ်ကို့စိတ်ကြိုက်နွားကို မတွေ့သေးလို့ ဘယ်သူ့ကိုမှ နွားဈေးမမေးဘူး။ စိတ်ကြိုက်နွားတွေ့တာနဲ့ ကြိုက်ဈေးပေးပြီး ဝယ်မယ်"

ထိုအချိန်တွင် မုန့်ဟင်းခါးဆိုင်ထဲသို့ လူငယ်တစ်ဦး ဝင်လာလေ၏။

"ဟဲ့ . . . ပျောက်ချက်သားကောင်းလှချည်လား။ ဒီနေ့မှ လာတာလား"





"ခရီးလွန်နေလို့"

မုန့်ဟင်းခါးဆိုင်ရှင်က လူငယ်ကို မုန့်ဟင်းခါးတစ်ပွဲ ထည့်ပြီး ချပေး၏။ လက်သီးခင်မောင်က လူငယ်ကို အကဲခတ်နေ၏။ မုန့်ဟင်းခါးဆိုင်ရှင်က လက်သီးခင်မောင်ကို လှမ်းကြည့်ပြီး ခေါင်းညိတ်ပြလေ၏။ လက်သီးခင်မောင်က ကျွန်ုပ်ကို မျက်ရိပ်ပြ၏။ ကျွန်ုပ်က ဂျာကင်အကျႌထဲသို့ လက်နှိုက်လိုက်၏။ ထို့နောက် မုန့်ဟင်းခါးစားနေသော လူငယ်၏ လက်ကို ဖမ်းဆုပ်ပြီး လက်ထိပ်ခတ်လိုက်၏။

"ဘာ . . . ဘာလုပ်တာလဲဗျ"

"ငါတို့က ပုလိပ်အဖွဲ့ကကွ"

"ဗျာ"

မုန့်ဟင်းခါးဆိုင်ထဲတွင် ထိုင်နေကြသူများ၏မျက်နှာများတွင် အံ့သြခြင်းအရိပ်အယောင်များ လွှမ်းသွားလေ၏။ ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် လူငယ်ကို အရေးပိုင်ရုံးသို့ခေါ်လာခဲ့လေ၏။

"ကျွန်တော့်ကို ဘာလို့ဖမ်းတာလဲ။ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ"

လမ်းတွင် လူငယ်ကမေးသည်။ လက်သီးခင်မောင်က



www.burmeseclassic.com

www.burmeseclassic.com



လူငယ်ကို ပခုံးဖက်၍ ခေါ်လာခြင်းဖြစ်ရာ လမ်းသွားလမ်းလာများက ရှေ့သို့ ခရီးမဆက်သေးဘဲ ရပ်ကြည့်နေကြ၏။

"စိမ်းမြကန်သာကန်ပေါင်ပေါ်မှာ မိန်းကလေးတစ်ယောက်ကို သတ်ခဲ့လို့ပဲ"

"ဟင်"

"မင်းနဲ့ကောင်မလေး ဘယ်ကိုသွားတယ်။ ဘယ်ဆိုင်မှာ စားသောက်တယ်ဆိုတာကအစ ငါတို့ သဲလွန်စရထားပြီကွ။ မင်းတို့မြို့ပေါ်က Top Star စားသောက်ဆိုင်မှာ ဘယ်စားပွဲထိုင်ပြီး စားသောက်စကား ပြောခဲ့တာကအစ ငါ ပြောရဦးမလား"

လူငယ်က တွေဝေကာ စဉ်းစားရင်း လျှောက်နေလေ၏။

"မင်းဟာ ရေကျော်ရွာသား အောင်ကျော်မဟုတ်လား"

"ဗျာ"

လက်သီးခင်မောင်က အောင်ကျော့်ကို အရေးပိုင်၏ရုံးခန်းထဲသို့ ခေါ်လာခဲ့၏၊ အရေးပိုင်က သူ့ထိုင်ခုံတွင်ထိုင်ကာ ငိုက်မြည်းနေလေ၏။ လက်သီးခင်မောင်သည် အရေးပိုင်ရှေ့မှ စားပွဲအား လက်သီးဆုပ်ဖြင့် ထုလိုက်လေ၏။





"ဒုန်း"

"အိုး . . . မိုင် . . .ဂေါ့"

အရေးပိုင် လန့်ဖျပ်သွားလေ၏။

"လူလေးခင်မောင် ဘာဖြစ်လာတာလဲ။ ဘယ်သူ့ကို ဖမ်းလာတာလဲ"

"သူဟာ စိမ်းမြကန်သာပေါ်မှာ မိန်းကလေးကို သတ်ခဲ့တဲ့ ရာဇဝတ်ကောင်ပဲ"

"သေချာရဲ့လား လူကလေး ခင်မောင်"

"ခင်မောင်က မသေချာတာဆိုရင် ဘာမှမလုပ်ဘူး"

အရေးပိုင်မစ္စတာ အေးလာစမစ်၏ မျက်နှာသည် ဝင်းလက်သွားလေ၏။ အိုင်ပီဆွေဝင်း၊ အိုင်ပီမြင့်သောင်းနှင့် အိုင်အိုကျော်တင့်တို့သည် အရေးပိုင်၏ရုံးခန်းထဲသို့ အလျင်စလို ဝင်လာပြီး အရေးပိုင်ကို အရိုအသေပြုနေကြလေ၏။

"လူကလေးတို့ ဘာဖြစ်လာကြသလဲ"

အရေးပိုင်မစ္စတာအေးလာစမစ်က သုန်မှုန်နေသောမျက်နှာအနေအထားဖြင့် မေး၏။



www.burmeseclassic.com

www.burmeseclassic.com



“အိုင်အိုခင်မောင်က လူတစ်ယောက် ဖမ်းလာတယ်ဆိုတာ သတင်းကြားလို့။ ကျွန်တော်မျိုးတို့ ထင်ထားတဲ့ရာဇဝတ်ကောင်များ ဖြစ်နေသလား လာကြည့်တာပါ”

“လူကလေးတို့က ဒီလူကို ဘာကြောင့်ရာဇဝတ်ကောင်လို့ ထင် ရတာလဲ ပြောပြပါဦး”

“ဒီလိုပါ အရေးပိုင်မင်း။ ဒီလူဟာ မိန်းကလေးကို သတ်ပြီး ထွက် ပြေးနေတာပါ”

“ကျွတ် . . . တင်ကြေးတွေနဲ့ ဘာတွေလာပြောနေတာလဲ ကိုဆွေဝင်း။ ရာဇဝတ်မှုကျူးလွန်တဲ့သူကို ကျုပ်ဖမ်းလာတော့မှ ခင်ဗျားက သိနေသယောင် လာမပြောပါနဲ့။ သူ့ကို ရာဇဝတ်ကောင်မှန်း ဘယ်လို သဲလွန်စတွေကြောင့် သိနေရသလဲ။ ကျုပ်မေးတာကို ဖြေပါ”

“ဟို . . . ဟို . . . ဟိုဒင်း”

“ဒီလူ ဘယ်ရွာမှာနေသလဲ”

အိုင်ပီဆွေဝင်း ဘာမှပြန်မပြော။

“သူ့နာမည် ဘယ်သူလဲ”

အိုင်ပီမြင့်သောင်းသည် လူငယ်၏မျက်နှာကိုသာ ကြည့်နေ





၏။

“သူ့နာမည်က အောင်ကျော်။ ရေကျော်ရွာသား၊ သူက မိန်းကလေးကို ဘာကြောင့်သတ်ရသလဲဆိုတာ အရေးပိုင်ရှေ့မှာ ထွက်ဆိုဖို့ ခေါ်လာတာ။ အောင်ကျော် မင်း အမှန်အတိုင်းပြောပါ”

အောင်ကျော်သည် အရေးပိုင်မစ္စတာအေးလာစမစ်၏ ရှေ့တွင် ခေါင်းကို ငိုက်စိုက်ချကာ ရပ်နေရင်းမှ . . .

“ဟုတ်ကဲ့ . . . ကျွန်တော် အမှန်အတိုင်းပြောပြပါတော့မယ်” ဟု တိုးတိုးညှင်းညှင်းလေး ပြောလေ၏။

× × ×

ရေကျော်ရွာသား အောင်ကျော်နှင့် မစမ်းအေးတို့က လွန်ခဲ့သော ငါးနှစ်ခန့်က သမီးရည်းစားဖြစ်ခဲ့ကြလေ၏။ အောင်ကျော်က အိုးသည်ကုန်းတွင် အိမ်ထောင်ကျသွားပေမယ့် မစမ်းအေးနှင့် အဆက်အသွယ် မပြတ်ခဲ့။ ချစ်ကြိုက်နေကြဆဲပင်။ ထိုနေ့က အောင်ကျော်သည် ဈေးသို့လာရင်း မစမ်းအေးနှင့် အမှတ်မထင် ဆုံတွေ့ကြသည်။

“ဟင် . . . မစမ်းအေး”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ကိုကျော် ရှင်က ကျွန်မကို လာတွေ့ဖော်တောင် မရှိဘူး။ အင်းလေ . . . ရှင်က မိန်းမရနေပြီဆိုတော့၊ ရပါတယ်လေ။ ကျွန်ရစ်မကို မေ့ထားပြီဆိုရတော့မယ်ပေါ့"

"စိမ်းကားတဲ့စကားတွေကို မပြောပါနဲ့ မစမ်းအေးရယ်။ မင်းကို ကိုယ် တစ်နေ့မှ မမေ့ပါဘူး။ အလုပ်တွေ သိပ်များနေလို့ မင်းဆီကို မလာဖြစ်တာပါ"

"ရှင်က ကွယ်ရင်မေ့၊ တွေ့ရင် သေအောင်လွမ်းပြတတ်တဲ့ လူစားမျိုးပါ"

"လာစမ်းပါ။ လက်ဖက်ရည်ဆိုင်ကို သွားရအောင်"

အောင်ကျော်က မစမ်းအေး၏လက်ကိုဆွဲကာ ဂုံညှင်းရွာမှ လက်ဖက်ရည်ဆိုင်သို့ ခေါ်လာခဲ့လေ၏။ လက်ဖက်ရည်သောက်ရင်း အောင်ကျော်က မစမ်းအေးကို စေ့စေ့စပ်စပ်ကြည့်သည်။ မစမ်းအေး၏ လည်ပင်းမှာ ဆွဲကြိုးကို အောင်ကျော် မြင်သွား၏။ ယခုတလော အောင်ကျော် ဖဲရှုံးပြီး အကြွေးတင်နေသည်။ မစမ်းအေးထံမှ ရွှေဆွဲကြိုးကို ချော့တောင်းပြီး ဖဲကြွေးတွေကို ဆပ်မည်ဟု အောင်ကျော် စိတ်ကူးလိုက်မိ၏။





နေ့လယ် (၁၂)နာရီကျော်တွင် အောင်ကျော်သည် မစမ်းအေးကို ခေါ်၍ မြို့ထဲသို့ လမ်းလျှောက်ပြီးခေါ်လာခဲ့၏။

"ကိုကျော်က မြို့ထဲကို ဘာသွားလုပ်မလို့လဲ၊ အသိမိတ်ဆွေတွေက စမ်းအေးတို့နှစ်ယောက်ကို မြင်သွားရင် ပြဿနာတက်နေဦးမယ်။ စမ်းအေး သိက္ခာကို စဉ်းစားပေးဦးလေ"

"ဘယ်သူမှ မမြင်နိုင်ပါဘူး မစမ်းအေးရယ်"

"ကိုကျော်က သိပ်ဖွတ်တရှတ်နိုင်တာပဲ။ မုန်းလိုက်တာ"

မစမ်းအေးက နှုတ်ခမ်းကြီးဆူကာ ပြောလေ၏။

"အေးအေးဆေးဆေး စကားပြောချင်လို့ ခေါ်တာလာပါ မစမ်းအေးရယ်။ ငါ အိမ်ထောင်ပြုလိုက်မိတာ သိပ်မှားသွားတယ်။ အိမ်ထောင်ရေးက အဆင်မပြေတော့ ငါ စိတ်လေပြီး ဟိုသည်လျှောက်သွားနေတာ ကြာပြီ။ မင်းနဲ့တွေ့ရတော့ ငါ သိပ်စိတ်ချမ်းသာတယ်"

"အဟင်း . . . ဟင်း . . . တော်စမ်းပါ။ မုသားစကားတွေ"

မစမ်းအေးက အောင်ကျော့်ကို မျက်စောင်းကလေးထိုးကာ ပြော ၏။

"တကယ်ပြောတာပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ကျော်နှင့် မစမ်းအေးတို့သည် မြို့ထဲသို့ရောက်လာကြလေ၏။ မစမ်းအေးက အသိမိတ်ဆွေများက သူတို့နှစ်ဦးကို တွေ့မြင်သွားမည်ကို စိုးရိမ်သဖြင့် ဟိုသည်ကြည့်ရင်း လျှောက်လာသည်။

"လမ်းလျှောက်လာရလို့လား မသိပါဘူး။ ဗိုက်ထဲက ဆာလိုက်တာ"

မစမ်းအေးက ဝမ်းဗိုက်ကို လက်ဖြင့်ကိုင်ရင်း ပြော၏။

"ငါတို့နှစ်ယောက် အတူတကွစားသောက်ခဲ့ကြတာတွေကို သတိရသွားလို့လား မစမ်းအေးရယ်။ ငါတော့ တွေးမိတိုင်း လွမ်းမိတယ်"

"ကျွတ် . . . သွားစမ်းပါ။ ယုံတမ်းစကားတွေပါ။ မယုံပါဘူး"

"နှစ်ယောက်သား တွေ့ရတဲ့အချိန်မှာ စိတ်ကြည်နူးချမ်းမြေ့စေမယ့် စကားတွေကို ပြောစမ်းပါကွာ"

"ဟင့်အင်း . . . မပြောနိုင်ပါဘူး"

အောင်ကျော်က မစမ်းအေးကို မြို့ထဲမှာ Top Star စားသောက်ဆိုင်သို့ခေါ်လာသည်။ နှစ်ဦးသား စားသောက်ကြရင်း အောင်ကျော်က အချိန်ဆွဲ၍ စကားပြောနေလေ၏။

"ရွာအပြန်နောက်ကျလို့ အိမ်က စိတ်ပူနေဦးမယ်"





"ငါ လိုက်ပို့ပေးပါ့မယ် မစမ်းအေးရယ်"

အချိန်က ည (၇)နာရီအချိန်သို့ ရောက်လာသည်။ အောင်ကျော်က မစမ်းအေး၏အနားသို့ တိုးကပ်ပြီး တီးတိုးပြောလေ၏။ မစမ်းအေး၏မျက်နှာသည် ရှက်သွေးဖြန်းလေ၏။ အောင်ကျော်ကရယ်နေ၏။

"သွား . . . ဘာမှန်းလဲမသိဘူး"

အောင်ကျော်နှင့် မစမ်းအေးတို့သည် Top Star စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့ကြလေ၏။ အမှောင်ထုထဲတွင် လမ်းလျှောက်ရင်း အမှတ် (၁) ရပ်ကွက်ကန်ကြီးလမ်းမှ စိမ်းမြကန်သာ ကန်ပေါင်ပေါ်သို့ လာခဲ့ကြ၏။ ကန်ပေါင်၏အမှောင်ရိပ်ထဲတွင် နှစ်ဦးသား ချစ်ကြည်နူးနေစဉ် အောင်ကျော်က မစမ်းအေး၏လည်ပင်းမှ ရွှေဆွဲကြိုးကို တောင်း၏။

"ဟာ . . . ဘယ်ဖြစ်မှာလဲ ကိုကျော်ရဲ့၊ အိမ်ကမေးရင် စမ်းအေး ဘယ်လိုဖြေမလဲ။ အိမ်ကလူတွေက စမ်းအေးကို တစ်မျိုးမြင်မှာပေါ့"

"ဈေးကိုလာရင်း ကျပျောက်သွားတယ်လို့ ပြောလိုက်ပေါ့။ ငါ အရောင်းအဝယ်တစ်ခုလုပ်မလို့။ မင်းဆွဲကြိုးထက်ကြီးတဲ့ဆွဲကြိုးကို ငါ ပြန်လုပ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝမဖြစ်နိုင်ပါဘူး ကိုကျော်ရယ်"

"ဟင်း . . . မစမ်းအေးကလဲကွာ။ ကိုကျော့်ကို မယုံဘူးလား"

"ကိုကျော့်ကို မယုံလို့ မဟုတ်ပါဘူး။ အိမ်နဲ့ပြဿနာတက်မယ့် ကိစ္စမို့ပါ"

အောင်ကျော်တွင် ငွေက တအားလိုနေ၏။ အောင်ကျော်၏ အချစ်စိတ်များ ပျောက်ကွယ်ကာ မိုက်စိတ်များ ဖုံးလွှမ်းသွား၏။ အောင်ကျော်သည် ကန်ပေါင်ပေါ်သို့ လက်ဖြင့်စမ်းကြည့်၏။ အုတ်ခဲကို သူ့လက်က ကိုင်လျက်သားဖြစ်သွား၏။ အောင်ကျော်သည် မစမ်းအေး၏ ဦးခေါင်းကို အုတ်ခဲနှင့်ထုလိုက်လေ၏။ မစမ်းအေးက နာကျင်လွန်း၍ အော်မည်ပြုစဉ် အောင်ကျော်က မစမ်းအေး၏ပါးစပ်ကို လက်ဖြင့်ပိတ်၏။ သည်နောက် မစမ်းအေး၏ ပါးစပ်ထဲသို့ အဲသင့်ပါလာသော လက်ကိုင်ပဝါကို ထိုးသွင်း၏။ မစမ်းအေးက မအော်နိုင်ဘဲ ရုန်းကန်နေ၏။ ထိုအခါ အောင်ကျော်က အသင့်ပါလာသော ဓားမြှောင်ဖြင့် မစမ်းအေး၏ရင်ဝဆီသို့ ထိုးချလိုက်၏။ မစမ်းအေးသည် ငြိမ်သက်သွားလေ၏။ အောင်ကျော်သည် မစမ်းအေး၏ လည်ပင်းမှ ရွှေဆွဲကြိုးကို ဖြုတ်ယူပြီး ရွာသို့ ဟန်မပျက် ပြန်လာခဲ့လေ၏။ ညအမှောင်တွင်ဖြစ်ခဲ့





သည့်ကိစ္စကို ဘယ်သူမှ မသိနိုင်ဟု အောင်ကျော်ထင်ထားခဲ့၏။ စိမ်းမြကန်သာကန်ပေါင်ပေါ်တွင် မိန်းကလေးတစ်ဦး အသတ်ခံရသည့် သတင်းကြားရတော့ အောင်ကျော် ပြုံးမိ၏။ မစမ်းအေး၏ ဆွဲကြိုးကို ပြည်သို့သွား၍ ရောင်း၏။ ဖဲကြွေးများကို ပေးဆပ်၏။ ပိုလျှံသောငွေဖြင့် ဖဲဝိုင်းတကာသို့သွားပြီး ဖဲကစားလေ၏။ ထိုရက်ပိုင်းအတွင်း ဖဲက နေ့ရက်ဆက်နိုင်နေ၏။ အပတ်စဉ် သွားနေကျ နွားပွဲဈေးသို့ပင် မရောက်တော့။ ဖဲနိုင်ထားသော ငွေဖြင့် နွားတစ်ရှဉ်းဝယ်ထားမည်ဟု စိတ်ကူးပြီး နွားဝယ်ဈေးသို့ လာခဲ့၏။ အမြဲစားနေကျမုန့်ဟင်းခါးဆိုင်ထဲသို့ ဝင်ပြီး မုန့်ဟင်းခါးစားမိတော့မှ . . .

× × ×

"ကျွန် . . . ကျွန်တော့်မှာ အပြစ်ရှိပါတယ်"

အောင်ကျော်၏အသံသည် ဆို့နစ်နေလေ၏။

"ကျွန်တော့်မိန်းမက မကြာခင်မှာ မီးဖွားတော့မှာမို့ စိတ်မကောင်း ဖြစ်မိတယ်။ ဒီရာဇဝတ်မှုအတွက် ကျွန်တော် ကြိုးစင်တက်ရမှာကို သိပါတယ်။ ကျွန်တော် ပိပိရိရိသတ်ခဲ့တဲ့လူသတ်မှုကို ဖော်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်နိုင်တဲ့ ပုလိပ်အရာရှိကိုတော့ လေးစားမိပါတယ်"

ကျွန်ုပ်က အောင်ကျော်၏ ဖြောင့်ချက် (ပြစ်မှုကျူးလွန်ခဲ့ပုံကို ဝန်ခံချက်) အား လိုက်လံရေးမှတ်နေသည်မို့ အောင်ကျော်၏စကား ဆုံးသည်နှင့် ဖြောင့်ချက်စာရွက်ကို အရေးပိုင်မစ္စတာအေးလာစမစ်ထံ သို့ ပေးလိုက်လေ၏။

"ကဲ . . . လူကလေး ဆွေဝင်း သူ့ကို ထောင်ကြီးချုပ်ကို သွားပို့ပါ။ ကျွန်ုပ် ပုလိပ်မင်းကြီးဆီကို လူသတ်သမားကို ဖမ်းမိတဲ့ အကြောင်း သတင်းပို့ရဦးမယ်"

"ကောင်းပါပြီ အရေးပိုင်မင်း"

အိုင်ပီဆွေဝင်းသည် အောင်ကျော်၏အကျီကို လည်ကုတ် နေရာမှ ကိုင်ကာ ခေါ်သွားလေ၏။ လက်သီးခင်မောင်သည်လည်း အခန်းထဲမှ ထွက်သွားလေ၏။

"လူကလေး ခင်မောင်"

လက်သီးခင်မောင်သည် ရုံးခန်း၏အပေါက်ဝတွင် ဆင်နား ရွက်တံခါးရွက်ကို ကိုင်ကာ ရပ်နေလေ၏။ နောက်သို့လှည့်ကြည့်ခြင်း အလျဉ်း မရှိ။





"ဘာလဲ အရေးပိုင်မင်း"

"သင့်ကို ကျွန်ုပ် ထိုက်ထိုက်တန်တန် ဆုချမယ်"

"မလိုပါဘူး။ ကျုပ် လစာအပြည့်ရနေတာပဲ"

လက်သီးခင်မောင်သည် အပြင်သို့ တန်းတန်းမတ်မတ် ထွက် သွားလေ၏။

× × ×

"နွားပွဲဈေးနေ့မှာ ရာဇဝတ်ကောင်ကို ဖမ်းဖို့ မုန့်ဟင်းခါးဆိုင် မှာ ထိုင်စောင့်ရင်း ရေနွေးကြမ်းသောက်နေတုန်း ကိုခင်မောင်က ကောက်ကာငင်ကာ ကျွဲ၊ နွားတွေမှာ ဖြစ်ပွားတတ်တဲ့ ရောဂါတွေနဲ့ ဘယ်လိုကုသရမယ်ဆိုတာ ဆေးနည်းတွေ ပြောပြတော့ ကျွန်တော် အံ့ဩသွားတယ်။ တကယ့်လမ်းသမား၊ ယာသမားတွေ စိတ်ဝင်တစား ဖြစ်လာအောင် ပြောနိုင်တာ ချီးကျူးစရာပဲဗျာ။ ကိုခင်မောင်က တော သားစစ်စစ်မို့ ဒါတွေ သိနေတာလား"

ကျွန်ုပ်၏စကားကြောင့် လက်သီးခင်မောင်က ရယ်နေ၏။

"ကျုပ် ငယ်ငယ်တုန်းက ကျုပ်အဘိုးပြောပြထားတာတွေကို



www.burmeseclassic.com

www.burmeseclassic.com



သတိရပြီး ဆိုင်ထဲမှာရှိနေတဲ့လူတွေ ကျုပ်အပေါ် အာရုံစူးစိုက်လာအောင် လုပ်လိုက်ရတာပဲ။ ဒါမှ သူတို့က ကျုပ်တို့စိမ်ယောက်ကို တာကယ်နွားဝယ်ဖို့ လာတဲ့သူတွေလို့ ယုံကြည်သွားမှာပေါ့။ ကျုပ်က တောသားတွေ စိတ်ဝင်စားအောင် ပြောဆိုနေတုန်း အောင်ကျော်က ဆိုင်ထဲကို ဝင်လာတာကို မြင်တယ်လေ။ ကျွဲ၊ နွားတွေမှာ အသည်းကြီးရင်ကားရောဂါဆိုတာ ဖြစ်တတ်သေးတယ်၊ သရက်ရွက်ယောင်တဲ့ ရောဂါပေါ့ဗျာ။ အဲ့ဒီ ရောဂါဖြစ်ရင် ကျွဲ၊ နွားတွေဟာ နားရွက်အေးမယ်၊ ဒူးပိုင်း၊ ရင်ပိုင်း အေးမယ်၊ ဗိုက်ကားလာမယ်၊ အဲဒါဆိုရင် နူထ္ထာ (၂)ပဲသားနဲ့ ပျားရည်လက် ဖက်ရည်ပန်းကန်တစ်ဝက် ရော၊ ရေနွေးနဲ့ သင့်ရုံစပ်ပြီး တစ်နေ့နှစ်ကြိမ် တိုက်ပေးရမယ်။ နောက်တစ်နည်းက ဆေးရွက်ကြီး (၃)ရွက်ကို ထန်းလျက် (၃)လုံးနဲ့ ရေသင့်တင့်ရုံထည့်ကျို့ပြီး တိုက်လည်းရတယ်။ ခင်ဗျား ဗဟုသုတရအောင် ကျုပ် ပြောထားတာ။ လယ်သမား၊ ယာသမားတွေဟာ လယ်ယာနဲ့ပတ်သက်တဲ့ ထွန်ရေးပညာ၊ လယ်ယာလုပ်ငန်းမှာ မိမိနဲ့ တွဲဖက်ဆောင်ရွက်ပေးတဲ့ ကျွဲ၊ နွားတွေနဲ့ ပတ်သက်တဲ့ရောဂါ ဆေးနည်းတွေကိုတော့ သိထားသင့်တာပေါ့"



"ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရပြီးတဲ့အခါကျရင် ကျွန်တော်က လယ်အလုပ် ယာအလုပ်နဲ့ အသက်မွေးဖို့ စိတ်ကူးထားသူဆိုတော့ ကျွန်တော့်အတွက် ပညာရအောင် ပြောပြပါဦး ကိုခင်မောင်ရယ်"

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် ဈေးလမ်းမှ မာမွတ်ဘိုင်၏ လက်ဖက်ရည်ဆိုင်တွင် ထိုင်ကာ လက်ဖက်ရည်သောက်ရင်း စကားလက်ဆုံကျနေကြခြင်းဖြစ်လေ၏။ အရေးပိုင် မစ္စတာအေးလာဗမ်က ပုလိပ်မင်းကြီးရုံးသို့ သွားနေသည်ဖြစ်ရာ ကျွန်ုပ်တို့ ပုလိပ်အရာရှိများသည် စိတ်လက်ပေါ့ပါးစွာဖြင့် နေကြလေ၏။ လက်သီးခင်မောင်ကဲ့သို့ မျက်နှာဖြူပုလိပ်အရာရှိများကို ဂရုမစိုက်သူအဖို့မှာကား ဆိုဖွယ်ရာမရှိတော့ချေ။

"အရေးပိုင်က ရာဇဝတ်မှုက ရာဇဝတ်ကောင်ကို ဖမ်းဆီးထောင်ချနိုင်တာနဲ့ သူ့အဘပုလိပ်မင်းကြီးဆီကို သွားပြီး အကြွားပိုတော့တာပဲ"

"အရေးပိုင်နဲ့အတူ ဟိုလူ အိုင်ပီဆွေဝင်း ပါသွားတယ်ဗျ"

"ရာဇဝတ်ကောင်ကို သူကိုယ်တိုင် ဖမ်းဆီးတယ်ထင်အောင်

www.burmeseclassic.com



လုပ်တာနေမှာပေါ့။ ကျုပ် တစ်ခါက ပြောဖူးတဲ့ အနှစ်မရှိတဲ့ ကသစ်ပင် ခြောက်လိုလူစားပါဗျာ"

"ကိုခင်မောင် ပြောတာ အမှန်ပဲဗျို့"

"ခုနက ကျုပ်တို့ပြောနေတဲ့စကားမှ အနှစ်သာရရှိတာဗျ"

"လယ်သမားတွေဟာ လေမိုးမျှတပြီး စပါးတွေ၊ ပိုးမွှားအန္တရာယ်ကင်းအောင် လယ်ထဲရောက်တာနဲ့ မေတ္တာပို့ရတယ်။ ဂါထာရွတ်ဆိုရတယ်"

"ဘယ်ဂါထာလဲဗျ"

လက်သီးခင်မောင်က အောက်ပါဂါထာကို အသံနေ အသံထားဖြင့် ရွတ်ဆိုပြလေ၏။

"အသမံ သဗ္ဗသတ္တာနံ
တာဏံ လေဏံ ပရာယနံ
သံသာရ ဘယ သီတာနံ
လောကာနုဂ္ဂါ နမာမဟံ"

"အဲဒီဂါထာကို စာရွက် ဒါမှမဟုတ် ကျီးမနားတဲ့ထန်းရွက်မှာရေးပြီး လယ်ယာပိုင်နက်ရဲ့လေးထောင့်မှာ ဆွဲထားရင် ပိုးမွှားအန္တရာယ်





ကင်းပြီး အပင်အပွင့်၊ အသီးသန်မာဖြစ်ထွန်းတယ်။ ဓာရဏပရိတ်တော်ကိုလည်း လယ်ထဲမှာ ရွတ်ပေးရင် ပိုကောင်းတယ်။ နွားတွေ အစားစားတာ၊ ဆီးသွားတာ၊ အိပ်တာ၊ နားရွက်လှုပ်၊ အမြီးလှုပ်တာကအစ အမြဲသတိထားနေရမယ်။ အစာမစားတဲ့နွား အစာစားလာအောင် ကုသရမယ့် ဆေးနည်းကို စာချိုးလေးနဲ့ ရေးထားတာရှိတယ်။ နားထောင်။ မီးသွေး၊ ကျွန်းသား၊ ငရုတ်ဆား၊ ထည့်ဖြားချင်းဟုမှတ်၊ မစားအစာ နွားပိတ်မှာ မြန်စွာ မျက်စဉ်းခတ်၊ တောပင်စိမ်းရည် ဆန်ဆေးရည်ဖျော်လေ နွားကို တိုက်တဲ့ အဓိပ္ပာယ်က ကျွန်းသားမီးသွေးရယ်၊ ငရုတ်သီးရယ်၊ ဆားရယ်၊ ဂျင်းရယ် အညီအမျှစုပြီးထောင်း အဲဒါကို ပုလင်းထဲထည့်ထားပြီး နွားကို မျက်စဉ်းခတ်ပေးပေါ့။ မျက်စဉ်းခတ်တာနဲ့ နွားဟာ အာကာသတွေ ပွင့်ပြီး ပါစကမီးတောက်လာမယ်။ အစာပြန်စားလာမယ်။

နွားရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်တဲ့ ဆေးလည်း ရှိတယ်။ အဲဒါကို ရှေးပညာရှိတွေက စာချိုးလေးနဲ့ ရေးထားခဲ့တယ်။ ဆင်၊ မြင်း၊ ကျွဲ၊ နွား ဆေးလေးပါး၊ ကြိတ်ကာ ထောင်းတိုက်ကြ၊ ဆင်မြင်းမှာလည်း ဆင်မြင်းပဲ၊ ကျွဲနွားမှာလည်း ကျွဲနွားပဲ တိုက်။ ကိုဘသိန်း နား



www.burmeseclassic.com

www.burmeseclassic.com



မလည် နိုင်ဘူးဖြစ်နေတယ် မဟုတ်လား။ အဓိပ္ပာယ်က ဒီလိုဗျ။

ဆင်ဆိုတာက ဆင်သမန္တယ်၊ မြင်းဆိုတာက မြင်းစဂုံနီး၊ ကျွဲဆိုတာက ကျွဲနှာခေါင်းပင်၊ နွားဆိုတာက နွားမြက်ရင်း၊ အဲဒါကို အညီအမျှ ကြိတ်ထောင်းပြီး ဆောင်ထားရမယ်။ တစ်ခါတိုက်ရင် ဂုံညှင်းလုံးလောက်ကို ရေဖျော်ပြီး တိုက်ရမယ်။ တစ်ပတ်တစ်ကြိမ် လောက် တိုက်ရမယ်"

ထိုအချိန်တွင် ကုလားလေးများက ဆိုင်သိမ်းနေရာ ကျွန်ုပ်တို့ နှစ်ယောက်သည် လက်ဖက်ရည်ဖိုးရှင်းပြီး ဆိုင်ထဲမှ ထွက်လာခဲ့ကြ လေ၏။ လမ်းတစ်လျှောက်တွင် စကားတပြောပြောနှင့်လာကြရာ ကျွန်ုပ်က . .

"ဒီမြို့မှာလည်း လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲကြော်ဆိုင်တွေ မှန်သမျှဟာ တရုတ်၊ ကုလားဆိုင်တွေချည်းပဲ။ ကျွန်တော့်မိတ်ဆွေ ကိုလှိုင်ထွန်းဆိုတာက လက်ဖက်ရည်ဆိုင်ဖွင့်ဖို့ ကြိုးစားနေတယ်။ လက်ဖက်ရည်ဆိုင်နာမည်ကို "ဒို့မြန်မာ" လို့ပေးမယ် ပြောတယ်ဗျ။ ဒီတရုတ်၊ ကုလားတွေနဲ့ယှဉ်ပြီး ဆိုင်ဖွင့်ရမှာဆိုတော့ သူ့ဆိုင် မရောင်းရမှာကို ကျွန်တော့်မိတ်ဆွေက စိတ်ပူနေတယ်"





"ဟာ . . . ဒီအတွက်တော့ ဘာမှမပူပါနဲ့ဗျာ။ ဒီတရုတ်ကုလား တွေဆိုင်ထက် ရောင်းရမယ့်ဆိုင်ဖြစ်အောင် ကျုပ် ဆောင်ရွက်ပေး မယ်"

"ဘာလဲ ကိုခင်မောင်က မြန်မာအမျိုးသားအချင်းချင်း အားပေးဖို့ ကိုခင်မောင်က စည်းရုံးရေးလုပ်ဦးမလို့လား"

"မလုပ်ပါဘူးဗျာ။ လုပ်စရာမလိုရအောင် ဝိဇ္ဇာရေလာဘ်ခေါ် အဆောင်ကို လုပ်နိုင်ပြီး ဆိုင်ဖွင့်နိုင်းမှာဗျ"

"ဟင် . . . ဘယ်လို ဝိဇ္ဇာရေလာဘ်ခေါ်အဆောင်လဲဗျ"

"ဝိဇ္ဇာရေလာဘ်များ ဥသျှောင်ဖီးကွက်အဆောင်၊ ဖီးကွက် အဆောင်ကို စီရင်နည်းမှန်ကန်စွာ ပြုလုပ်ပြီး ဆောင်ထားရင် လာဘ် ခေါ် ဈေးခေါ်ကောင်းတဲ့နေရာမှာတော့ သူ့မတူအောင် ပါပဲ။ ဘယ် လောက်ချောင်ကျတဲ့နေရာမှာ ဖွင့်ထားတဲ့ဆိုင်ဖြစ်ပါစေ ဝယ်ယူစားသုံး သူတွေနဲ့ ပျားပန်းခတ်မျှ စည်ကားနေစေတယ်။ "စီးပွားရှာရာ ဓာတ်ရန်ပါ" ဆိုတဲ့ စကားရှိတယ်။ ဥစ္စာလိုရန်ဂြိုဟ်နေ့ဘာ ဆိုတာမျိုးပေါ့။ ကျုပ်ပြောချင်တာက ဘယ်လိုအဆောင်မျိုးမဆို သူ့ဓာတ်နဲ့ သူ တိုက်ညီအောင်တော့ စီမံပြုလုပ် ရတယ်။ ဒီလိုမဟုတ်ဘဲ အရမ်းကာ



www.burmeseclassic.com

www.burmeseclassic.com



ရော ထင်ရာစွပ်၍လုပ်နေလို့ကတော့ ဓာတ်မကိုက်ဘဲ ဓာတ်နိုက်တတ်တယ်။ ဇီးကွက်အဆောင်ဆိုတာ လာဘ်ခေါ်အဆောင်၊ စီးပွားတိုးတတ်စေမယ့် အဆောင်ပဲ။ ဇီးကွက်ဆိုတာ ဇီးဆိုတဲ့ အင်္ဂါနံနဲ့ ကွက်ဆိုတဲ့ တနင်္လာနံကို တက်ကင်းဓာတ်ခေါ်တဲ့ ရန်ဓာတ် ယူထားတာ။ မကာရလောပအကျော်ခင်ကြီးပျော်ဆရာတော်ရဲ့ လင်္ကာအရ "တစ်မည်ဓာတ်နံ၊ ပုံတူမှန်သော်၊ အားမာန်ကြီးပြင်း၊ နိုင်ကြူခြင်းကား" ဆိုသလို ဓာတ်နံအားကောင်းနေတာကြောင့် အစွမ်းအလွန်ထက်တယ်။ ဇီးကွက်အဆောင်ကို ဘယ်လိုစီရင်ရတယ်ဆိုတာ ပြောပြဦးမယ်"

ကျွန်ုပ်နှင့် လက်သီးခင်မောင်တို့သည် အိမ်တံခါးကို ဖွင့်ပြီး ဧည့်ခန်းထဲမှ သူနေရာ ကိုယ့်နေရာ ထိုင်ခုံများတွင် ထိုင်လိုက်ကြ၏။ ကျွန်ုပ်က လက်သီးခင်မောင်ပြောမည့်စကားကို နားစွင့်နေမိလေ၏။

"စစ်ကိုင်း၊ စဉ့်ကူး၊ ဇီးကုန်း၊ ခမ်းကြီး စတဲ့ အင်္ဂါနဲ့ တနင်္လာတွဲပြီးပါတဲ့ မြို့ရွာတွေက ဖောင်ချမ်းသာအသားကို အင်္ဂါနေ့ ၁၂းဝဝ နာရီမှ ၁၃းဝဝ နာရီအတွင်း ခုတ်ယူပါ။ ဇီးကွက်ရုပ်ကို အောက်ခံထားပြီး ဇီးကွက်ပေါ်က ဖော်ဂျီရုပ်ကို ဆောင့်ကြောင့်ထိုင်နေတဲ့ အနေအထားနဲ့ ဆေးကြိတ်နေသည့်ပုံသဏ္ဌာန် ဝိပြင်စွာထုလုပ်ပြီးစီးရင် ဆေးခြယ်ရ





မယ်။ ပြီးရင် ဆွဲခြင်းထဲတွင် စက္ကူခံ၍ ဝိဇ္ဇာရေလာဘ်များဉဩချင်ဇီးကါက်ကို ထည့်ပြီး ဆွဲထားရမယ်။ ဆွဲခြင်းထဲမှာ ဆယ်ပြားစေ့တွင် ထည့်ထားနိုင်ရင် ပိုပြီး ကောင်းတယ်။

အဲသလို ဇီးကွက်အဆောင်ရုပ်တုကို ပြုလုပ်ပြီးရင် ဗုဒ္ဓဘုရားရှင်ကို သစ်သီးဆွမ်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တို့ ကပ်လှူပူဇော်ပြီး သိဒ္ဓိတင်ရမယ်။ ပြီးရင် အောင်ဂါထာကို ကိုးခေါက်ရွတ်ရမယ်"

လက်သီးခင်မောင်သည် အောင်ဂါထာကို အောက်ပါအတိုင်းရွတ်ဆိုပြလေ၏။

"ဇယ စက္ကော၊ ဇယန္တော ယော၊ ဇယိတာဝေ၊ ဇယာသနေ၊
ဇယာပေသိ၊ ဇယေ သိန်၊ ဇယံ ဒေဝ၊ ဇယုတ္တရော"

"အဲဒါဂါထာပြီးရင် ဖော်နီးမန္တန်ကို ကိုးခေါက်ရွတ်ဆိုရဦးမယ်"

"ကိုခင်မောင် ဖော်နီးမန္တန်ဆိုတာက . . ."

"ရွတ်ပြမယ်လေဗျာ။ နားထောင်"

လက်သီးခင်မောင်သည် ဖော်နီးမန္တန်ကို အသံနေအသံထားဖြင့် ရွတ်ဆိုပြလေ၏။

"ဩောင်း . . . သဗ္ဗဖော်ဂျီ၊ တပသီ၊ ဝိဇ္ဇာဓိုရ်၊ ဘယဒသ



www.burmeseclassic.com

www.burmeseclassic.com



ဝီသံလံ၊ ပောတိ၊ မဟိဒ္ဓိကာ၊ နာနာသိပ္ပံ၊ နာနာရုပ်၊ နာနာဣတ္ထိ၊ နာနာမန္တံ၊ နာနာ ဉာဏံ၊ နာနာစိန္တံ၊ နာနာဘောဂံ၊ နာနာလာဘံ၊ နိပ္ပာဒေန္တု၊ ယံ ယံ ဣစ္ဆာ သမိဇ္ဈန္တု။ ဩောင်း . . . သံမှူ"

"ဒီအဆောင် ဇီးကွက်နဲ့ ဇော်ဂျီကိုကြည့်ရင် စစ်ကိုင်းစဥ့်ကူးစတဲ့ မြို့ရွာတွေက ဖောင်ချမ်းသားကို ဇီးကွက်ရုပ်ခံ၊ ဇော်ဂျီရုပ်ကို ဆောင့်ကြောင့်ထိုင်၊ ဆေးကြိတ်ပုံ ထုလုပ်၍ ဆေးခြယ်ပြီး ဆွဲခြင်းထဲ စက္ကူခံထည့် ရမယ်ဆိုတဲ့ အစီအရင်ကို ကြည့်ရင် ကက်ကင်းခတ်တွေကို ကိုးကြိမ်ထပ်ထားတာမို့ ကိုးနဝင်းကြေနေတာကို တွေ့ရမယ်။

အဲ့ဒီနောက် သိဒ္ဓိတင်ဂါထာကို ကိုးခေါက်၊ အောင်ဂါထာကို ကိုးခေါက်၊ ဇော်နှိုးမန္တန် ကိုးခေါက်တို့ကို ရွတ်ဆိုခြင်းဟာလည်း ကြွင်းကြေ၊ နဝင်းကြေဖြစ်နေပြန်တယ်။ အဲဒါတွေကြောင့် အဲ့ဒီအဆောင်ဟာ အစွမ်းထက်နေတာပဲ။ ဒီအဆောင်ကို ဆောင်ထားတဲ့အချိန်မှာ ဇော်နှိုးမန္တန်ကို မကြာခဏ ရွတ်ဆို၍ စပယ်ပန်းကို တင်ထားရင် သိသိသာသာကြီး စီးပွားတိုးတက်လာတာကို တွေ့ရမှာအမှန်ပဲ"

"ကိုခင်မောင် ပြောပြတာတွေက တကယ်စိတ်ဝင်စားဖို့ကောင်းတယ်ဗျာ။ ကျွန်တော့်မိတ်ဆွေ ကိုလှိုင်ထွန်းကို ကိုခင်မောင်နဲ့





တွေ့ဆုံပေးမယ်။ ကိုခင်မောင်က သူ့ကို ပြောပြပေးပါဗျာ။ ဒီလူက တရုတ်၊ ကုလားတွေ မြို့ပေါ်ကနေရာတိုင်းမှာ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲကြော်ဆိုင်တွေ ဖွင့်ပြီး လုပ်ငန်းဝနေတာကို မခံချင်လို့ ဖွင့်ချင်နေတာဗျ။ ကိုခင်မောင် ပြောတဲ့ ဇီးကွက်အဆောင်ကောင်းနဲ့ ဒီတရုတ်ကုလားတွေကို ပြိုင်ဆိုင်ဖွင့် ခိုင်းရမယ်"

"ရပါတယ်ဗျာ။ ခေါ်လာခဲ့ပါ။ ဇီးကွက်ပေါ်က ဇော်ဂျီဆေးကြိတ်နေဟန်ရုပ်တုကို ရွှေဆယ်မြို့ ဈေးလမ်းက ပန်းပုဆရာကြီး ဦးသိန်းမောင်ထံမှာ ကျုပ်ကိုယ်တိုင် သွားအပ်ပေးပါ့မယ်။ ဆိုင်ဖွင့်မယ့်မနက်မှာ ဇီးကွက်အဆောင်ကို ကျုပ်ကပဲ သိဒ္ဓိတင်တာတို့၊ အောင်ဂါထာ၊ ဇော်နှိုးမန္တန် ရွတ်တာတို့ကို ဆောင်ရွက်ပေးပါ့မယ်။ ပြီးတော့ လက်ဖက်ရည်ဖျော်နည်းကိုပါ သင်ပြပေးလိုက်ဦးမယ်"

"ကျွန်တော့်လူ ကိုခင်မောင်ကတော့ ပညာရပ် စုံအောင်တတ်တာကို ချီးကျူးမိတယ်ဗျာ"

"ကျုပ်က ခင်ဗျားပြောသလို ကျုပ်တို့ မြန်မာပြည်ကြီး လွတ်လပ်ရေးရသွားတဲ့အခါကျရင် ပုလိပ်မလုပ်တော့ဘူး"

"ဟင်း . . . ခင်ဗျားက ဘာလုပ်မှာလဲ။ ဘုန်းကြီးဝတ်တော့မလို့

www.burmeseclassic.com



လား"

"ဘုန်းကြီးဝတ်ချင်လည်း ဝတ်မှာပဲ။ မဝတ်ဖြစ်ရင် ဆေးဆရာ၊ ဗေဒင်ဆရာ လုပ်ပြီး ခုနစ်ရက်သားသမီးတွေရဲ့ ဝေဒနာ၊ သောက၊ ဒုက္ခတွေကို ကယ်တင်ပေးမယ်ဗျာ။ ကျုပ်တို့ မြန်မာပြည်ကြီးဟာ မကြာခင်မှာ လွတ်လပ်ရေးရတော့မယ်ဆိုတာ သိနေတယ်။ လွတ်လပ်ရေးရဖို့ ကိုလိုနီနယ်ချဲ့ကို ပြန်လည်တွန်းလှန်တဲ့အခါကျရင် ကျုပ်ဟာ ပုလိပ်ဘဝက တော်လှန်ရေးသမားဘဝ ရောက်သွားမှာ အမှန်ပဲ။ ကိုလိုနီနယ်ချဲ့ခေတ်မှာ ငွေများ တရားနိုင်ဆိုတဲ့ အယူဝါဒကို လုံးဝတွန်းလှန်ချင်လို့ ပုလိပ်အဖွဲ့ ထဲဝင်ပြီး တာဝန်ထမ်းနေတာပဲ။ လူတစ်ယောက် အသတ်ခံရပြီး သတ်တဲ့လူကို ဖမ်းမမိဘူးဆိုရင် အသတ်ခံရတဲ့သူမှာ ဘယ်လောက်နစ်နာသလဲ။ အဲဒါမျိုးကို လုံးဝမလိုလားဘူး။ သတ်သူကို ဖမ်းမိအောင် ဖမ်းချင်တယ်။ ပွန်းစားချင်တယ်။ အခုတော့ အိပ်ချင်လာပြီဗျာ"

လက်သီးခင်မောင်သည် ထိုင်ရာမှထကာ အခန်းထဲသို့ ဝင်သွားလေ၏။ ကျွန်ုပ်သည်လည်း အိမ်တံခါးကို ပိတ်ပြီး အိပ်ခန်းထဲသို့ ဝင်လာခဲ့လေသတည်း။